
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

၈၉၅.၈၃


ပညာဒီပ

လင်းနိုမိစ္ဆာဂူ/ပညာဒီပ။ – ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၁။

၁၅၃ – စာ၊ ၁၃.၅ × ၂၀ စင်တီ။

(၁) ပညာဒီပ



...ခွင့်ပြုချက်အမှတ် ၅၀၀၁၀၉၀၁၁၁။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၁၆၀၂၁၁။

ထုတ်ဝေသူ ။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

...နှင့်မျက်နှာဖုံးပုံနှိပ် ။ ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ။ ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေးလမ်း၊ ကျောက်မြောင်း၊ ရန်ကု...

# (ဒသမနှလက်ဆောင်)

➡ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးသမျှ
ကာလပတ်လုံး သတ္တဝါတို့သည်
ရယူလိုမှုနှင့် မကင်းနိုင်ကြပေ။
ထိုအထဲတွင် ဝမ်းစာနှင့် ချစ်ခြင်းမေတ္တာတို့မှာ
အများဆုံး ပါဝင်ခဲ့သော အကြောင်းအရာများဖြစ်သည်။

➡ တစ်နေရာတွင် ရယူလိုခြင်းကြောင့်
တစ်စုံတစ်ခုကို ပိုင်ဆိုင်ရရှိခဲ့သည်။
သို့သော် တစ်ချိန်ချိန်မှာတော့
ကံ၏တရားဥပဒေ(Law of karma)ကြောင့်
ပြန်လည်ပေးဆပ်ရသည်သာဖြစ်၏။

➡ အလေ့အကျင့်ဟူသည်
တိုးတက်မှုများ၏လမ်းစပင်ဖြစ်သည်။
လေ့ကျင့်ခြင်းကြောင့်
ပြီးပြည့်စုံမှုများကို ရရှိစေနိုင်ပါသည်။
(Practice makes perfect)

www.burmeseclassic.com

www.burmeseclassic.com

# ( ဒဿနလက်ဆောင် )

➡ ပညာကို ရှာဖွေရာတွင်
အတ္တကို ရှေ့တန်းတင်၍ ရှာဖွေရသော်လည်း
မိမိစိတ်ကိုတော့
အတ္တ၌ နှစ်မြှုပ်ရပ်တန့်မထားသင့်ပါပေ။

➡ နေရောင်ခြည်ကို မျက်နှာမူလျက်
အပူဒဏ်ကို ကြံ့ကြံ့ခံသောအခါ
အရိပ်သည် သင်၏နောက်ဖက်မှာ ရှိနေသည်။
အပူဒဏ် မခံချင်တော့သဖြင့်
မျက်နှာလွှဲပြီး နောက်သို့ ပြန်လှည့်တော့မှ
အရိပ်က သင့်ရှေ့သို့ ရောက်သွားခြင်း ဖြစ်ပေသည်။

➡ အသေးအဖွဲ့ကလေးများမှာ
ကြီးမားခြင်းများ၏အခြေခံပင်ဖြစ်သည်။
မည်သည့်လေ့လာသင်ယူမှုကိုမျှ
သေးဖွဲသည်ဟူ၍ ဥပေက္ခာ မပြုသင့်ပါပေ။

# ( ဒဿနလက်ဆောင် )

➡ မိမိနှစ်သက်လက်ခံလိုမှု
တစ်ဖက်တည်းကသာ
ကြည့်တတ်မြင်တတ်နေသရွေ့ကာလပတ်လုံး
မှန်ကန်သော အသိပညာ
မဖြစ်ပေါ်နိုင်ပါချေ။

➡ အခြားသူများထံမှ မေတ္တာကို ရယူလိုပါလျှင်
ဦးစွာ မိမိထံမှ မေတ္တာဓါတ်ကို
လမ်းခင်းပေးရပါလိမ့်မည်။

➡ စိတ်နှင့်ကိုယ် သင့်မြတ်မှ
အောင်မြင်မှု ရနိုင်ပေသည်။
သို့စေကာမူ ရွေးချယ်ဆုံးဖြတ်မှုကတော့ အရေးကြီးသည်
စိတ်နှင့်ကိုယ် မသင့်မြတ်သည့်အခါ
အင်္ဂုလိမာလသည် လူအများကို သတ်လေသည်။
စိတ်နှင့်ကိုယ် ပြန်လည်သင့်မြတ်တော့မှ
မကောင်းမှုကို စွန့်ပြီး ရဟန်းဘဝ ရောက်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# ( ဒသမနှလက်ဆောင် )

➡ လူတော်လူကောင်းဟူသည်
အပြစ်အနာအဆာ မရှိခြင်းအတွက်သော်လည်းကောင်း၊
မကျေနပ်စရာ အပြစ်များ မရှိခြင်းသည်လည်းကောင်း၊
ကြိုးစားအားထုတ်မှုအတွက် နှောင်တမရခြင်းများအတွက်
မိမိနှလုံးသားကို မိမိဘာသာ အာမခံချက် ပေးနိုင်သူသာ
ဖြစ်၏။

➡ လမ်းဆုံလမ်းခွဲတစ်နေရာမှ
ရွေးချယ်သောလမ်းအတိုင်း သွားပြီးမှ
မကျော်လွှားနိုင်သော ချောက်ကမ်းပါးတစ်ခု
ကာဆီးနေပါက လမ်းဆုံရှိရာသို့ ပြန်လှည့်နိုင်ပေသည်။
သင့်အတွက် ဆုံးရှုံးသွားခြင်းက အချိန်ပင် ဖြစ်သည်။

➡ ဟိန္ဒူဝါဒတွင် ဂင်္ဂါမြစ်ရေဖြင့် အပြစ်တို့ကို ဆေးကြော
ခွင့်ရှိသည်။
ခရစ်တော်ဘာသာတွင် အများတကာ၏အပြစ်မှန်သမျှ
ခရစ်တော်က ခံယူပေးသည်။
ထို့အတွက် ယုံကြည်အားကိုးမှုကိုတော့
သင့်အနေနှင့် ပေးရပေလိမ့်မည်။

BURMESE CLASSIC

## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) တိုက်ကျွဲတိုက်နွားနှင့် ဆန်းကြယ်မှုများ

အခန်း(၂) တိုက်မြွေနှင့် ဝုမ္ဘာန်နာဂတို့၏ဓလေ့ဆန်း

အခန်း(၃) ဂေါင်းခွပင် တစ္ဆေ

အခန်း(၄) လူနာကို သေအောင် ဆေးကုပေးရသောဆရာ

အခန်း(၅) တောနက်ထဲမှ ဆီးကြိုနေသောသူ

အခန်း(၆) ဝိညာဉ်မှန်း မသိသေးသည့် ဝိညာဉ်များ

အခန်း(၇) ဝိညာဉ်ဖြူလိုက်ဂူမှ အန္တရာယ်

အခန်း(၈) ဂမုန်းနက်ပင့်ကူနှင့် တိုက်မြွေ


အခန်း(၉) ဝိညာဉ်ဖြူတောင်ထိပ်မှ ထူးဆန်းသောသတ္တဝါများ

အခန်း(၁၀) မသေဆေးနှင့် သေဘေးအန္တရာယ်

အခန်း(၁၁) အသည်းနှလုံးမှ သင်ကြားပေးသော ချစ်ခြင်းမေတ္တာ


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

# တိုက်ကျွဲ တိုက်နွားနှင့် ဆန်းကြယ်မှုများ

သဘာဝမှ ဖြစ်ပေါ်လာသော သဘောသဘာဝအရ လောကကြီးဝိုင်းအတွင်း၌ အစဉ်အလာအရ အမြဲတစေ ယှဉ်ပြိုင်ရသော ပြိုင်ဘက်နှစ်ဦး ရှိပါသည်။

တစ်ဦးက သေမင်းဖြစ်ပြီး ကျန်တစ်ဦးက ဆေးဆရာပင် ဖြစ်ပေသည်။

ဆေးဆရာနှင့် သေမင်းတို့သည် ကမ္ဘာတည်သရွေ့ ပြိုင်ဘက်များ ဖြစ်ခဲ့ကြသည်။

ဆေးဆရာက နိုင်လျှင် အသက်ရှင်ခွင့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သေမင်းက နိုင်လျှင်တော့ အသက်ပေးရလေ့ရှိသည်။

လူနာတစ်ယောက်ကို သေမင်းနှင့် စစ်ခင်းယူရသောအလုပ်မှာ ဆေးဆရာတစ်ယောက်အဖို့ များစွာခက်ခဲလှသောအလုပ်ပင်ဖြစ်သည်။

သေမင်းလက်တွင်းသို့ ရောက်လုနေသည့် လူနာတစ်ယောက်ကို ဆေးဆရာတစ်ယောက်က လုယူကယ်တင်ပေးနိုင်ပါက အများက ချီးကျူးကြလေသည်။

ဆရာမနိုင်၍ အသက်ပေးလိုက်ရလျှင်တော့ မပြောသာသော်လည်း ဆေးဆရာအပေါ် အထင်သေးလေ့ရှိကြသည်။

သို့သော်လည်း ထိုကဲ့သို့ မဟုတ်ပဲ အသက်ရှင်နေပြီး သာမန်လူတစ်ယောက်ကဲ့သို့ပင် စားနိုင်သောက်နိုင် သွားနိုင်လာနိုင်သေးသော နာတာရှည် လူနာတစ်ယောက်အား ဆေးကုပေးသဖြင့် အသက်သေဆုံးသွားသောကြောင့် လူအများက အထင်မသေးရုံမက ပို၍အထင်ကြီးကာ ချီးမွမ်းခံရသောဆရာမျိုးလည်း ရှိပေသည်။

လူနာတစ်ယောက်ကို အသက်ထွက်အောင် ကုပေးသောကြောင့် လူအထင်ကြီးခံရသောဆရာမှာ အခြားသူ မဟုတ်ပေ။

ကျွန်ုပ်၏ဇာတ်လိုက်တစ်ဦးဖြစ်သူ ဦးဗန်ကောင်းပင်ဖြစ်တော့သည်။

ဦးဗန်ကောင်း ဆေးကုပေးရသောလူနာမှာ ရိုးရိုးလူနာမျိုး မဟုတ်ဘဲ ဖုတ်ဝင်နေသည့် လူနာတစ်ယောက်ပင် ဖြစ်သည်။

လူနာရှင်များက ထိုလူနာမှာ ဖုတ်ဝင်နေမှန်း ရိပ်မိကြသဖြင့် ဆရာအမျိုးမျိုးနှင့် ပြောင်းလဲကုသကြသော်လည်း ဖုတ်မထွက်နိုင်ဘဲ ရှိနေရာ ဦးဗန်ကောင်းနှင့် တွေ့သောအခါမှ ဖုတ်ရော အသက်ပါ ထွက်သွားလေတော့သည်။

သို့ကြောင့် ဆရာမနိုင်သော ဖုတ်ကောင်ကို နိုင်အောင် နှင်





ထုတ်ပေးနိုင်သော ဦးဗန်ကောင်းအား များစွာအထင်ကြီးကြခြင်းဖြစ်တော့သည်။

ထိုအဖြစ်အပျက် ဖြစ်ပွားသောနေရာမှာ ဂန့်ဂေါနယ်၌ ဖြစ်သည်။

ဂန့်ဂေါသည် မကွေးတိုင်းအတွင်းမှာ ပါဝင်သော်လည်း ချင်းတောင်တန်းများနှင့် နီးစပ်မှု ရှိလေသည်။

ဂန့်ဂေါမြို့ကို မြေပြန့်နှင့် အဆက်အသွယ် ဖြတ်တောက်ထားသော နဂါးကြီးနှစ်ကောင်ရှိသည်။

လေယာဉ်ပေါ်မှ ကြည့်လျှင် နဂါးကြီးနှစ်ကောင် ယှဉ်တွဲနေသကဲ့သို့ရှိသော ပုံတောင်ပုံညာတို့ပင်ဖြစ်သည်။

ပုလဲ ဂန့်ဂေါ မော်တော်ကားလမ်း မပေါက်ခင်က မြေပြန့်သို့ ဆင်းလိုလျှင် ကန့်လန့်ဖြတ် ကာဆီးထားသည့် ပုံတောင်ပုံညာကို ခက်ခဲစွာ ကျော်ဖြတ်သွားကြရသည်။

ဂန့်ဂေါ၏တည်နေပုံမှာ အရှေ့ဘက်တွင် ပုံတောင်၊ အနောက်ဘက်တွင် ချင်းတောင်တန်းကြီးများက ကာဆီးထားကြသည်။

မြေမျက်နှာပြင်အနေအထားမှာလည်း တောင်ဘက်မှ ပိုမြင့်ပြီး မြောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားလေသည်။

မြောက်ဘက်တွင် ကလေးမြို့နှင့် မင်းကင်းမြို့။

အရှေ့ဘက်တွင် ယင်းမာပင်မြို့နှင့် ပုလဲမြို့၊

တောင်ဘက်တွင် ပေါက်မြို့နှင့် ထီးလင်းမြို့တို့ ဝန်းရံထားသည်။

ဂန့်ဂေါသည် မောရိယ ခေါ် မြစ်သာမြစ်ကမ်း၌ တည်ရှိပြီး နယ်ပိုင်ဝန်ထောက်မင်း အုပ်ချုပ်သည့်မြို့ဖြစ်လေသည်။

ဂန့်ဂေါဆိုလျှင် ယောထည်ပုဆိုး ဂန့်ဂေါလုံချည်များကြောင့်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



လူသိများလေသည်။

ဒုတိယကမ္ဘာစစ်တွင် ဂျပန်တို့ ခံတပ်ပြုလုပ်ခဲ့သောကြောင့်လည်း လူသိပိုများခဲ့လေသည်။

ဂန့်ဂေါမြို့ တည်နေပုံမှာ လကို ကြယ်တာယာများ ဝန်းရံနေသကဲ့သို့ ကျေးရွာကြီးများက ပတ်လည်ဝန်းရံနေကြလေသည်။

ကျေးရွာအများဆုံး ရှိသောဒေသမှာ ပုံညာတောင်နှင့် ချင်းတောင်တန်းကြီးတို့အကြား မြစ်သာမြစ်ကမ်းတစ်လျှောက်နှင့် ကျောချောင်ဒေသတို့ဖြစ်သည်။

ကျောချောင်ဆိုသည်မှာ ပုံတောင်နှင့် ပုံညာချိုင့်ဝှမ်း ကျောချောင်းဝဲယာတစ်လျှောက်ရှိ ကျေးရွာများကို စုပေါင်းခေါ်ခြင်းဖြစ်သည်။

ဂန့်ဂေါသည် ရှေးက ရွာကြီးတစ်ရွာမျှသာ ဖြစ်ခဲ့သော်လည်း ပုလဲဂန့်ဂေါ ကားလမ်းပေါက်သွားပြီးနောက် မြို့ပြအဆင့်အတန်း တိုးတက်လာခဲ့လေသည်။

စတုရန်းမိုင်ပေါင်(၇၆၈)မိုင်၊ ကျေးရွာအုပ်စု(၇၄)အုပ်စု၊ ကျေးရွာပေါင်း(၁၁၃)ရွာ ရှိလေသည်။

ဂန့်ဂေါသည် ယခုနောက်ပိုင်း ပုလဲဂန့်ဂေါ ကားလမ်းမကြီး ပေါက်သွားပြီးသည့်နောက်ပိုင်း ရောက်လာမှ အတန်အသင့် ခေတ်မီတိုးတက်လာခဲ့သည်ဆိုရသော်လည်း ရှေးအခါကတော့ ရွာကြီးတစ်ရွာမျှသာ ရှိပေသည်။ လမ်းမကြီးများ မရှိ၊ လျှပ်စစ်မီး မရှိသောနေရာပင် ဖြစ်သည်။

သို့သော်လည်း ရှေးအခါကတည်းက ဂန့်ဂေါနှင့် ပတ်သက်ပြီး ပြည်မဘက်မှ လူများက လူသိများသောအကြောင်းနှစ်ချက်ရှိပေသည်။

တစ်ချက်မှာ ဂန့်ဂေါထည်ဟု ခေါ်ကြသည့် ယောလုံချည် ယောပုဆိုး စသည်တို့ကြောင့် ဖြစ်ခဲ့ပြီး နောက်တစ်ချက်ကတော့ စုန်း





ဘာဝေ ပညာသည်များ ပေါသည်ဟု နာမည်ကြီးလှသောကြောင့် ဖြစ်သည်။

ဂန့်ဂေါသည် ယောမြေတွင် အကြီးဆုံးမြို့လည်းဖြစ်သည်။

ဂန့်ဂေါသည် ယောနယ်၊ ဆောနယ်နှင့် အလှမ်းကွာဝေးသော်လည်း ယောနယ်မြေအတွင်းဟုပင် ထည့်သွင်းသတ်မှတ်ကြသည်။

ယောနယ် ဆောနယ်မှ လာသူဆိုလျှင် ကဝေပညာ စုန်းပညာနှင့် ပယောဂ ကုထုံးပညာများကို တတ်ကျွမ်းသူဟုပင် အားလုံးက ယူဆထားကြသည်။

ယောနယ်မှ တက်လာသောဆရာဆိုလျှင်ပင် အလိုလိုကြောက်ရွံ့နေကြပြီး စုန်း၊ ပယောဂ နိုင်နင်းသောဆရာဟုပင် ထင်ကြလေသည်။

ယောနယ်မှ ပညာသင်၍ ပြန်လာသည်ဟု ပြောပြီး ယောဆရာကြီးဟု ပြောလိုက်ရုံနှင့်ပင် များစွာအထင်ကြီး ကြောက်ရွံ့တတ်ကြလေသည်။

အင်္ဂလိပ်များ သိမ်းပိုက်အုပ်စိုးထားစဉ်အချိန်က ဂန့်ဂေါနယ်တွင် ဆေးရုံဆေးခန်းများ ဖွင့်ပေးထားသော်လည်း လာရောက်ကုသသူ မရှိသလောက် ဖြစ်ခဲ့လေသည်။

အဘယ်ကြောင့်ဆိုလျှင်. . .

ရောဂါတစ်ခုခု ဖြစ်လာလျှင် ဆေးနည်းတိုများ သုံးပြီး မိမိရွာမှ ဆရာများနှင့်သာ ကုသကြသောကြောင့် ဖြစ်ပေသည်။

အချို့ကျေးလက်များမှာ ဆရာလုပ်နေကြသူများမှာ ရောဂါအကြောင်း ကောင်းစွာနားမလည်ကြစေကာမူ ရေမန်းတစ်ခွက်၊ ဆီမန်းတစ်စက်လောက်နှင့် (၉၆)ပါးရောဂါမှန်သမျှကို ပျောက်ကင်းအောင် ကုပေးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ် ဆေးပညာကို တတ်ကျွမ်းနားလည်သောဆရာကြီးများ ရှိသော်လည်း ထိုကဲ့သို့ ဘာမှ သိပ်မတတ်သော်လည်း လူအများအထင်ကြီးမှုကို ခံယူကာ ယောဆရာအဖြစ် နာမည်ခံသူတွေလည်း များစွာရှိကြလေသည်။

ရှေးအခါက ယောနယ်မှ လာသူဆိုလျှင် အနည်းဆုံး ပြုစားတတ်သောပညာတော့ အနည်းနှင့်အများ ရှိကြသည်ဟု ဆိုပါသည်။

တစ်ခါက ယောနယ်သားတစ်ယောက်မှာ မန္တလေးမှ ယောလုံချည် လာဝယ်သော ကုန်သည်မိတ်ဆွေတစ်ယောက်နှင့် မန္တလေးမြို့သို့ အလည်လိုက်သွားလေသည်။

ထိုသူမှာ လေယာဉ်ပျံ၊ မီးရထား၊ မော်တော်ကား စသောယာဉ်များကို စီးဖူးဖို့ ဝေးစွ၊ မြင်ပင် မမြင်ဖူးသူဖြစ်သည်။

မန္တလေး ရောက်သောအခါ မော်တော်ကားများ ဥဒဟို သွားနေသည်ကို မြင်ရလေလျှင် စိတ်ထဲမှာ ရှိသည့်အတိုင်း အသံကျယ်ကျယ်ဖြင့် ပြောလိုက်လေသည်။

“ဒီပိုးတုံးလုံးကောင်နဲ့ သံစည်ပိုင်းကြီးတွေက အသက်မရှိဘဲ ဒီအတိုင်း သွားနေကြတယ်၊ ဒါ ဘာကောင်ကြီးတွေလဲဗျ”

ဟု မေးရာ အဖော်ဖြစ်သူ ပိုးကုန်သည် အများကြားလျှင် ရှက်စရာဖြစ်မည်စိုးသောကြောင့် ထွေထွေထူးထူး ရှင်းပြမနေတော့ဘဲ. . .

“တိတ်တိတ်နေပါဗျာ”

ဟုသာ ပြန်ပြောလိုက်လေသည်။

ထို့နောက် မန္တလေးမြို့ပေါ်မှ ဘုရားများကို လိုက်ပို့နေရင်းနှင့် ကောင်းကင်မှာ ပျံဝဲသွားသော လေယာဉ်ပျံတစ်စင်းကို မြင်ရသောအခါ ယောသားက မေးပြန်လေသည်။

“ဒီမှာရှိတဲ့ ငှက်ကြီးတွေက ပျူစောထီးခေတ်က ငှက်ကြီးတွေ





အတိုင်းပဲ. . . အတော်ကြီးပါလား၊ ဒါက ဘာငှက်ကြီးတွေလဲဗျ”

“တိတ်တိတ်နေပါဗျာ”

ဟု ပိုးကုန်သည်က ပြန်ပြောလိုက်သည်။

ဤသို့ဖြင့် ဧရာဝတီမြစ်ကမ်းသို့ ရောက်သွားသောအခါ မီးခိုးတလူလူဖြင့် ခုတ်မောင်းနေကြသည့် ဧရာဝတီ မီးသင်္ဘောကြီးတွေကို မြင်သောအခါ အားရဝမ်းသာ အမူအယာဖြင့် အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။

“ဟာ. . . စောစောက ကျုပ်တို့ တွေ့ခဲ့တဲ့ တိတ်တိတ်နေကြီးတွေနဲ့ အခု ရေထဲမှာ ငါးတစ်ကောင်လို သွားနေတဲ့ တိတ်တိတ်နေကြီးတွေက ပိုကြီးတယ်ဗျို့၊ ဒီငါးနဲ့ တူတဲ့ တိတ်တိတ်နေကြီးတွေက ပိုးတုံးလုံးနဲ့ တူတာတွေရော၊ ငှက်နဲ့ တူတဲ့ တိတ်တိတ်နေတွေနဲ့ ပိုကြီးသဗျ”

ဟု အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်ရာ ဆိပ်ကမ်းတစ်ဝိုက်မှာ ရှိနေသောလူများက ဝိုင်းရယ်ကြရာ ပိုးကုန်သည်မှာ များစွာ ရှက်လေသည်။

သို့ကြောင့် တစ်နေရာသို့ ခေါ်သွားပြီး အပြစ်တင်သည့်လေသံမျိုးဖြင့် ပြောသည်။

“ခင်ဗျားကို ခေါ်လာမိတာ မှားတာပဲဗျာ၊ အ,ကလည်းအ၊ နု,ကလည်းနု၊ ပညာကလည်း မရှိနဲ့. . . ခက်တဲ့လူပဲဗျာ”

“ခင်ဗျားက ကျုပ်ကို ပညာမရှိဘူးလို့ အထင်အမြင်သေးတယ်ပေါ့ ဟုတ်လား၊ ခင်ဗျားတို့ မြို့ကြီးသားတွေလိုသာ ခေတ်ပညာ မရှိရင်သာ နေမယ်၊ ကျုပ်မှာလည်း ကိုယ်တတ်တဲ့ပညာတော့ ရှိပါတယ်ဗျ”

“ဘယ်လိုပညာမျိုးလဲ ပြပါဦးဗျ”

ဟု သရော်သည့်လေသံမျိုးဖြင့် ပြောလိုက်ရာ ယောနယ်သားက တစ်စုံတစ်ခုကို ရေရွတ်ပြီး မြေပြင်ကို ခြေတစ်ချက်ဆောင့်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ပိုးကုန်သည်မှာ အကောင်းသားမှပင် မြေပေါ်သို့ လဲကျသွားလေတော့သည်။

ခဏကြာသောအခါ ဝမ်းဗိုက်ထဲမှ မခံမရပ်နိုင်အောင် အောင့်တက်လာပြီး လူးလိမ့်နေလေတော့သည်။

ထိုသို့ဖြစ်နေသည်ကို ယောနယ်သားက ပြုံး၍ကြည့်နေလေသည်။

နောက်ဆုံး ဝေဒနာ မခံနိုင်တော့ပဲ တောင်းပန်တော့မှ နောက်ထပ် ဖနောင့်တစ်ချက် ဆောင့်လိုက်တော့မှ ဝမ်းဗိုက်ထဲမှ ဆောင့်နေသော ဝေဒနာမှာ သက်သာပျောက်ကင်းသွားလေသည်။

ယောနယ်သား ဖြစ်ပါက အခြားနေရာသာ နုံချင်နုံ၊ အ,ချင်အ,မည်ဖြစ်သော်လည်း ပြုစားတတ်သော ပညာနှင့် ပတ်သက်လျှင် မည့်ကြောင်း သာဓကပြ ပြောဆိုသော အကြောင်းအရာပင် ဖြစ်ပေသည်။

ရှေးအခါက ယောနယ်ဘက်မှာ 'ယောဆရာ' ဟု အမည်ခံထားသူများတွင် သမားဂုဏ်ပြရန်အတွက် အရုပ်မျိုးစုံတို့ကို စီရင်ပြုလုပ်၍ ဆောင်ထားလေ့ရှိရာ ထိုအထဲတွင် တိုက်မြွေ၊ တိုက်နွား၊ တိုက်ကျွဲစသောသတ္တဝါများမှာ နာမည်ကြီးကြလေသည်။

တိုက်မြွေ၊ တိုက်နွား၊ တိုက်ကျွဲတို့မှာ ဆေးဖြင့် စီရင်ပြုလုပ်ထားသည့်အရုပ်များပင် ဖြစ်သည်။

သာမန်မြွေများမှ လူကို တွေ့သောအခါ အကြောင်းမဲ့ ရန်ရှာခြင်းမျိုး မပြုဘဲ အဝေးမှ ရှောင်ပြေးသွားလေ့ရှိသည်။

မလွှဲမရှောင်သာ ရင်ဆိုင်တိုးမှပင် တိုက်ခိုက်ကြသည်။

တိုက်မြွေကတော့ ထိုသို့မဟုတ်ပေ။

အတိုက်ခံရသောသူကို မတွေ့မချင်း လိုက်ရှာပြီး တွေ့သည်နှင့်





မသေမချင်း ရန်ပြုလေ့ရှိရာ သာမန်မြွေများထက် ပိုမိုကြောက်စရာကောင်းပေသည်။

တိုက်ကျွဲ တိုက်နွားများမှာလည်း ထိုအတိုင်းပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် အစီအရင်ပညာ၊ သိဒ္ဓိပေါက် ပညာရပ်များ ထွန်းကားသောနေရာ ဖြစ်ပေရာ ထိုကဲ့သို့သော အစီအရင်မျိုးများမှာ နေရာအနှံ့ ရှိလေသည်။

အနောက်နိုင်ငံများ၌ သိပ္ပံပညာ ထွန်းကားသောကြောင့် ရှေးအခါက စက္ကောမ အရုပ်များကို စီရင်ပြုလုပ်ပြီး သတ်လိုသောလူများကို သတ်ဖြတ်လေ့ရှိသည်။

မြန်မာနိုင်ငံအတွင်း အချို့အရပ်ဒေသ (ဥပမာ ယောနယ်ဒေသလိုမျိုး)မှ လူများမှာ အရုပ်တစ်ခုကို အသက်သွင်း၍ သတ်လိုသောလူကို သတ်ဖြတ်နိုင်ကြလေသည်။

ရှေးအခါက ယောနယ်သည် ထိုအတတ်ပညာများ ထွန်းကားခဲ့ရုံမက ထိုပညာရပ်များနှင့် ပတ်သက်ပြီး အဖြစ်အပျက်များစွာတို့လည်း ရှိပေသည်။ တိုက်မြွေ၊ တိုက်နွား၊ တိုက်ကျွဲ စသည်တို့နှင့် ပတ်သက်သော အဖြစ်အပျက်များမှာ ယောမြေဒေသများ၌ ဖြစ်ပေါ်မှုများ ဖြစ်ပေသည်။

ယောနယ်သည် ချင်းတောင်တန်းများ၏တောင်ခြေ၌ ရှိသောကြောင့် ဆက်စပ်မှု ရှိကြသည်။

နွေရာသီ ခြေခင်းလက်ခင်း သာသောအချိန် ရောက်သောအခါ တောင်ပေါ်မှ ချင်းလူမျိုးတို့ ဆင်းလာပြီး ယောနယ်မှ ကျွဲနွားများလာရောက်ဝယ်ယူလေ့ရှိသည်။

ထိုသို့ ဝယ်ယူရာမှာ ကျွဲနွားအစစ်များနှင့်အတူ ပညာဖြင့် စီရင်ထားသော ကျွဲနွားအချို့လည်း ပါသွားတတ်သည်။

ပညာဖြင့် စီရင်သောကျွဲနွားများမှာ သာမန်ကျွဲနွားများလောက်



www.burmeseclassic.com

www.burmeseclassic.com



ဈေးမပေးရသောကြောင့် ဝယ်သူက ဝယ်ယူလိုကြသည်။

ရောင်းသူများက ထိုကဲ့သို့ စီရင်ထားသော ကွဲနွားများကို တစ်ယောက်စ နှစ်ယောက်စ ထည့်ရောင်းလိုက်ကြသည်။

အခြားကွဲနွားများ တစ်ကောင်ကို ငါးရာလောက် ပေးဝယ်ရသည့်အချိန်မှာ စီရင်ထားသော ကွဲနွားဆိုရင် ငါးဆယ်တစ်ရာထက် ပိုမပေးရသောကြောင့် ဝယ်ယူသူများက သဘောကျသည်။

"ဒီကွဲမှ ဘာကြောင့် ဈေးလျှော့ရောင်းရတာလဲ"

အချို့က မသိသဖြင့် မေးကြသည်။

"ဒီကွဲက ခိုင်းမကောင်းဘူးဗျ၊ ပေကပ်ကပ်နဲ့မို့ ရတဲ့ဈေးနဲ့ ရောင်းပစ်တာပဲ"

ဟု ရောင်းသူက ယုတ္တိရှိအောင် ပြောသည်။

"ကိစ္စမရှိဘူး . . . ဒင်းကို ခိုင်းမရရင် နတ်တင်တဲ့အခါ ပူဇော်ပြီး ဖော်စားပစ်မယ်၊ နောက်ကို ဒီလိုကွဲနွားရရင် များများထားပေးပါ၊ ကျုပ်တို့ကတော့ ဈေးသက်သာလေ သဘောကျလေပဲ"

ဟု တောင်ပေါ်မှ လာသူများက အရိုးခံအတိုင်း ပြောကြသည်။ ထိုသို့ပြောသော်လည်း အစီအရင်ဖြင့် ပြုလုပ်ထားသော ကွဲနွားတို့ အကောင်များများတော့ ထည့်မရောင်းပေ။

ကွဲနွားအုပ်ထဲမှာမှ တစ်ကောင်စ နှစ်ကောင်စလောက်သာ ထည့်ရောင်းလေ့ရှိသည်။

ဒါကလည်း ၎င်းတို့ လိုက်နာရမည့် စည်းကမ်းတစ်ခုလည်း ဖြစ်ချင်ဖြစ်ပေလိမ့်မည်။

ထို့ပြင် ထိုသို့ စီရင်ထားသော ကွဲနွားကိုလည်း ဝယ်သူသဘောကျအောင် ပြ၍ ပြောဆိုမရောင်းရပေ။

ဝယ်မည့်သူက သူ့ဘာသာ တွေ့မြင်ပြီး သဘောကျသဖြင့် . .





"ရောင်းပါ . . . ရောင်းပါ" ဟု အတင်းပြောမှသာ ချိုသာသော ဈေးဖြင့် ရောင်းချပေးရသည်။

ဝယ်သူမနှစ်သက်ဘဲ အတင်းထိုးရောင်းမိပါက နောက်တစ်ကြိမ် အစီအရင် ပြုလုပ်သောအခါ အနှောင့်အယှက် ပေါ်ကာ မအောင်မြင်တတ်ဟု အယူရှိကြလေသည်။

အကယ်၍ ထိုကွဲများကို အရောင်းအဝယ် တည့်သွားသောအခါ ရောင်းချသူက ဝတ္တရား ရှိသည့်အတိုင်း မှာစရာရှိသည်ကို မှာလိုက်ရသည်။

"ဒီကွဲကို ခေါ်သွားရင် သတိထားပြီး ခေါ်သွားပါ၊ ကွဲသာဆိုပေမယ့် ရေအင်မတန် ကြောက်တတ်တယ်၊ သူ့ကို ခေါ်သွားရင် ချောင်းထဲ ရေထဲက ဖြတ်ဆွဲပြီး ခေါ်မသွားပါနဲ့၊ မိုးသိပ်သည်းနေရင် အပြင်ဘက်မှာ ချမခိုင်းပါနဲ့" ဟု ထူးထူးဆန်းဆန်း မှာကြားလိုက်လေသည်။

လောကတွင် ရေကြောက်သော ကွဲဟူ၍ မရှိနိုင်သော်ငြားလည်း ရိုးသားသော ချင်းတောင်သားများက ထိုစကား၏လျှို့ဝှက်အဓိပ္ပါယ်ကို မသိကြပေ။

ကွဲတစ်ကောင်ကို ဈေးပေါပေါဖြင့် ဝယ်ယူရသဖြင့် ဝမ်းသာအားရ မောင်းယူသွားကြလေသည်။

ထိုစကားအဓိပ္ပါယ်ကို နားမလည်ဘဲ အစီအရင်ဖြင့် ပြုလုပ်ထားသောကွဲကို ချောင်းထဲ ဖြတ်မောင်းမိလျှင်သော်လည်းကောင်း မိုးသည်းသည်း ရွာနေသောအချိန်မှာ အပြင်ထုတ်၍ ချခိုင်းမိသောအခါတွင် တဖြည်းဖြည်းနှင့် မူလရုပ်လုံး ပေါ်လာလေတော့သည်။

ထိုကွဲမှာ အရှင်လတ်လတ် ခြင်းကျားဖြင့် ယက်လုပ်ထားသော ကွဲအသွင်သို့ ပြောင်းသွားလေသည်။

မြို့ရွာများတွင် သကြီန်အလှူခံထွက်သောအခါ ကွဲရုပ်ကြီးများ

www.burmeseclassic.com



လုပ်ပြီး ကပြသကဲ့သို့ ထိုကျွဲမှာလည်း ခြင်းကြားကြီးကို ကျွဲတစ်ကောင် သဏ္ဌာန် ယက်လုပ်ထားပြီး အပေါ်မှ စက္ကူများကို ကော်ဖြင့် ကပ်ထားပြီး အနက်ရောင်ဆေးများ သုတ်ထားခြင်းဖြစ်ပေသည်။

ရေစိုသောအခါ ဆေးများ ပြယ်သွားပြီး ကော်ဖြင့် ကပ်ထားသောစက္ကူများ ကွာကျသွားသောအခါ ခြင်းကြားကြီး ပေါ်လာပြီး မူလကျွဲအသွင် ပျောက်သွားခြင်းပင်ဖြစ်တော့သည်။

သို့သော် အစီအရင်ဖြင့် ပြုလုပ်ထားသော တိုက်ကျွဲ မူလကျွဲအသွင်ဖြင့် ရှိနေစဉ်မှာတော့ များစွာကြောက်သည်လည်း ရှိသည်။

လူတစ်ယောက်ကို သေစေလို၍ ထိုတိုက်ကျွဲကို လွှတ်၍ တိုက်ပါက မသေမချင်း လိုက်လံခတ်သတ်လေ့ရှိသည်။

ထိုသို့ တိုက်ကျွဲအခတ်ခံရသဖြင့် သေဆုံးသွားသောသူတို့၏ အလောင်းမှာလည်း ထူးထူးခြားခြား ပျောက်သွားလေ့ရှိသည်။

အကယ်၍ ထိုတိုက်ကျွဲမှာ လူတစ်ယောက်အား ကူညီစောင့်ရှောက်ပေးရန်အတွက် စီရင်ပေးလေ့ရှိသည်။

ထိုလူ ဘေးအန္တရာယ်နှင့် ကြုံတွေ့ပါက ကူညီတိုက်ခိုက်ပေးလေ့ရှိသည်။

ဥပမာ တောထဲ သွားရင်း တောကောင်နှင့် တွေ့၍ ရန်ပြုခံရလျှင် တိုက်ကျွဲက ဝင်ရောက်ကယ်တင်ပေးတတ်လေသည်။

သာမန်ကျွဲများက တောကောင်နှင့် တစ်ကောင်ချင်း တွေ့လျှင် ကြောက်ရွံ့တတ်သော်လည်း တိုက်ကျွဲကတော့ ကြောက်ရွံ့မှု မရှိပေ။

တိုက်ကျွဲခတ်သောကြောင့် အသက်သေဆုံးကြသည့် တောကောင်များလည်း ရှိဖူးသည်။

တိုက်နွားမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်ပေသည်။

ခြင်းကြားကြီးကို နွားပုံသဏ္ဌာန် ပြုလုပ်၍ စက္ကူကပ် ဆေးသုတ်





ကာ တကယ့်နွားအစစ်နှင့်မခြား တူအောင် ပြုလုပ်ထားလေသည်။

တိုက်နွားမှာလည်း လူတစ်ယောက်ကို သေအောင် သတ်ဖို့ စေလွှတ်လိုက်ပါက မတွေ့မချင်း လိုက်ရှာပြီး တွေ့သတ်တတ်လေသည်။

အကယ်၍ ကယ်တင်ရမည့်သူဆိုလျှင်လည်း ဝင်ရောက်ကယ်တင်ပေးတတ်ပေသည်။

အထူးသဖြင့် တိုက်နွားကို အသုံးပြုသောနေရာမှာ အမှောင့်ပယောဂနှင့် မကောင်းဆိုးဝါးများကို သုတ်သင်ဖယ်ရှားသောအချိန်၌ အသုံးပြုတတ်ကြပေသည်။

တစ်ခါက ချင်းတောင်တန်းပေါ်မှာ ဖြစ်ခဲ့သော အဖြစ်အပျက်တစ်ခုကို ရေးသားဖော်ပြပေးပါမည်။

ချင်းတောင်တန်းပေါ်ရှိ ရွာတစ်ရွာမှ ရွာသားများသည် ယောနယ်ဘက်သို့ ကျွဲနွားဆင်းဝယ်ကြရာ သာမန်ကျွဲနွားများကြားမှာ တိုက်နွားတစ်ကောင် ပါလာသည်။

၎င်းတိုက်နွား ဝင်လာလျှင် အခြားကျွဲနွားများက ကောင်းစွာမနေဘဲ ဝရုန်းသုန်းကားဖြင့် ခွာရှုပ်သည့်အကောင်က ခွာရှုပ်၊ ချိုသွေးသည့်အကောင်က ချိုသွေး၊ နှာမှုတ်သည့်အကောင်က နှာမှုတ်ကြနှင့် အငြိမ်မနေကြသဖြင့် တိုက်နွားကို အခြားကျွဲနွားများနှင့် ရောနှောမထားဘဲ တစ်ကောင်တည်း ခွဲထားကြရလေသည်။

ဝယ်လာသူများကလည်း ဈေးသက်သာ၍သာ ဝယ်လာကြသော်လည်း တိုက်နွားမှန်းတော့ မသိကြပေ။

တောင်ပေါ်ပြန်ရောက်၍ အလုပ်စေခိုင်းသော်လည်း ကောင်းစွာမလုပ်ဘဲ ပေကပ်ကပ် လုပ်နေပြန်သောကြောင့် နောက်ဆုံး ဝိတ်ရှေ့ဘဲ သတ်စားလိုက်ကြလေသည်။

ထိုတိုက်နွားကို ချက်ပြုတ်စားသူများမှာ ညအချိန် ရောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ဗိုက်ထဲမှ မခံနိုင်အောင် နာပြီး ဝမ်းသွားကြလေတော့သည်။

ထိုအခါ မစင်ဖတ်များမှာ အခြားမဟုတ် နှီးစများ စက္ကူစများ ဒီအတိုင်း ပြန်ထွက်လာသည်ကို တွေ့ကြရလေရာ များစွာထိတ်လန့် ကြောက်ရွံ့မှု ဖြစ်ကြရလေတော့သည်။





# အခန်း(၂)

## တိုက်မြေနှင့် ဂမ္ဘာန်နာဂတို့ငါးစလေ့သန်း

တိုက်ကျွဲ တိုက်နွားနှင့် ပတ်သက်သော ဆန်းကြယ်မှုများ အကြောင်းကို အတန်အသင့် ရေးသားဖော်ပြပြီးသောအခါ တိုက်မြွေ နှင့် ပတ်သက်သော အကြောင်းအရာအချို့ကိုလည်း ဖော်ပြရပေဦး မည်။

တိုက်မြွေကို စီရင်ပုံမှာတော့ အမျိုးမျိုး ရှိပေသည်။

အချို့ကတော့ နှီးပြားကလေးများကို သေးသေးမျှင်မျှင် ဖြာပြီး နောက် မြွေတစ်ကောင် ပုံသဏ္ဍာန် ယက်လုပ်ကြသည်။

ပြီးသောအခါမှ စက္ကူနှင့် ကပ်ကာ လိုသောမြွေသဏ္ဍာန် ဆေး



www.burmeseclassic.com

www.burmeseclassic.com



ခြယ်၍ အသက်သွင်းကာ အသုံးပြုကြလေသည်။

အချို့အစွမ်းထက်သောဆရာများက ကြိုးတစ်စကိုပင် မြွေအသွင် ချက်ချင်းပြောင်းနိုင်ကြသည်။

မယုံကြည်သူများနှင့် တွေ့ပါက ပညာစွမ်းပြသည့်အနေဖြင့် ခေါင်းပေါင်းစ သို့မဟုတ် ခါးပတ်ကဲ့သို့ အရာတစ်ခုခုကို ထိုသူအား ခေတ္တအကိုင်ခိုင်းထားရုံနှင့် ချက်ချင်း မြွေအသွင်ပြောင်းသွားတတ်ပေသည်။

လက်ထဲမှာ ကိုင်ထားသောခါးပတ် ဒါမှမဟုတ် ခေါင်းပေါင်းစက ပျော့ပျော့အိအိနှင့် ကြောက်စရာကောင်းသော မြွေအသွင်ပြောင်းသွားသောအခါ ကြောက်ရွံ့စွာဖြင့် ဟစ်အော်ကာ ထိုမြွေကို ပြုတ်ကျသွားစေရန် အတင်းခါချသော်လည်း ထိုမြွေက ဘယ်နည်းနှင့်မှ ပြုတ်မကျဘဲ ဆရာက အမိန့်မပေးမချင်း လက်မှာ ရစ်ပတ်နေတော့သည်။

နောက်ဆုံး ဆရာကို တောင်းပန်ပြောဆိုတော့မှ ဆရာက ပြန်ယူလိုက်သောအခါ ၎င်းလက်ထဲ ရောက်သွားသည်နှင့် မူလပုံသဏ္ဌာန်အတိုင်း ခေါင်းပေါင်း ခါးပတ် စသည်တို့ ပြန်ဖြစ်သွားတတ်ပေသည်။

အဝတ်အထည်မှ မြွေဖြစ်စေသောနည်းမှာ မြန်မာဆေးပညာကျမ်းများ၌လည်း တွေ့ရှိရပေသည်။

ပရလောကအကျော် ခင်ကြီးဖျော် ရေးသားခဲ့သော 'ပဥ္စလက်လက်တွေ့ဓါတ်ကျမ်း'၌ မြွေဖြစ်စေသောနည်းကို ရေးသားဖော်ပြထားပေသည်။

(၎င်းနည်းကို ကျွန်ုပ်ရေးသားသော အခြားဝတ္ထုများ၌လည်း ဖော်ပြပေးခဲ့ဖူးသည်။

မဖတ်မိသူများအတွက် ဗဟုသုတ ရစေရန် ထပ်မံဖော်ပြပေးလိုက်ခြင်းပင်ဖြစ်သည်။)





သူ၍ အခြောက်ခံထားပါ။

မြွေကိုက်ခံရသောအခါ ထိုချက်ကို ဆန်ဆေးရေဖြင့် သွေး၍ တိုက်ပေးရာ၏။

တစ်ကြိမ်တိုက်ပေးရုံမျှနှင့်ပင် မြွေဆိပ်ပြယ်လေတော့သည်။

ကျေးလက်တောရွာများမှာ မြွေကိုက်ခံရသည်နှင့် ကြောက်ရွံ့မှုများပြီး သတိလစ်သွားသူများ ရှိတတ်ပေသည်။

ထိုသို့ သတိမေ့သွားသောအခါ အပမှီသည်ဟု အရပ်ခေလေ့ခေါ်သည့် အမှောင့်ပယောဂများ ဝင်ရောက်ပူးကပ်လေ့ရှိပါသည်။

အမှောင့်ပယောဂ ဝင်ရောက်ပူးကပ်သောအချက်ကို အနည်းငယ် ရှင်းပြပေးရန် လိုပါမည်။

ကျွန်ုပ်တို့ ပတ်ဝန်းကျင်မှာ မိမိမျက်စိဖြင့် မမြင်ရသော(မမြင်အပ်သော)ဝိညာဉ်ဟု ခေါ်သော ပရလောကသားများ ရှိပါသည်။

အကယ်၍သာ မြင်တွေ့ခွင့်ရမည်ဆိုပါက လူ့ပရိသတ်များထက် ပိုမိုများပြားပြီး ပွဲခင်းတမျှ ကြိတ်ကြိတ်တိုးနေသည်ကို တွေ့ကြရမည် ဖြစ်ပါသည်။

ဝိညာဉ်ဟု ခေါ်သည့် ပရလောကသားများသည် ပတ်ဝန်းကျင်၌ မြောက်များစွာ ရှိနေကြပေရာ ထိုအထဲတွင် မကောင်းသောမိစ္ဆာများလည်း ပါဝင်လေသည်။

လူတစ်ယောက် သေလုမျောပါးဖြင့် သတိလစ်သွားသောအခါမှာသော်လည်းကောင်း၊

ရုတ်တရက် သေဆုံးသွားချိန်မှာ ဝိညာဉ်ကင်းမဲ့သွားသော ကိုယ်ခန္ဓာထဲသို့ လျှပ်တပြက် ဝင်ပြီး ဟန်မပျက် နေတတ်ကြပေသည်။

အထက်မှာ ဆိုခဲ့သည့်အတိုင်း အဆိပ်ပြင်းသော မြွေဆိုးတစ်ကောင် အကိုက်ခံရသည်နှင့် အကိုက်ခံရသူမှာ မျက်လုံးထဲမှာ မီးဝင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်းတောက်သွားပြီး သတိလစ်သွားလေ့ရှိသည်။

ထိုအခါ ပတ်ဝန်းကျင်မှာ ရှိနေသော မိစ္ဆာဝိညာဉ်အချို့တ ဟန်မပျက် ဝင်ရောက်နေထိုင်ကြခြင်းဖြစ်ပေသည်။

ထို့အတွက်ကြောင့် အပမှီသည် ဖုတ်ဝင်သည်ဟူ၍ ဖြစ်ပေါ် လာခြင်းဖြစ်သည်။

ထိုကဲ့သို့ အမှောင့်ပယောဂ ပူးကပ်ခံရလျှင် ဆေးကုသ ခက် တတ်ကြသည်။

မြွေဆိပ်ပြေအောင် ကုနိုင်ကြစေမူ လူနာမှာ ဝင်ရောက်ပူးကပ် နေသော မိစ္ဆာဝိညာဉ်ကို ခွာထုတ်ဖို့ရန် တော်ရုံပညာမျိုးဖြင့် မနိုင်ကြပေ။

ရှေးဆရာကြီးများမှာ မြွေဆိပ်ပြယ်ဆေးများအပြင် မိစ္ဆာ ဝိညာဉ်များကို နှင်ထုတ်နိုင်သော ဆေးများကိုပါ အသုံးပြုခဲ့ကြရသည်။

မြွေကိုက်ခံရသူက ကုတော့မည်ဆိုပါက ဦးစွာ 'အပ' ဟု ခေါ် သော ပယောဂကို နိုင်သောဆေးကို အရင်ပေးရသည်။

ပြီးမှ မြွေဆိပ်ဖြေဆေးကို ပေးကြလေသည်။

ရှေးဆရာကြီးများ အသုံးပြုသော အပကို နိုင်စေသည့်ဆေးမှာ 'ငရုတ်ပြန်ဆေး' ပင်ဖြစ်သည်။

ငရုတ်ပြန် ဆိုသည်မှာ သုဿာန်သို့ မသာပို့သောအခါ အလောင်း၏လက်ထဲတွင် ငရုတ်ကောင်းစေ့ ခုနစ်စေ့ကို ထည့်ပေး လိုက်ရသည်။

သုဿာန်ရောက်၍ အလောင်းကို မြေမြှုပ်ခါနီးသောအခါ ထို ငရုတ်ကောင်းစေ့ကို ပြန်ယူထားလိုက်ရသည်။

ထိုငရုတ်ကောင်းစေ့မှာ ငရုတ်ပြန်ပင်ဖြစ်၏။

မြွေကိုက်ခံရသော လူနာနှင့် တွေ့သောအခါ အပမှီနေသည် ဖြစ်စေ မမှီသည်ဖြစ်စေ. . .





ထိုငရုတ်ကောင်းစေ့ကို ရေနှင့် သွေးပြီး လူနာမျက်စိအတွင်း သို့ မျက်စဉ်းခတ်ပေးလိုက်ပါက အပမှီနေလျှင်လည်း ချက်ချင်းထွက် သွားပြီး အပမမှီဘဲ သတိလစ်နေပါကလည်း ချက်ချင်းသတိပြန်ရလာ ဆလိမ့်မည်။

ထိုအခါမှ မြွေဆိပ်ဖြေဆေးဖြင့် ဆက်ကုကြရသည်။

သည်နေရာတွင် အစပိုင်းက ရေးသားခဲ့သော တိုက်မြွေ အကြောင်းကို ပြန်ဆက်ပါမည်။

စီရင်ထားသော တိုက်မြွေများသည် ပိုင်ရှင်ဖြစ်သူ ပညာသည် ၏စကားကို တသွေမတိမ်း နားထောင်တတ်ကြလေသည်။

ထိုပိုင်ရှင်က တစ်စုံတစ်ယောက်ကို မုန်းတီးသဖြင့် တိုက်မြွေ လွှတ်၍ အသတ်ခိုင်းသောအခါ မတွေ့တွေ့အောင် ရှာဖွေကာ အန္တရာယ်ပေးလေ့ရှိသည်။

သူ့ကို နိုင်နင်းသောဆရာနှင့် တွေ့လျှင်တော့ တော်၏။ မဟုတ်လျှင်တော့ ထိုလူမှာ တိုက်မြွေကြောင့် အသက်ဆုံးရှုံးရပေတော့ သည်။

အကယ်၍ ပညာသည်တစ်ယောက်က တိုက်မြွေတစ်ကောင် ကို စီရင်ပြီး မိတ်ဆွေတစ်ယောက်ကို လက်ဆောင်ပေးလိုက်ပါက ထိုမြွေ သည် ထိုလူ၏အသက်အန္တရာယ်ကို ကာကွယ်ပေးတတ်လေသည်။

အကယ်၍ ထိုလူကို အခြားလူတစ်ယောက်က ရန်ပြုရန် ကြံ စားသည်ဖြစ်စေ တိရစ္ဆာန်တစ်ကောင်ကောင်က ရန်ပြုလာသည်ဖြစ်စေ ထိုတိုက်မြွေက ဝင်ရောက်ကာကွယ်ပေးလေ့ရှိသည်။

တိုက်မြွေနှင့် ပတ်သက်သော ဆန်းကြယ်မှုများမှာ ယောနယ် သာမက ချင်းတောင်တန်းများနှင့် နာဂတောင်တန်းများပေါ်တွင်ပါ အသုံးပြုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့ နတ်ကိုးကွယ်သူများ ဖြစ်သောကြောင့် ထိုကဲ့သို့ အစီ အရင် ပညာများကို များစွာယုံကြည်အားကိုးကြလေသည်။ ထို့အတူ အသုံးလည်း များကြသည်။

နာဂတောင်တန်းပေါ်မှာ တိုက်မြေနှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ်ကောင်းသော အဖြစ်အပျက်အချို့ ရှိပေသည်။

တောင်တန်းများပေါ်၌ နာဂမျိုးနွယ် အများအပြား ရှိပေရာ ဂူမှာန်နာဂမျိုးနွယ်လည်း ပါဝင်လေသည်။

ငင်းမျိုးနွယ်တို့ကို ဆော်လော်နာ၊ ဆပ္ပလော်နာဂဟုလည်း ခေါ်ဝေါ်ကြသည်။

ဂူမှာန်နာဂမျိုးနွယ်တို့တွင် ထူးဆန်းသောဓလေ့တစ်ခု ရှိသည်။

ထိုနာဂမျိုးနွယ်တို့သည် အရွယ်ရောက်လာပြီး လူပျိုအပျိုဖြစ်လာသောအခါ မိမိအိမ်မှာ မနေတော့ဘဲ လူပျိုအပျိုဆောင်မှာ သွားရောက်နေထိုင်ကြသည်။ အခြားလူမျိုးနွယ်များမှာ လူပျိုဆောင်က သပ်သပ်၊ အပျိုဆောင်က သပ်သပ်ခွဲ၍ ဆောက်ထားကြသော်လည်း ငင်းတို့ကတော့ လူပျိုရော အပျိုပါ အတူတူ ပူးပေါင်းနေရန် တစ်လုံးတည်း ဆောက်ပေးထားကြသည်။

ဆော်လော်နှင့် ဆပ္ပလော်ဂူမှာန် နာဂရွာကြီးများတွင် အပျိုလူပျို အတူတကွ ပူးပေါင်းအိပ်သော အဆောင်ကြီးများ ဆောက်လုပ်ကာ အခန်းအကန့်ကလေးများ တစ်ယောက်စာ ကွပ်ပျစ်ကလေးများ သီးခြားစီ ပြုလုပ်ပေးထားလေသည်။

ထိုသို့ အခန်းကလေးများ ကွပ်ပျစ်ကလေးများတွင် အပျိုလူပျိုတို့ နှစ်ယောက်ယှဉ်တွဲကာ မိမိတို့ သင့်ရာသင့်ရာ အတွဲလိုက် အိပ်စက်ကြလေသည်။

ထိုကဲ့သို့ အိပ်စက်ကြရုံနှင့် အိမ်ထောင်ဘက် အကြင်လင်





မယားဘဝသို့ မရောက်ကြပေ။

ထိုအပျိုဆောင်မှ မိန်းကလေးသည်ပင် အခြားအဆောင်မှ ယောကျ်ားကလေးနှင့်ဖြစ်စေ၊ အခြားရွာမှ ယောကျ်ားကလေးနှင့်ဖြစ်စေ အိမ်ထောင်ဘက် ဖြစ်သွားတတ်ပေသည်။

ထို့အတူ ယောကျ်ားကလေးများမှာလည်း လူပျိုဆောင်တွင် မိမိရွာမှ မိန်းမပျိုတစ်ယောက်နှင့် အတူတွဲ၍ အိပ်စက်သော်လည်း ထိုမိန်းကလေးကို နှစ်သက်မှု ရှိချင်မှရှိပြီး အခြားအဆောင်မှဖြစ်စေ၊ အခြားရွာမှဖြစ်စေ မိန်းကလေးကို နှစ်သက်သဘောကျသဖြင့် အိမ်ထောင်ဘက် ပြုသူများလည်း ရှိသည်။

လူပျိုအပျို တစ်ဆောင်တည်းမှာ တစ်ခန်းတည်းမှာ အတူယှဉ်တွဲ၍ အိပ်စက်ကြသော်လည်း ဖူးစာဖက် ဖြစ်ချင်မှ ဖြစ်ပေသည်။

ဆော်လော် ဆပ္ပလော် လူပျိုအပျိုတို့မှာ ထိုသို့အတွဲများနှင့် အိပ်ရာမှပင် မိမိတို့ ကြိုက်နှစ်သက်ရာအဆောင်ကို သွားရောက်ပိုးပန်းလည်ပတ်ကြလေသည်။

တစ်ဆောင်တည်းမှာ အကြိုက်တွေ့လျှင်လည်း တွေ့တတ်ကြပေသည်။

ထိုသို့ အကြိုက်တွေ့သည့်အခါ မိမိချစ်သူနှင့် အတူယှဉ်တွဲ အိပ်စက်ရန် နေရာရွှေ့ချယ် စီစဉ်ရလေသည်။

ဥပမာ ယောကျ်ားလေးက မိမိချစ်နှစ်သက်သောသူ တွေ့၍ မိမိအိပ်ယာ ခေါ်လာခဲ့သော် ယခင် သူနှင့်အတူ အိပ်နေသော မိန်းကလေးက နေရာသစ် ရှာရလေသည်။

ထို့အတူ အခန်းဖော် မိန်းကလေးက ချစ်သူတွေ့၍ ခေါ်လာပါတယ်။ သူ့အဖော် ယောကျ်ားလေးက မအိပ်တော့ဘဲ အခြားနေရာသစ် ရှာရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့မလေ့မှာ လူပျိုအပျိုနှစ်ယောက် အတူအိပ်သော်လည်း ကာမဂုဏ် ခံစားလိုစိတ်တစ်ခုတည်းကြောင့် မဟုတ်ဘဲ အိမ်ထောင်မပြုမီ တစ်ဦးနှင့်တစ်ဦး နှစ်သက်မှု ရှိမရှိ သိစေရန်နှင့် ကစ်ယောက်သဘောကို ကျန်တစ်ယောက်က သိစေရန်အတွက် ဖြစ်ပေသည်။

အချို့မိန်းမပျိုကလေးများမှာ အပျိုဆောင်သို့ မသွားမီ ခါးတွင် တိုက်မြွေခါးပတ်ကြိုးစည်း၍ ယူဆောင်သွားသူလည်း ရှိသည်။

အများအားဖြင့်တော့ ထိုသို့ ယူဆောင်လေ့ မရှိကြပေ။ ယောကျ်ားကလေးတစ်ယောက်နှင့် အတူယှဉ်တွဲအိပ်ပြီး ထိုယောကျ်ားကလေးက သူမကို နှစ်သက်သဖြင့် ချစ်ခွင့်ပန်သောအခါ သူမကလည်း နှစ်သက်ပါက လက်ခံရလေသည်။

"နင် ငါ့ကို တကယ်ချစ်မှာလား"

"တကယ်ချစ်မှာပေါ့"

"မိဘတွေဆီမှာ ခွင့်တောင်းပြီး ပေါင်းသင်းမှာလား"

"ပေါင်းသင်းမှာပေါ့"

"ဒါဖြင့် ယုံကြည်အောင် သစ္စာပြုဝံ့ပါ့မလား"

"ဘာနဲ့ပြုရမှာလဲ"

ထိုအခါ သူမခါးမှာ ပတ်လာသော တိုက်မြွေခါးပတ်ကြိုးကို ဖြုတ်၍ပြသည်။

ကြိုးတစ်ချောင်းကို ကျစ်၍ အဖျားထုံးကာ မြွေတစ်ကောင်ပုံသဏ္ဍာန် ပြုလုပ်ထားသော ခါးပတ်ကြိုးပင် ဖြစ်သည်။

"ဒါ စီရင်ထားတဲ့ တိုက်မြွေခါးပတ်ကြိုးပဲ၊ နင် ငါ့ကို တစ်သက်လုံး ပေါင်းသင်းပါ့မယ်ဆိုရင် ဒီခါးပတ်ကြိုးကို ကိုင်ပြီး သစ္စာပြုပါ"

ယောကျ်ားကလေးကလည်း ထိုမိန်းကလေးကို စိတ်ထဲက တကယ်နှစ်သက်ပြီး တစ်သက်လုံး လက်တွဲထားရန် စိတ်ကူးထားသော





ကြောင့် အလွယ်တကူပင် သစ္စာပြုလေသည်။

နောက်ပိုင်း အကြောင်းမသင့်တော့သဖြင့် ထိုမိန်းကလေးနှင့် မယူဖြစ်တော့ဘဲ အခြားတစ်ဦးတစ်ယောက်နှင့် ယူသွားပါက နာဂတို့၏ မလေ့ထုံးစံအရ အပြစ်မရှိသော်လည်း ထိုတိုက်မြွေ၏လိုက်လံနှောင့်ယှက်မှုကို ခံကြရသည်။

ထိုတိုက်မြွေကြောင့်ပင် အသက်သေဆုံးသွားကြသူများလည်း ရှိလေသည်။

ထိုသို့ သေဆုံးသွားသော်လည်း လက်သည်တရားခံ မပေါ်သဖြင့် မည်သူ့ကိုမှ အရေးယူ၍ မရတော့ပေ။

အကယ်၍ မိန်းမပျိုတစ်ယောက်က ထိုတိုက်မြွေမျိုး ဆောင်ထားမှန်း သိပါက သူနှင့်အတူအိပ်မည့် ယောကျ်ားလေးအဖော် မရတော့ပေ။

အချို့က 'စုန်းမ' ဟု စွပ်စွဲကာ ဝေးဝေးမှ ရှောင်ကြဉ်ကြသောကြောင့် အိမ်ထောင်ဘက် မရကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

# ဂေါင်းခွပင် တန္တေ

သည်အခန်းမှာတော့ ရောဂါဖြစ်နေသူတစ်ယောက်ကို ပျောက်ကင်းအောင် ကုသပေး၍ မဟုတ်ဘဲ မသေသေအောင် ဆေးကုပေးခဲ့သောကြောင့် လူအများ ချီးကျူးခံရသော ဆေးဆရာကြီး ဦးဝန်တောင်းအကြောင်းကို ဆက်လက်ရေးသားရမည် ဖြစ်ပေသည်။

ဂန့်ဂေါသည် နယ်ပိုင်ဝန်ထောက် ရုံးစိုက်ရာ ရုံးခန်းဖြစ်သောကြောင့် ယောနယ်မှာတော့ အကြီးဆုံး မြို့တစ်မြို့ ဖြစ်ပေသည်။

ဂန့်ဂေါသည် မြစ်သာမြစ်၏ကမ်းနဖူးပေါ်မှာ တည်ရှိပြီး မြစ်သာမြစ် အနောက်ဘက်ရှိ လူနေအိမ်များမှာလည်း ဂန့်ဂေါနယ်နိမိတ်



www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌မြင် ပါဝင်လေသည်။

မြစ်သာမြစ်၏ အနောက်ဘက်မှာ ရှိသောရွာကို အနောက်ဂန့်ဂေါဟု ခေါ်ကြသည်။

ထိုရွာ၌ စွယ်တော်ရှင်ဘုရား ရှိသည်။

ဂန့်ဂေါကို ရွာအတော်များများက လက်ို ကြယ်များ ဝန်းရံထားသကဲ့သို့ ရှိကြလေသည်။

ထိုရွာများမှာ ဇဟောရွာ၊ လုံဟောရွာ၊ စိုင်းဒူးရွာ၊ လဘို့ရွာ၊ ရွာစည်ရွာ၊ ပိုးဦးရွာ၊ ကွမ်းစဲရွာ၊ လယ်မရွာ၊ ပြစ်မရွာ၊ ပျားရွာ၊ ရှောက်ပင်ရွာ(အောင်မြင်)၊ မကျည်းခင်ရွာ၊ ဇီးပြားရွာတို့သည် ဂန့်ဂေါနှင့် မနီးမဝေးနေရာတွင် ခြံရံလျက် ရှိကြလေသည်။

လောင်ထောင်ချောင်း၊ ညဲချောင်း၊ ပလောချောင်း၊ ဇဟောချောင်း၊ မြစ်သာမြစ်တို့သည် ဝန်းရံလျက် ရှိနေကြပေသည်။

ရှေးအခါက ဂန့်ဂေါမှ အနောက်ဂန့်ဂေါသို့ ကူးလိုလျှင် နွေအခါ ဝါးတံတား ရှိပြီး မိုးရာသီရောက်၍ ရေကြီးလာသောအခါ လှေများဖြင့် ကူးကြရသည်။

မြစ်သာမြစ်သည် နွေအခါတွင် သိမ်မွေ့စွာဖြင့် ချစ်စရာကောင်းသလောက် မိုးရာသီ ရောက်သောအခါ ရေတိုးမြန်ပြီး ရေစီးသန်သောကြောင့် ကြောက်စရာကောင်းလှလေသည်။

အထက်ပိုင်းမှ ပါလာသော ကျွန်းတုံးကြီးများကြောင့် ပို၍ အန္တရာယ်များလှလေသည်။

ရှေးအခါက ရုပ်ရှင်ကြည့်လိုလျှင် အနောက်ဂန့်ဂေါသို့ တကူးတက သွားရောက်ကြည့်ကြရသည်။

ရုပ်ရှင်ပြသောရုံက အနောက်ဂန့်ဂေါမှာသာ ရှိလေသည်။

ရုပ်ရှင်ပြချိန်မှာလည်း အလုပ်သမားများ အလုပ်သိမ်းသည့်





ည(၈)နာရီကျော်အချိန်ဖြစ်သောကြောင့် နွေရာသီမှာ သွားရတာ မထောင်းတာလှသော်လည်း မိုးရာသီလည်းဖြစ်၊ လမိုက်ညများမှာ မြစ်သာမြစ်ကို ဖြတ်ကူးပြီး ရုပ်ရှင်သွားကြည့်ရသောအလုပ်မှာ လွယ်ကူသောအလုပ်တော့ မဟုတ်ပေ။

မြစ်သာမြစ်ကို ဖြတ်ကူးပြီးသည့်တိုင် လူနေအိမ် ရှိသောနေရာသို့ ရောက်သေးသည် မဟုတ်သေးပေ။

ကမ်းစပ်မှ လူနေအိမ် ရှိသောနေရာ ရောက်အောင် တစ်မိုင်ကျော်ကျော်ခန့် လမ်းလျှောက်သွားကြရသည်။

(၂၀၀၂)ခုနှစ် မေလက စာရေးသူ သွားရောက်ခဲ့စဉ်က ကြိုးတံတား တပ်ဆင်ပြီးသောကြောင့် ဒီဘက်ကမ်းမှ ဆိုက်ကားတစ်စီးကို အော်ဒါငှား၍ အနောက်ဂန့်ဂေါမှာ ရှိသည့် မုံလယ်တောရနှင့် စွယ်တော်ရှင်စေတီသို့ အရောက်သွားခဲ့ဖူးပေသည်။

မိုးရာသီတွင် ရုပ်ရှင်ကြည့်သွားသူ အဖော်မရှိဘဲ တစ်ယောက်ချင်း နှစ်ယောက်ချင်း သွားရသောအချိန်မျိုးမှာ ထိုလမ်းခရီးသည် ချောက်ချားဖွယ် ကောင်းလှပေသည်။

လမ်းကလည်း တခြားရွေးစရာ မရှိဘဲ လှည်းလမ်းကြောင်းအတိုင်း ကွေ့ကွေ့ကောက်ကောက် သွားကြရသည်။

ဂန့်ဂေါအနောက်ဘက်သို့ သွားရာလမ်းတွင် ဂေါင်းခွပင်ကြီး တစ်ပင်ရှိသည်။

ထိုအပင်ကြီးမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်သောကြောင့် အရိုးပြိုင်းပြိုင်းထနေသော အမယ်ကြီးအိုတစ်ယောက် ခါးကုန်းပြီး ရပ်နေသည်နှင့် ပုံသဏ္ဍာန်တူလှပေသည်။

အပင်၏ပုံသဏ္ဍာန်မှာ ညအချိန်ကြည့်လျှင် လမ်းလယ်ခေါင်မှာ သရဲသဘက်ကြီး ရပ်နေသကဲ့သို့ တူလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကိုင်းအခက်များက လူတစ်ရပ်သာသာခန့်တွင် နံဘေးသို့ ဖြာထွက်နေပြီး လေတိုက်သည့်အခါ လှုပ်ယမ်းနေသောကြောင့် အနားရောက်သည်နှင့် လူကို ဖမ်းစားတော့မည့်ပုံသဏ္ဌာန် ရှိနေလေသည်။

ထိုနေရာတစ်ဝိုက်မှာလည်း အခြားသစ်ပင်ကြီးကြီးမားမား မရှိဘဲ ထိုခေါင်းခွပင်ကြီးတစ်ပင်သာ ထီးထီးရှိနေလေသည်။

ထိုဂေါင်းခွပင်မှာ သရဲခြောက်သည်ဟု နာမည်ကြီးသော သစ်ပင်ဖြစ်ပေသည်။

ထိုအပင်မှာ ရှိသော သရဲကို 'ဂေါင်းခွပင်သရဲ' ဟုပင် အရပ်မလေ့အတိုင်း ခေါ်ကြလေသည်။

ထိုအပင်အောက်သို့ အဖော်မပါဘဲ တစ်ယောက်တည်း ဝင်ရောက်ခိုနားမိပါက တစ်နည်းမဟုတ်တစ်နည်း သရဲဖမ်းစားခြင်း ခံရသည်ဟု ထင်မြင်ယူဆကြသည်။

တစ်ခါက ချင်းလူမျိုးတစ်ယောက်သည် မြစ်သာမြစ်အတွင်းမှ ငါးများ ရှာဖွေဖမ်းဆီးကာ ရသမျှသောငါးများကို နှီးကြိုးဖြင့် သီဆွဲကာ ထိုလမ်းအတိုင်း ပြန်လာလေသည်။

အချိန်မှာ နွေရာသီ ဖြစ်သောကြောင့် ပူပြင်းလှသည်။

ဂေါင်းခွပင်သို့ ရောက်သောအခါ အရိပ်အောက်မှ ဝင်နားရင်း ပါလာသော ငါးတွဲကို သစ်ပင်ကိုင်းတစ်ခုမှာ ချိတ်ထားလိုက်လေသည်။

ထိုအချိန်မှာပင် အိပ်ချင်စိတ် ပေါ်လာသောကြောင့် သစ်ပင်ကို မှီလျက် မှေးလိုက်ရာ အိပ်ပျော်သွားလေသည်။

ထိုလူမှာ ချင်းလူမျိုးဖြစ်ပြီး ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။ စုန်းတစ္ဆေသရဲများကို မယုံကြည်သည့်အပြင် သူရောက်နေသောနေရာမှာ သရဲခြောက်သည်ဟု နာမည်ကြီးလှသော ဂေါင်းခွပင် ဆိုသည်ကိုလည်း မသိပေ။





သို့ကြောင့် ငါးတွဲကို စိတ်ချလက်ချ ချိတ်ကာ အိပ်ပျော်သွားခြင်းဖြစ်သည်။

အတန်ကြာသောအခါ အိပ်ယာမှ ပြန်နိုးလာပြီး ခရီးဆက်ရန်အတွက် ချိတ်ထားသော ငါးတွဲကို လှမ်းယူလိုက်သောအခါ ငါးတွဲတစ်ခုလုံး အသားမကျန်တော့ဘဲ အားလုံးအရိုးစုချည်းသာ ကျန်တော့သည်ဟု ဆိုလေသည်။

ထိုအကြောင်းကို တွေ့သမျှ လူတို့ကို လိုက်ပြောပြရင်းမှ ဂေါင်းခွပင်အကြောင်းမှာ ပို၍နာမည်ကြီးလာပေသည်။

အချို့လည်း ညအချိန်မတော် ရုပ်ရှင်သွားကြည့်ရာမှ အပြန်*တွင် ဂေါင်းခွပင်အောက်မှ ဖြတ်ပြန်လာကြရာ အိမ်ရောက်သောအခါ ပါလာသောကလေးမှာ ကောက်ကာငင်ကာနှင့် ကိုယ်ပူတက်ကာ အော်ဟစ် ငိုကြွေးနေတော့သည်။

ထိုအခါ မိဘများက ငါး သို့မဟုတ် အသားတစ်မျိုးမျိုးကို မရရအောင် ဝယ်ယူပြီး ဂေါင်းခွပင်မှာ သွားချိတ်ပေးတော့မှ အိမ်ကကလေးနေကောင်းသွားသည်ဟုလည်း ယုံကြည်စွဲလမ်းမှု ရှိကြသည်။

နောက်ပိုင်းမှာတော့ အရောင်းအဝယ် သွားမည့်သူများ၊ ခရီးထွက်မည့်သူများမှာ မသွားမီ ဂေါင်းခွပင်သို့ သွားရောက်ပြီး ပူဇော်ပသမှုများ ပြုလုပ်ပြီးမှ ခရီးထွက်လေ့ရှိသည်။

ထိုသို့ပြုလုပ်ပြီးမှ ခရီးထွက်လျှင် ချောချောမွေ့မွေ့နှင့် အောင်မြင်မှုများ ရကြသည်ဟု ယုံကြည်လာကြသည်။

တစ်ခါမှာတော့ ဂန့်ဂေါအစွန်ပိုင်းမှာ နေသော ချင်းလူမျိုးတစ်ယောက်နှင့် မြန်မာတစ်ယောက်တို့သည် ဂေါင်းခွပင်မှာ သရဲရှိသည်မရှိဘူးဟူသောစကားကို အခြေအတင် ငြင်းခုံပြောဆိုကြလေသည်။

ချင်းလူမျိုးမှာ ခရစ်ယာန်ဘာသာဝင်ဖြစ်သောကြောင့် ထို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းများကို ယုံကြည်လက်ခံခြင်း မရှိပေ။

"မင်းတို့တတွေက တကယ်မရှိတဲ့ တစ္ဆေသရဲဆိုတာတွေကို ယုံကြည်နေကြတယ်၊ အကြောင်းမဲ့ ကြောက်လန့်နေကြတယ်၊ ငါဖြင့် အဲဒီလမ်းက သွားနေတာ အခေါက်ပေါင်းကို မနည်းတော့ဘူး၊ မင်းတို့ ပြောတဲ့ သရဲဆိုတာ တစ်ခါမှ မတွေ့ဖူးပါဘူး"

ဟု ပြောသည်။

"တစ္ဆေသရဲဆိုတာ တကယ်ရှိတယ်၊ ဒါပေမယ့် မြင်ချင်တိုင်းတော့ မြင်လို့မရဘူးပေါ့ကွာ၊ ဂေါင်းခွပင်မှာတော့ သရဲရှိတာ အမှန်ပဲ"

"အဲဒီလို ရှိကြောင်း သက်သေပြရင်တော့ ငါယုံကြည်မယ်၊ မဟုတ်ရင်တော့ မယုံကြည်ဘူး"

"ဒီလိုဆိုရင် မင်းနဲ့ငါနဲ့ အလောင်းအစား လုပ်ဝံ့မလား"

"လုပ်မယ်လေ. . . ဘယ်လိုအလောင်းအစားမျိုးလဲ"

"မင်း ဂေါင်းခွပင်အောက်မှာ တစ်ယောက်တည်း တစ်ညသွားနေရမယ်၊ မနက်လင်းတဲ့အထိ ဘာမှမဖြစ်ဘဲ ပြန်လာရင် ငါ မင်းကို ဝက်သားတစ်ပိဿာနဲ့ ကြက်တစ်ကောင် ပေးမယ်၊

တကယ်လို့ မိုးမလင်းခင် ပြန်ပြေးလာရင်တော့ မင်းက ငါ့တို့ ဝက်သားတစ်ပိဿာနဲ့ ကြက်တစ်ကောင် ပေးရမယ်. . . ဘယ့်နှယ်လဲ"

"ကောင်းတာပေါ့. . . တောထဲမှာ လိုက်ရှာရင်တောင် ဟင်းစားရဖို့ မလွယ်ဘူး၊ သစ်ပင်အောက်မှာ တစ်ညသွားနေရုံနဲ့ ဟင်းစားကောင်းကောင်း ရမယ်ဆိုတော့ ပိုပြီးကောင်းတာပေါ့၊ ငါသွားအိပ်မယ်"

ဟု ပြောကာ ချင်းအမျိုးသားက သဘောတူလေသည်။

ညနေစောင်းအချိန်ရောက်သောအခါ ဓါးတစ်လက်နှင့် ဖျာ တစ်ချောင်း ယူ၍ ဂေါင်းခွပင် ရှိရာသို့ တစ်ယောက်တည်း သွားလေသည်။





သူ့စိတ်ထဲမှာတော့ တစ်ညအိပ်ရုံနှင့် ဝက်သားတစ်ပိဿာနှင့် ကြက်တစ်ကောင် ဟင်းစားရမည်ဆိုသဖြင့် များစွာသဘောကျနေလေသည်။

သစ်ပင်အောက်မှာ တစ်ယောက်တည်း ထိုင်နေစဉ် ညဦးပိုင်းအချိန်မှာပင် လူသွားလူလာ မရှိတော့ပေ။ အမှောင်ထုကလည်း ဖုံးလာပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်ကို မမြင်ရတော့ပေ။

မနီးမဝေးမှာ ရှိသော သစ်ပင်ချုံနွယ်များမှာ လေတိုက်လိုက်တိုင်း လှုပ်ယမ်းနေရာ သူ့မျက်စိထဲမှာ ပုံသဏ္ဌာန်အမျိုးမျိုး မြင်နေရသည်။

သူသည် ယခင်ကလည်း တောထဲတောင်ထဲသို့ တစ်ယောက်တည်း သွားလာခဲ့ဖူးပြီး အခန့်မသင့်သည့်အခါ တောထဲ၌ တစ်ယောက်တည်း အိပ်ရသည့်အခါမျိုးလည်း ရှိသည်။

ကြောက်လန့်မှုမျိုး မရှိခဲ့ဖူးပေ။

တစ်ခါက သောင်းကျန်းသူများလက်ချက်ကြောင့် တောထဲမှာ သူဆယ်ယောက်ခန့် အစုလိုက်အပြုံလိုက် သေဆုံးသော အဖြစ်အပျက်တစ်ခု ရှိခဲ့ဖူးသည်။

လူများကို ရက်ရက်စက်စက် သတ်ပြီး အလောင်းများကို ဒီအတိုင်း ထားခဲ့သောကြောင့် ထိုနေရာမှာ အပုတ်နံ့များ လှိုင်နေသည်။

ခရီးသွားများ ဖြစ်သောကြောင့် အသိအကျွမ်းလည်း မရှိသောကြောင့် သင်္ဂြိုဟ်ပေးမည့်သူလည်း မရှိပေ။

မည်သူမှလည်း မသွားဝံ့ကြပေ။

ညအချိန်ရောက်လာသောအခါ ထိုနေရာမှ အော်သံဟစ်သံများ အတိုင်းသား ကြားကြရသည်။

"ကျုပ်တို့ကို ကယ်ကြပါဦးဗျာ၊ ဒီမှာ ရက်ရက်စက်စက် သတ်-



www.burmeseclassic.com

www.burmeseclassic.com



နေကြပါပြီ"

"ကျွန်မတို့ကို လာခေါ် လှည့်ကြပါ၊ ဒီတောထဲမှာတော့ မနေ

ရစေနဲ့"

ဟူသောအသံများကို အတိုင်းသား ကြားနေရသည်။

နောက်ပိုင်းမှာလည်း ထိုနေရာမှ ဖြတ်သွားသူများကို တော

မှ ယောကျ်ားမိန်းမများ ထွက်လာပြီး လှမ်းခေါ်ကြသည်။

"ကျွန်မတို့ ဒီတောထဲမှာ ရှိပါတယ် . . . လာခေါ်ကြပါ"

"ကျုပ်တို့ ဒီနေရာမှာ ရှိပါတယ်၊ လာပြီးယူကြပါဗျာ"

ထိုသို့ ထွက်ထွက်ခေါ်သဖြင့် နောက်ပိုင်း ထိုနေရာသို့ မည်သူ

ဖြတ်သွားဖြတ်လာ မလုပ်ဝံ့ကြတော့ပေ။

ထိုနေရာမျိုးကိုပင် အဖော်မပါဘဲ တစ်ယောက်တည်း သွား

သူ ရှိသည်။

အခြားမဟုတ်ပေ။

ယခု ဂေါင်းခွပင်အောက်မှာ တစ်ယောက်တည်း လာနေသူ

ချင်းလူမျိုး ပေတလူပင်ဖြစ်သည်။

ပေတလူသည် ထိုကဲ့သို့ ရွှတ်ပေပေနှင့် ဖွတ်တရွှတ်နိုင်လှသူ

ဖြစ်သည်။

"ဟဲ့ . . . တောထဲကို တစ်ယောက်တည်း စွတ်သွားမနေနဲ့၊ လူ

တွေ အပြုံလိုက် အသတ်ခံရတဲ့နေရာက သရဲတစ္ဆေတွေက ထွက်ထွက်

ခေါ်နေတာ သတင်းမကြားမိဘူးလား၊ တော်ကြာ နင့်ကို သရဲဖမ်းစား

ထားလိမ့်မယ်"

ဟု ပြောသူက ပြောသည်။

"သရဲတစ္ဆေဆိုတာ တကယ်မရှိပါဘူး၊ လူတွေ အသတ်ခံထားရ

တဲ့နေရာမှာ အခုလောက်ရှိရင် အလောင်းတွေက ပုတ်နေရောပေါ့





တောထဲမှာ ရှိတဲ့ ဖွတ်နဲ့ တောဝက်တွေက အပုတ်သိပ်ကြိုက်တာ၊ အဲဒီ

နေရာကို ရောက်လာမှာ အမှန်ပဲ၊ စောင့်ပြီးပစ်ရင် တစ်ကောင်ပြီးတစ်

ကောင် ရနိုင်တာပေါ့"

ဟု ပြောကာ တစ်ယောက်တည်း သွားပစ်လေသည်။

မနက်လင်း၍ ပြန်လာသောအခါ ဘာမှမဖြစ်ခဲ့သည့်အပြင်

သူပြောသည့်အတိုင်း တောဝက်နှင့် ဖွတ်များပင် ရလာခဲ့သောကြောင့်

အများက အံ့သြနေကြလေသည်။

ပေတလူက ထိုကဲ့သို့ အကြောက်အလန့်မရှိသည့်လူမျိုး ဖြစ်ပေ

သည်။

ယခုလည်း မြန်မာအမျိုးသားတစ်ဦးဖြစ်သူ မှတ်ကြီးနှင့်

အလောင်းအစားပြုလုပ်ပြီး ဂေါင်းခွပင်အောက်မှာ တစ်ယောက်တည်း

လာနေခြင်းဖြစ်ပေသည်။

ညဦးပိုင်းအချိန်အထိတော့ ထူးထူးခြားခြား ဘာမှ မတွေ့ရဘဲ

ညဉ့်နက်ပိုင်းအချိန်ရောက်တော့မှ သူ့စိတ်ထဲမှာ မသိုးမသန့် ဖြစ်လာ

တော့သည်။

ပေတလူအဖို့ ခါတိုင်း တောထဲတောင်ထဲမှာ တစ်ယောက်

တည်း သွားလာနေသော်လည်း မည်သူကမှ တိုက်တွန်း၍ မဟုတ်ဘဲ

သူ့သဘောနှင့်သူ သွားလာနေခြင်းဖြစ်သည်။

ယခု မှတ်ကြီးနှင့် အလောင်းအစားလုပ်ပြီး လာနေရသော

ကြောင့် သူ့စိတ်ထဲမှာ အတွေးက တစ်ခုပြီးတစ်ခု ဝင်လာနေတော့

သည်။

"ဝက်သားတစ်ပိဿာနဲ့ ကြက်တစ်ကောင်ရဲ့တန်ဖိုးက နည်း

တာ မဟုတ်ဘူး၊ အနည်းဆုံး လေးငါးကျပ်တော့ ပေးရမှာပဲ၊ ဒီလောက်

အကုန်အကျခံပြီး အလောင်းအစား လုပ်တာဆိုတော့ သူ့ဘက်က နိုင်



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်လို့ လောင်းတာပဲ ဖြစ်ရမယ်၊

သူပြောသလို ဒီသစ်ပင်မှာ တစ္ဆေသရဲ ရှိတယ်ဆိုတာ တကယ်များ ဖြစ်နေရော့သလား”

ထိုအတွေးသည် ပထမဆုံး ဝင်လာသောအတွေးဖြစ်သလို ပေတလူ၏စိတ်ကို လှုပ်ရှားအောင် နှိုးဆွပေးလိုက်သည့် အတွေးဆိုကလည်း မမှားပေ။

ထိုအတွေးဝင်လာသည်နှင့် ဂေါင်းခွပင်ကြီးကို စိတ်မချသော အမူအယာနှင့် မကြာခဏတော့ ကြည့်နေလေသည်။

သူ မမြင်ရသော အမှောင်ရိပ်အတွင်းမှာ တစ်စုံတစ်ခု ရှိနေသည်ဟုလည်း စိတ်ထဲမှာ ခံစားနေရသည်။

အမှောင်ထု များလာသည်နှင့် ပတ်ဝန်းကျင်မှာလည်း ချောက်ချားဖွယ်ရာ ကောင်းလာလေသည်။

သစ်ပင်အပေါ်ပိုင်းမှ ညည်းညူသံကဲ့သို့ အသံမျိုးစုံတို့ ကြားလာရသည်။

အမှောင်ရိပ်ထဲမှ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် လှုပ်ရှားလာကြလေသည်။

ထိုအခိုက်မှာပင် မြေပြင်တစ်ခုလုံး သိမ့်သိမ့်တုန်လာလေသည်။

မြေပြင်တုန်လှုပ်လာသည်နှင့် ပတ်ဝန်းကျင်မှ သစ်ပင်များမှာ တစ်စုံတစ်ယောက်က ကိုင်လှုပ်နေသကဲ့သို့ သွက်သွက်ခါအောင် လှုပ်လာလေသည်။

“ဟင်. . .”

ကြည့်လိုက်တော့ သူ ထိုင်နေသော ဂေါင်းခွပင်ကြီးမှာလည်း နတ်ဝင်သည်တစ်ဦးပမာ တစ်ပင်လုံး ယိမ်းထိုးလှုပ်ရှားလျက် ရှိနေလေသည်။





ပတ်ဝန်းကျင်မှာလည်း ညည်းညူသံများ ပေါ်ထွက်နေသကဲ့သို့ အသံများ ကြားရလေသည်။

သစ်ပင်ကြီး လှုပ်ယမ်းလာသောကြောင့် သစ်ပင်အပေါ်မှ သစ်ကိုင်းခြောက် အကြီးအသေးများက တဖုန်းဖုန်း တဝုန်းဝုန်းနှင့် သူ့အနီးသို့ တစ်ခုပြီးတစ်ခု ပြုတ်ကျလာလေတော့သည်။

“ဖုန်း. . . ဖုန်း. . ဝုန်း”

“ဟင် ဒီတစ်ခါတော့ တကယ့်သရဲခြောက်ပြီနဲ့တူတယ်၊ ငါ ဆက်နေလို့ ဖြစ်ပါတော့မလား၊

မနေဝံ့လို့ ပြန်ပြေးသွားရင်လည်း မှတ်ကြီးကို ကြက်တစ်ကောင်နဲ့ ဝက်သားတစ်ပိဿာ ပေးရတော့မယ်၊ ဘယ်လိုလုပ်ရပါ့မလဲ”

ကြောက်လန့်တကြားနှင့် တွေးတောနေစဉ်မှာ သစ်ပင်ကြီးက စောစောကထက် ပိုလှုပ်လာပြီး တဝေါဝေါနှင့် မြည်လာလေတော့သည်။

ထို့ထက်ပို၍ ကြောက်စရာကောင်းသည်က မြေပြင်ပါ ရပ်မရအောင် လှုပ်လာခြင်း ဖြစ်တော့သည်။

နောက်ဆုံးမှာတော့ သတ္တိကောင်းလှသည်ဆိုသော ပေတလူမှာ သစ်ပင်ခွကြားတစ်နေရာမှ ဆောင်ကြောင့်ထိုင်လျက် သူ့ရှိရာသို့ ငုံ့ကြည့်နေသော ကြောက်စရာကောင်းသော မည်းမည်းသဏ္ဌာန်ကြီးကို တွေ့မြင်သွားလေတော့သည်။

“ဟင်. . .”

ထိုသဏ္ဌာန်မှာ နားရွက်ဖားဖား မျက်လုံးပြူးပြူးနှင့် သူ့ကို ငုံ့ကြည့်နေသည့် သဘက်ကြီးတစ်ကောင်ပင် ဖြစ်တော့သည်။

“အောင်မယ်လေးဗျ. . . ဒီလိုဆိုတော့လည်း တစ္ဆေသရဲဆိုတာ ကြောက်စရာပါလား”



www.burmeseclassic.com

www.burmeseclassic.com



ဟု ငယ်သံပါအောင် အော်ဟစ်ကာ သစ်ပင်အောက်မှ ထွက်ပြေးလေတော့သည်။

ထိုအခိုက်မှာပင် ဂေါင်းခွပင်ကြားမှာ ဆောင့်ကြောင့်ထိုင်နေသော သဘက်ကြီးက ပါးစပ်ထဲမှ လျှာကို ဖျာလိပ်ကြီး ဖြေချလိုက်သလို့ အောက်သို့ ဖြေချလိုက်သည်ကိုလည်း မြင်လိုက်ရသေးသည်။

နောက်ဆုံး ထိုသစ်ပင်အောက်မှ ပြေးထွက်ရန် ကြိုးစားသော်လည်း မြေပြင်တစ်ခုလုံးက သွက်သွက်ခါအောင် လှုပ်နေသောကြောင့် ပြေး၍မရပေ။

ထိုအခိုက်မှာပင် သဘက်ကြီး၏လျှာက သူ့ခြေထောက်ကို ဆွဲပတ်လိုက်ရာ 'ဗိုင်း' ကနဲ လဲကျသွားလေတော့သည်။

သူ လဲသွားပြီး မရှေးမနှောင်းမှာ ဂေါင်းခွပင်ပေါ်မှ ကြီးမားသော သစ်ကိုင်းခြောက်ကြီးတစ်ခုက ပေတလူ၏ကိုယ်ပေါ်သို့ တည့်တည့်ကြီး ကျလာလေတော့သည်။

ပေတလူ၏ ငယ်သံပါအောင် အော်ဟစ်လိုက်သံကြီးမှာ ပတ်ဝန်းကျင်တစ်ခုလုံး ပြန့်နှံ့သွားလေတော့သည်။





## အခန်း(၄)

# ပူနာကို သေအောင်ကုပေးရသောဆရာ

နောက်တစ်နေ့မနက်ပိုင်းမှာတော့ ပေတလူတစ်ယောက် ရွာသို့ ပြန်ရောက်လာသည်။

သူ့တစ်ကိုယ်လုံးမှာတော့ ဒဏ်ရာဒဏ်ချက်များ ပါလာသည်။ အထူးသဖြင့် ဦးခေါင်းတစ်ခုလုံးမှာ သစ်ကိုင်းပိမိသောကြောင့် ညိုမည်းနေသည်။

ဦးခေါင်းတစ်ခုလုံး စေ့စေ့ညက်ညက် ကြေနေဟန်ရှိသော်လည်း သွေးတော့ မထွက်ပေ။

သူပြန်လာတာ မြင်တော့ မှတ်ကြီးက များစွာအံ့သြသွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟင်. . . ပေတလူ. . မင်းပြန်လာပြီလား၊ မင်းတစ်ကိုယ်လုံးမှာလည်း ဒဏ်ရာဒဏ်ချက်တွေချည်းပါလား၊ ညက လျှော်လှုပ်တာ မင်းမသိဘူးလား၊ ဒီမှာ အိမ်တွေတောင် ပြိုတယ်၊ သစ်ပင်တွေဆိုရင်လည်း သစ်ကိုင်းကျိုးတဲ့အပင်ကကျိုး၊ အမြစ်က ကျွတ်လဲတဲ့အပင်လဲနဲ့ အတော်ကြမ်းတယ်"

ထိုသို့ပြောသော်လည်း ပေတလူက မထူးခြားသောအမူအယာဖြင့် မျက်ထောင့်နီကြီးဖြင့် ကြည့်နေလေသဖြင့် မှတ်ကြီးစိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။

သူ့အပေါ် ပေတလူ စိတ်ဆိုးနေသည်ဟုသာ ထင်မိလေသည်။

"လောင်ကြေးထပ်ထားတာ မင်းရှုံးပြီဆိုတော့ ဝက်သား တစ်ပိဿာနဲ့ ကြက်တစ်ကောင် အခုပေး"

ဟု အသံသြသြကြီးဖြင့် တောင်းသည်။

"ဟင်. . . ပေတလူ မင်းအသံက ပြောင်းသွားပါလား၊ ညက အအေးပတ်ပြီး အသံဝင်သွားပြီနဲ့တူတယ်"

ပေတလူ ဘာမှပြန်မပြောသဖြင့် မှတ်ကြီးလည်း ကတိရှိကြသည့်အတိုင်း ဝက်သားတစ်ပိဿာနှင့် ကြက်တစ်ကောင် လာပို့ပေးရလေသည်။

ထိုသို့ရောက်လာသည်နှင့် မိန်းမကို ဝက်သားဟင်း ချက်ခိုင်းပြီး တစ်ပွက်နှစ်ပွက် ဆူရုံ ရှိသေးသည်၊ မီးဖိုပေါ်မှ ချပြီး အတင်းနှိုက်စားနေတော့သည်။

မိန်းမဖြစ်သူမှာ များစွာအံ့သြနေလေသည်။

"ငါ့ကို ကြက်သားဟင်း ချက်ပေး"





"ဟင်. . . ဝက်သားတစ်ပိဿာချက်လည်း ရှင်တစ်ယောက်တည်းနဲ့ ကုန်အောင်စားပြီးပြီ၊ အခု ကြက်သားဟင်း ချက်ပေးရမယ်. . မလွန်ဘူးလား"

"စကားမရှည်နဲ့. . . ချက်မှာသာ ချက်ပေး"

ဟု အသံမာမာဖြင့် ပြောသဖြင့် မိန်းမဖြစ်သူမှာ ထပ်မပြောဝံ့တော့သဖြင့် ကြက်သားဟင်း ချက်ပေးရပြန်သည်။ ထိုဟင်းကိုလည်း မကျက်တကျက်မှာပင် ချစားပြန်ရာ အရိုးအရင်းပင် မကျန်ခဲ့တော့ပေ။

ထိုသို့စားသောက်ပြီးသောအခါ အိပ်ယာထဲ ဝင်အိပ်နေတော့သည်။

မှတ်ကြီးက နောက်တစ်ခေါက် ရောက်လာပြီး သတင်းမေးတော့ ထွက်မတွေ့တော့ပေ။

ပေတလူ မိန်းမက ဝက်သားတစ်ပိဿာနှင့် ကြက်တစ်ကောင် ကုန်အောင်စားပြီး အိပ်နေကြောင်း ပြောပြသောအခါ များစွာအံ့သြနေလေတော့သည်။

ညအချိန်ရောက်လာလျှင်လည်း အခြားသူများ အိပ်မောကျနေချိန်ရောက်မှ အိပ်ယာမှ ထလာပြီး ရှိရှိသမျှ ထမင်းဟင်းများကို စားသောက်လေတော့သည်။

ပထမတော့ အိမ်သူအိမ်သားများက မသိကြပေ။

နောက်ပိုင်း ညနေပိုင်းက ချန်ထားသောထမင်းဟင်းများ ညတိုင်း ပျောက်နေတော့မှ သတိပြုမိကြသည်။

ပေတလူကို ကြည့်ပြန်တော့လည်း နေမကောင်းဟု အကြောင်းပြပြီး အိပ်ယာထဲမှာသာ နေသည့်အချိန်က များလေသည်။

ထမင်းကျွေးပြန်လျှင်လည်း ခါတိုင်းကဲ့သို့ အိမ်သူအိမ်သားများနှင့် အတူဝိုင်းမစားဘဲ အားလုံးပြီးမှ တစ်ယောက်တည်း စားသောက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုအကြောင်းကို မိန်းမဖြစ်သူက အရင်ရိပ်မိပြီး မိဘများကို ပြောလေသည်။

"အဖေ. . . ပေတလူ ကြည့်ရတာ အရင်နဲ့ မတူဘူး၊ တစ်ခုခု ဖြစ်နေသလိုပဲ"

"ဘာဖြစ်နေလို့လဲ"

"နေ့ဘက်ဆို တစ်နေ့လုံး အိပ်နေတယ်၊ ညရောက်ရင် တစ်ညလုံး မအိပ်တော့ဘူး၊ နောက်ပြီး ထမင်းဟင်းတွေ ပျောက်တာ သူ ထစားနေတာနဲ့တူတယ်"

"ဒါဆိုရင် နင့်ယောကျ်ား ဖုတ်များ ဝင်နေရော့သလား"

"ဖုတ်ဝင်တယ်ဆိုတာ ဘယ်လိုမျိုးလဲ"

"သရဲတစ္ဆေ ပူးကပ်နေတာကို ပြောတာ၊ နင်တို့ ရိုးရာနတ်တွေ ဘာတွေ တင်မြှောက်ပသဖို့ ကောင်းတယ်"

ဟု ခပ်ပေါ့ပေါ့ပင် ပြောသည်။

နောက်တစ်နေ့မှာတော့ မိန်းမဖြစ်သူက ညနေပိုင်း ထမင်းဟင်းကျန်အောင် မထားတော့ပေ။

ထိုနေ့ညကတော့ အခြေအနေ ဘာမှမထူးခြားပေ။

နောက်တစ်နေ့မှာတော့ အိမ်မှာ မွေးထားသော ကြက်တစ်ကောင် ပျောက်သွားသည်။

အမွေးနှင့်သွေးစက်များကိုသာ တွေ့ရပြီး ကြက်ကိုတော့ မတွေ့ရတော့ပေ။

ခါတိုင်းလည်း ကြက်များကို မြွေပါနှင့် ခွေးအ,များ ဝင်ဆွဲတတ်သောကြောင့် ထိုသို့ဆွဲယူသွားတာ ဖြစ်မည်ဟု ထင်နေကြသည်။

နောက်ပိုင်းမှာတော့ တစ်ညခြားနှင့် ညခြားဆိုသလို ကြက်များ





ပျောက်သဖြင့် ညဘက်စောင့်ဖမ်းသော်လည်း မမိပေ။

တောသတ္တဝါများ မလာတော့သဖြင့် စိတ်ချလက်ချ ပြန်အိပ်သောအခါမှာ ပျောက်ပြန်လေသည်။

ဤသို့ဖြင့် အိမ်မှာ မွေးထားသောကြက်များ ကုန်သလောက် ဖြစ်သွားလေသည်။

ပေတလူမှာ သားနှင့်သမီးနှစ်ယောက် ရှိပေရာ ယခုကဲ့သို့ အလုပ်မလုပ်ဘဲ အိပ်ယာထဲ လဲနေတာ ကြာလာသောအခါ အိမ်မှာ စားသောက်ဖို့ အခက်အခဲ ဖြစ်လာသည်။

မိန်းမကလည်း ဘာမှမလုပ်တတ်သောကြောင့် ထမင်းစားရဖို့တောင် အနိုင်နိုင်ဖြစ်လာသည်။

မိန်းမနှင့်ကလေးများကတော့ မိဘများအိမ်သို့ သွားကာ ရသမျှ စားသောက်ကြသည်။

အိမ်မှာ မွေးထားသော ကြက်များလည်း မရှိ၊

ထမင်းဟင်းလည်း မချက်တာ တစ်ရက်နှစ်ရက်ကြာသောအခါ ပေတလူ ဂဏှာမငြိမ် ဖြစ်လာတော့သည်။

တစ်ညမှာတော့ ခြေသံလိုလို ကြားသောကြောင့် မိန်းမဖြစ်သူမှာ အိပ်နေရာမှ လန့်နိုးလာပြီး ကြည့်လိုက်တော့ ကလေးနှစ်ယောက် အိပ်ပျော်နေကြသည့် ခြေရင်းဘက်မှာ မားမားကြီး ရပ်နေသော ပေတလူကို တွေ့ရသဖြင့် အံ့ဩသွားလေသည်။

သူသည် မားမားကြီး ရပ်နေပြီး ကလေးနှစ်ယောက်ကို မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်နေသည်။

မိန်းမဖြစ်သူ စိတ်ထဲမှာတော့. . .

"သူကတော့ နေမကောင်းဘူး ပြောတယ်၊ အခုတော့လည်း သူကောင်းအတိုင်းပါလား၊ ဟန်ဆောင်နေတာများလား မသိဘူး"

www.burmeseclassic.com



ဟု တွေးမိလေသည်။

ထိုအချိန်မှာပင် ပေတလူက ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး အိပ်ပျော်နေသည့် ကလေးငယ်၏ခြေထောက်ကို ဆွဲယူလိုက်သည်။

ကလေးက လန့်နိုးသွားဟန်ဖြင့် ငိုလေသည်။

ထိုအခါမှ မိန်းမဖြစ်သူက အလန့်တကြား အိပ်ယာမှ ထလိုက်သည်။

"ပေတလူ. . . ကလေးကို ဘာလုပ်မလို့လဲ"

ထိုအခါမှ ပေတလူမှာ နိုးထုပ်နိုးထည်ဖြင့် မိသွားသူပမာ ကလေးခြေထောက်ကို ပြန်လွှတ်လိုက်သည်။

"ဘာ. . . ဘာမှမလုပ်ပါဘူး၊ အိပ်ပျော်နေသလားလို့ စမ်းကြည့်တာပါ"

ဟု ပြောပြီး သူ့အိပ်ယာသို့ ပြန်သွားပြီး ခွေခွေကလေး ပြန်အိပ်နေတော့သည်။

မိန်းမဖြစ်သူမှာလည်း စိတ်မချသဖြင့် ထိုညအဖို့ ပြန်မအိပ်ဝံ့တော့ပေ။

နောက်တစ်နေ့မနက်ပိုင်းမှာပင် မိဘများအိမ်သို့ သွားကာ အတိုးအကြောင်း ပြောပြရလေသည်။

"ဒီအတိုင်းဆိုရင် နင့်ယောက်ျား မရိုးတော့ဘူး၊ ဖုတ်ဝင်နေတယ်ဆိုတာ အမှန်ဖြစ်လိမ့်မယ် ကြာကြာထားရင် ကလေးတွေရော နင်ပါ ဒုက္ခရောက်လိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်ရမလဲဟင်"

"ဆရာခေါ်ပြီး ကုရမှာပေါ့၊ ဆရာတောင်မှ ရိုးရိုးဆေးကုတဲ့ဆရာ မရဘူး၊ ပယောဂ နိုင်တဲ့ဆရာနဲ့မှ ဖြစ်မှာ"

ဟု ပြောပြီး ထိုနယ်တဝိုက်မှ ပယောဂ ကုသောဆရာများနှင့်





ခေါ်၍ ကုသသော်လည်း အကြောင်းမထူးပေ။

ဆရာများသာ တစ်ယောက်ပြီးတစ်ယောက် ပြန်ပြေးကြရလေသည်။

ထိုရက်ထဲမှာပင် ပေတလူအခြေအနေလည်း ပိုမိုဆိုးဝါးလာလေတော့သည်။

"နင်တို့က ငါ့ကို ပယောဂဆရာတွေနဲ့ ကုနေလို့ ရမယ် ထင်သလား၊ အားလုံးသေကုန်ကြလိမ့်မယ်နော်"

ဟုသာ အသံနက်ကြီးဖြင့် ကြိမ်းနေတော့သည်။

သို့ကြောင့် ညမိုးချုပ်လာပြီဆိုရင် ဘယ်သူမှ မအိပ်ဝံ့ကြတော့ဘဲ တစ်ညလုံး ထိုင်စောင့်ကြရသည်။

ထိုသတင်းကို ကြားသောအခါ ပတ်ဝန်းကျင်မှ လူများပါ ကြောက်ရွံ့နေကြလေသည်။

သူတို့ပါ ညအချိန် မအိပ်ဝံ့ကြတော့ပေ။

"ဟဲ့. . . ပေတလူတစ်ယောက် ဖုတ်ဝင်နေလို့တဲ့"

"ဖုတ်မှ ပေါ့ပေါ့သေးသေး မဟုတ်ဘူး၊ ဂေါင်းခွပင်က လိုက်လာတဲ့ ဖုတ်ကြီးလို့ သတင်းကြားတယ်"

"ဒီလိုဆိုရင်တော့ ဒုက္ခပါပဲ၊ ကြာရင် တစ်ရွာလုံး ဖမ်းစားမှာ စိုးရိမ်ရတယ်"

ဟု အချင်းချင်း ပြောကာ နေ့တထိတ်ထိတ် ညတထိတ်ထိတ် ဖြစ်နေကြတော့သည်။

ညဘက် ခွေးအူသံ၊ ခွေးဟောင်သံ ကြားလျှင်ကိုပင် မအိပ်ဝံ့တော့ဘဲ ထကြည့်နေကြရသည်။

နောက်ပိုင်းမှာ ပေတလူအခြေအနေကလည်း တစ်နေ့တစ်ခြား ဆိုးဝါးလာသောကြောင့် မိန်းမနှင့်ကလေးများပါ မနေဝံ့ကြတော့



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မိဘအိမ် သွားနေကြရလေသည်။

"မုံလည်တောရမှာ ပြည်မဘက်က ဆရာတစ်ယောက် ရောက်နေတယ်၊ အဲဒီတောရမှာ နန္ဒင်းနက်ပင် ရှိလို့ မျိုးယူရအောင် လာရင်းနဲ့ တရားစခန်း ဝင်နေကြတာ၊ သူ့ကို သွားခေါ်ပြီး ကုကြည့်ကြပါလား"

ဟု အကြံပေးကြသဖြင့် ရွာလူကြီးအချို့က အနောက်ဂန့်ဂေါ်ဘက်မှာ ရှိသော မုံလည်တောရသို့ သွားကြလေသည်။

(မုံလည်တောရတွင် နန္ဒင်းနက်ပင် ရှိသည်မှာ အမှန်ဖြစ်သောကြောင့် ကျွန်ုပ်ရောက်ခဲ့စဉ်က မျိုးဥရခဲ့သေးသည်)

သူတို့ရောက်သွားသောအခါ တရားစခန်းမှ ထွက်လာသော ဦးဖန်ကောင်းနှင့် နီမောင်တို့နှစ်ယောက်ကို အဆင်သင့်ပင် တွေ့ကြရသည်။

ဦးဖန်ကောင်းသည် ဆေးစာအညွှန်းနှင့်တကွ မြန်မာပြည် အနှံ့အပြားမှာ ရှိသော ဆေးပင်များကို လိုက်ရှာရင်းမှ နန္ဒင်းနက် ရှိသော မုံလည်တောရသို့ ရောက်လာကြခြင်းဖြစ်သည်။

နီမောင်ကတော့ အဖော်အဖြစ် လိုက်ပါလာခြင်းဖြစ်သည်။ ထိုအိမ်သို့ ရောက်သော် ဆေးစီရင်ထားသော ဩဇာရွက်များကို အိပ်ယာအောက်မှာ ခင်းစေပြီး ဂမုန်းနက်ဆေးကို အသုံးပြု၍ ကုသသောအခါ စွဲကပ်နေသော ပယောဂမှာလည်း ထွက်သွားလေတော့သည်။

ထိုအခါမှပင် ပေတလူလည်း သေဆုံးသွားလေတော့သည်။ သူ သေဆုံးသွားသောအခါ ဦးခေါင်းတစ်ခုလုံး စေ့စေ့ညက်ညက် ကြွေနေကာ ပိုးလောက်များပင် စွဲနေချေပြီ။

ပေတလူတစ်ယောက် သေသွားသောအခါ တစ်အိမ်လုံး တစ်ရွာလုံး စိတ်ချမ်းသာရာ ရကြတော့သည်။

ပေတလူကို အသက်ထွက်အောင် ကုသပေးနိုင်ခဲ့သော ဦးဖန်





ကောင်းကိုလည်း များစွာချီးမွမ်းပြောဆိုကြလေတော့သည်။

လောကတွင် လူနာတစ်ယောက်ကို သေမင်းလက်မှ ကယ်တင်ပြီး အသက်ချမ်းသာရာရအောင် ကုသပေးနိုင်သောကြောင့် အများ၏ချီးကျူးခံရသည်မှာ အဆန်းမဟုတ်တော့ပေ။

လူနာတစ်ယောက်အား မသေသေအောင် ကုသပေးသဖြင့် ချီးမွမ်းခံရသောအဖြစ်ကတော့ အတော်ရှားပေလိမ့်မည်။ ထိုအဖြစ်အပျက်ကို ကျွန်ုပ်၏ဇာတ်လိုက်ကျော်ကြီးနှစ်ယောက် ဖြစ်ကြသည့် ဦးဖန်ကောင်းနှင့်နီမောင်တို့ ကြုံတွေ့ခဲ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

# တောနက်ထဲမှ ဆီးကြိုနေသောသူ

နာဂတောင်တန်း၊ ချင်းတောင်တန်း၊ ကချင်တောင်တန်း၊ ရှမ်းတောင်တန်းကြီးများ ရှိသောနေရာများမှာ တောင်မြင့်ကြီးများ ဝန်းရံထားသကဲ့သို့ ဂမုန်း အစရှိသော ဆေးဖက်ဝင် အပင်မျိုးစုံတို့ များစွာပေါက်ရောက်ပေါများလှပေသည်။

နာဂတောင်တန်းများပေါ်ရှိ လိုဏ်ဂူများအတွင်း ကျောက်သွေးများ ထွက်နေသောနေရာများတွင် 'အဆက်ကလူစီ' ဟု နာဂအခေါ်ဖြင့် ခေါ်သည့် မသေဆေးပင်များပင် တွေ့ရှိနိုင်ပေသည်။

ဦးဗန်ကောင်းထံမှာ ထိုဆေးပင်များ ရှိသောနေရာများကို ညွှန်ပြပေးထားသော 'သိုက်ဝင်ကျမ်း' ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သိုက်ဝင်ကျမ်းဆိုသည်မှာ မြန်မာပြည်အပါအဝင် နေရာအနှံ့ အပြားမှာ ရှိကြသော တန်ခိုးသိဒ္ဓိရှိသော သစ်ပင်၊ ဆေးပင်၊ ဂမုန်းပင် နှင့် ကျောက်အမျိုးမျိုးတို့ ရှိသောနေရာကို ညွှန်ပြပေးနိုင်သည့်ကျမ်းပင် ဖြစ်သည်။

ချင်းတောင်၊ နာဂတောင်တန်းတို့တွင် သိုက်ဝင်ကျမ်းလာ ဆေးပင်အမြောက်အများ ရှိပေသည်။

ချင်းတောင် အနောက်ချောင်းတွင် ဆိတ်သမီးပင် ရှိကြောင်း ဆေးကျမ်း၌ ဖော်ပြထားသည်။

ဆိတ်သမီးပင်ဆိုသည်မှာ အဂ္ဂိရတ်လမ်းစဉ်(လက်ဝဲလိုင်းဟု ခေါ်သည့် ရွှေဖြစ်ငွေဖြစ် ပြုလုပ်ခြင်း)လိုက်သူများအတွက် များစွာ တန်ဖိုးရှိသော ဆေးပင်ဖြစ်ပေသည်။

ဆိတ်သမီးပင်၏ပုံသဏ္ဌာန်မှာ မြားဆိပ်ပင်နှင့် ပုံသဏ္ဌာန်တူ ပြီး အရွက်မှာ သဘော်ရွက်နှင့် ပုံသဏ္ဌာန်တူကာ အနားရစ်မှာ အနီ ရောင်ရှိသည်။

အစေးမှာ ဆိတ်နို့နှင့် တူသည်။

၎င်းဆေးပင်ကို အမှုန့်ပြုလုပ်၍ ညက်စွာ ကြိတ်ရသည်။ ထိုသို့ ကြိတ်ပြီးနောက် ဆေးနှစ်ဆ၊ သံပျော့တစ်ဆနှင့် ထိုးပါက သံပန်းဖြေ၏။ သုတသွင်းလျှင် ဝင်၏။

၎င်းဆေးနှင့် အောက်ထက်နှီး၍ အန္တံထိုးက သံဆိတ်စွဲ၍ ပြဒါး ပြာကျလေသည်။ ဒန်တစ်ဆယ်သားတွင် ဆေးတစ်ရွေးပစ်က အားလုံး ငွေသား အစစ်ဖြစ်တော့သည်။

ထိုကဲ့သို့ အစွမ်းထက်သော ဆေးပင်ပေါင်း မြောက်မြားစွာတို့ သည် တောင်တန်းများပေါ်၌ ရှိပေသည်။

လသာဖြူပင်၊ စတုရင်္ဂလီဆေးပင်၊ ဆေးဝိဇ္ဇာပင်၊ ပုစွန်စာရိုးနီ





ပင်၊ ဒိန္နဇော်ဂျီပင်၊ နှင်းရိုင်းငမွဲပင်၊ တစ်ပင်ရွှေထီးပင်၊ ဆေးချည်ဝင်ပင် ၁က်ခေါက်ဆီပင်၊ ဆေးမင်းကတ္တီပါပင်၊ မြက်သီးသွေးပင်၊ ကန့်ချုပ်နက် ပင်၊ ဖားပြုတ်ဆုတ်ဆိုင်းပင်၊ သင်္ဘောခါးပင်၊ ဖာလာချည်ပင်၊ ငွေးခါး ပင်၊ ပိန်းချဉ်ပင်၊ ဆီမီးတောက်ပင်၊ ပဉ္စဂုလိဆေးပင်၊ ဖက်ယားကြီးပင်၊ ပုစွန်ခြေကြွပင်၊ ပိုးဝင်ဖြူပင်၊ ကြက်မောက်နီပင်၊ နှမ်းတစ်လုံးပင်၊ အဆက်ကလူစီဟု ခေါ်သော မသေဆေးပင်တို့လည်း ရှိကြပေသည်။

ထိုဆေးပင်များမှာ ရွှေဖြစ်ငွေဖြစ်လမ်း ပြုလုပ်နိုင်သော သိဒ္ဓိ ဝင်ဆေးပင်များဖြစ်သောကြောင့် ဒီအတိုင်း လိုက်ရှာပါက ရှာတွေ့ ရကို မတွေ့နိုင်ပေ။

တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် ဂမုန်းပင်စောင့် နတ် များက ကွယ်ဝှက်ထားသောကြောင့် မတွေ့ရခြင်းဖြစ်ပေသည်။

သိုက်ဝင်ကျမ်းအညွှန်းအတိုင်း လိုက်လံရှာဖွေမှသာ တွေ့ရှိနိုင် ပေသည်။

(ထိုဆေးပင်များ ရှိသောနေရာများကိုတော့ အခြားစာအုပ်များ ထဲတွင် သင့်သလောက် ဖော်ပြပေးခဲ့ပြီးဖြစ်သောကြောင့် ထပ်မံမဖော် ပြတော့ပေ)

ဦးဇန်ကောင်းသည် ဆေးဝါးဖော်စပ်ရန်အတွက် ဆေးပင်များ ရှာဖွေရန် ခရီးထွက်သောအခါ နီမောင်ကိုပါ ခေါ်ရလေသည်။

အဘယ့်ကြောင့်ဆိုသော် . . .

ထိုနေရာဒေသများကို အသွားအလာ များပြီး ခရီးကျွမ်းကျင်သူ မှာ နီမောင်ဖြစ်ပြီး အသိမိတ်ဆွေလည်း ပေါသူဖြစ်သည်။

နာဂတောင်တန်း၊ ချင်းတောင်တန်းများပေါ်သို့-မကြာခဏ သွားလာဖူးပြီး နေရာဒေသလည်း ကျွမ်းကျင်လှပေသည်။

ထိုနေရာမျိုးမှာ နီမောင်လိုလူမျိုး မပါဘဲနှင့် ခရီးသွားလာ၍



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေလှပေ။

ရှေးအခါက ခရီးလမ်း မကျွမ်းကျင်ဘဲ အသိအကျွမ်း မရှိပါဘဲ နာဂတောင်တန်း၊ ချင်းတောင်တန်းများပေါ်သို့ သွားပါက လိုရာမရောက်ဘဲ အသက်ဆုံးရှုံးမှု ဖြစ်ကြရပေသည်။

ယခုလည်း နှစ်ယောက်သား ချင်းတောင်တန်းများမှတဆင့် နာဂတောင်တန်းများသို့ ခရီးဆက်ခဲ့ကြသည်။

အဓိက ရည်ရွယ်ချက်ကတော့ အဆက်ကလူစီဟု နာဂဘာသာဖြင့် ခေါ်သည့် မသေဆေးပင်-ရှာဖွေကြရန် ရည်ရွယ်ချက် ဖြစ်ပေသည်။

နာဂများသည် မြန်မာနိုင်ငံအတွင်း လေရှီး၊ လဟယ်၊ ခန္တီး နန်းလွန်းဘက်များမှာ အနေများကြသည်။

အိန္ဒိယနိုင်ငံဘက်အခြမ်းမှာလည်း နာဂများ ရှိကြပြီး ၎င်းတို့ကို အိန္ဒိယနာဂပင်ဟု ခေါ်ကြသည်။

အိန္ဒိယဘက်ခြမ်းတွင် နာဂလင်း၊ မီဇိုရမ်၊ ဘာသံ၊ မဏိပူရနယ်များတွင် အိန္ဒိယနာဂများ ရှိကြလေသည်။

နာဂတောင်တန်းသည် မြန်မာနိုင်ငံကို အင်္ဂလိပ်များ အုပ်စိုးသိမ်းပိုက်ထားသော ကာလတလျှောက်လုံး အစိုးရ အုပ်ချုပ်မှုများနှင့် ကင်းကွာခဲ့သောဒေသများဖြစ်ခဲ့ပေသည်။

(၁၉၄၀)ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း ဗြိတိသျှ အုပ်ချုပ်ရေးအရာရှိ မစ္စတာဒဗလျူဝေါတာ နာဂတောင်တန်းများသို့ လှည့်လည်ပြီးနောက်မှသာ အစိုးရအုပ်ချုပ်မှုများနှင့် စတင်ထိတွေ့ခဲ့ကြခြင်းဖြစ်သည်။

(၁၉၄၈)ခုနှစ်နောက်ပိုင်းမှာလည်း မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း၌ တောင်တန်းဒေသများသို့ အစိုးရ အုပ်ချုပ်မှုများ





ထိထိရောက်ရောက် မပြုလုပ်နိုင်ခဲ့ကြသဖြင့် အကြောင်းအမျိုးမျိုးတို့ဖြင့် ပဋိပက္ခများ၊ လက်စားချေစစ်ပွဲများ ဖြစ်ပျက်ခဲ့ကြသည်။

မျိုးနွယ်စုတစ်စုနှင့်တစ်စု တိုက်ပွဲများ ဖြစ်ခဲ့ကြရာတွင် စစ်နိုင်သူမှ ခေါင်းဖြတ်အနိုင်ယူသော ဓလေ့များ ရှိခဲ့ကြသေးသည်။

(၁၉၅၃)ခုနှစ်တွင် လိုင်းနောင်နာဂတို့၏ လဟယ်ရွာသားတို့ကို တိုက်ခိုက်ရန် လော်ဆော်မျိုးနွယ်စုမှာ ခြိမ်းခြောက် စစ်ပြင်ခဲ့ကြသည်။

ထိုအချိန်ကျမှ မြန်မာအစိုးရက ဝင်ရောက်ဖြေရှင်းပေးခဲ့ရာမှ စစ်ပွဲများ ရပ်တန့်သွားခဲ့လေသည်။

လက်စားချေခြင်းစစ်ပွဲများ ဖြစ်သွားသောအခါ စစ်နိုင်သူက စစ်ရှုံးသူတို့၏ဦးခေါင်းများကို ဖြတ်ယူလာပြီး ထိုခေါင်းပြတ်များအား ကျေးရွာ ‘ပန်’ အဆောက်အအုံများ၌ ချိတ်ဆွဲထားခဲ့ကြသည်။

အိမ်များမှာလည်း အောင်ပွဲအမှတ်တရအဖြစ် ဂုဏ်ယူစွာဖြင့် ချိတ်ဆွဲသိမ်းဆည်းခဲ့ကြလေသည်။

ခေါင်းပြတ်မှ ဆံပင်များကို ဖြတ်ယူပြီး နားမှာ အမှတ်တရ ပန်ဆင်ထားခဲ့ကြသည်။

ထိုသို့ပန်ဆင်ရသည်ကိုပင် သူရဲကောင်းတစ်ယောက်ပမာ ဂုဏ်ယူဝင်ကြွားခဲ့ကြသည်။

စစ်နိုင်သူ သေဆုံးသွားချိန်တွင် ၎င်းရရှိထားသော ခေါင်းပြတ်များ၊ ဆံပင်များကို သင်္ချိုင်းတွင် ဂုဏ်ယူစွာဖြင့် ချိတ်ဆွဲထားပေးလေ့ရှိသည်။

စစ်ရှုံးသူများဘက်မှလည်း စစ်နိုင်သူတို့ရွာမှ ရေမသောက် မီးတော့ဘဲ ‘ရေမစား၊ မီးမစား’ ရွာအဖြစ် ရန်ငြိုးသတ်မှတ်ထားခဲ့ကြသည်။

အခွင့်သာသည်နှင့် ပြန်လည်လက်စားချေတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနှင့် ပပျောက်သွားခဲ့ကြလေသည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့သည် မြန်မာနိုင်ငံ အနောက်ဘက်မှ ပတ်ကာ တစ်နေရာပြီးတစ်နေရာ ခရီးဆက်ကြရလေသည်။

အချို့နေရာများတွင် မော်တော်ကားစီး၍ တောက်လျှောက်သွားနိုင်သော်လည်း အချို့နေရာမှာတော့ မည်သည့်ယာဉ်မှ မစီးဘဲ ခြေလျင်ခရီးဖြင့်သာ သွားကြရသည်။

ဤသို့ဖြင့် ပေပေါင်းတစ်သောင်းကျော် အမြင့်ရှိသည့် နွယ်မောက်တောင်၊ စာရာမေရိတောင်တို့ကို ကျော်၍သွားသောအခါ နာဂတောင်တန်းများ ရှိရာဘက်သို့ ရောက်သွားကြသည်။

ထိုနေရာများမှာ ချင်းတွင်းမြစ်မှ အနောက်ဘက်သို့ ခွဲတက်လာသော မြစ်လက်တက်တစ်ခု အဆုံးသတ်ရာဖြစ်ပြီး လူသူသိပ်မတွေ့ရတော့ဘဲ သစ်တောကြီးများသာ ပိတ်ဆီးနေတော့သည်။

"အဘ. . . မသေဆေးပင်က ဘယ်နေရာမှာ ရှိတာလဲ"

"သိုက်ကျမ်းအညွှန်းထဲမှာ ပါတဲ့အတိုင်းဆိုရင်တော့ လဟယ်မြို့ကို ရောက်အောင် သွားကြရမယ်"

"လဟယ်ဆိုတာ စစ်ကိုင်းတိုင်း မြောက်ဖျားဘက်မှာ ရှိတယ်။ နာဂတွေ အများဆုံး နေတဲ့နေရာပဲ၊ လဟယ်နဲ့လေရှီးကြား အနောက်ဘက် နယ်စပ်တလျှောက်မှာတော့ နာဂတွေရဲ့နေရာဆိုရင်တောင် မများဘူး"

"မင်းက အဲဒီဘက်တွေ အတော်ကလေး နဲ့စပ်တော့ နာဂတွေအကြောင်း အတော်ကလေး သိမှာပဲ၊

နာဂလို့ ခြုံပြီးခေါ်ပေမယ့် အမျိုးအစားတွေ အများကြီး ရှိတယ်မဟုတ်လား"

"နာဂမျိုးရင်းကြီးက လေးမျိုးလောက်ပဲ ရှိပါတယ်၊ အဲဒီလေးမျိုး





က ဆွမ္မရာနာဂ၊ ထန်ဂန်နာဂ၊ စန်းနာဂ၊ ဟိုင်းမီနာဂ ဆိုပြီး လေးမျိုးရှိတယ်၊ အဲဒီကမှ ခွဲသွားတဲ့ နာဂအမျိုးအနွယ်ပေါင်း(၅၀)ကျော် ရှိတယ်"

"အများကြီးပါလား"

"ဒါတောင် အိန္ဒိယနယ်ထဲမှာ နေတဲ့ နာဂတွေ အများကြီးကျန်သေးတယ်၊ အခု အဘ သွားမယ့်နေရာမှာတော့ အခြားလူမျိုးတွေထက် နာဂတွေပဲ တွေ့ရမှာပဲ၊ ဒါထက် အဘ သွားမယ့်နေရာက လဟယ်မြို့နယ်ရဲ့ဘယ်နေရာလောက်မှာလဲ"

"လဟယ်တို့ အန့်ပေါ်တို့ဆိုတာ မြန်မာပြည်ဘက်က လာရင် နောက်ဆုံးတွေ့ရတဲ့မြို့ရွာတွေပဲကွ၊ အဲဒီကမှ အနောက်ဘက်ကို ဆက်သွားရမှာ"

"အဲဒီနေရာဘက်တွေမှာ လူနေအိမ်ခြေ သိပ်မရှိတော့ဘူး။ တောထဲတောင်ထဲမှာ နေကြတဲ့ နာဂရွာအချို့ပဲ ရှိတော့တယ်"

"ဟုတ်တယ်. . . ငါတို့ သွားရမယ့်နေရာကို မြေပုံအကြမ်းတစ်ခု ရေးလာတယ်၊ ဒီမှာ. . ."

ဟု ဦးဗန်ကောင်းက ရင်းလွယ်အိတ်ကြီးအတွင်းမှ စာရွက်ဟောင်းတစ်ရွက်ကို ထုတ်ပြသဖြင့် ယူကြည့်လိုက်သည်။

ထိုနေရာမှာ လဟယ်မြို့မှ အနောက်မြောက်ဘက်သို့ ညွှန်းထားသောမြေပုံပင်ဖြစ်လေသည်။

ထိုနေရာသည် ချင်းတွင်းမြစ်မှ ခွဲတက်လာသော မြစ်လက်တက်တစ်ခုမှာ ခန္တီးမြို့အထက်ပိုင်းသို့ ရောက်သောအခါ အနောက်ဘက်သို့ တက်သွားလေသည်။

ထိုမှတဆင့် နာဂတောင်တန်းများ ရှိရာဘက်သို့တသွယ်၊ အန့်ပေါ်ဘက်သို့တသွယ် ခွဲတက်သွားရာ လဟယ်၏မြောက်ဘက် ရောက်သောအခါ နောက်ထပ်မြစ်ကြောင်းနှစ်ခု ခွဲတက်သွားပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသည် လဟယ်၏ အနောက်မြောက်စူးစူးနေရာလောက်တွင် ရှိနေလေသည်။

ဦးဇန်ကောင်း မြေပုံ၌ ညွှန်ပြထားသောနေရာမှာ ထိုမြစ်နှစ်သွယ်၏အလယ်နေရာလောက်၌ ရှိပြီး တောတောင်ထူထပ်ပြီး လူသူအရောက်အပေါက် နည်းသောနေရာများသာဖြစ်သည်။

ထိုနေရာများမှာ နာဂများမှလွဲပြီး အခြားလူမျိုးများ နေထိုင်ခြင်း မရှိကြပေ။

"အဲဒီဘက်မှာ မင်းနဲ့ သိကျွမ်းတဲ့လူတွေ ရှိသေးတယ် မဟုတ်လား"

"ရှိပါတယ်. . . လဟယ်ရဲ့အနောက်ဘက်မှာ ရွာတစ်ရွာ ရှိတယ်၊ အဲဒီရွာမှာ တန်ပတို့မိသားစုတွေ စုနေတဲ့အိမ်ကြီးတစ်လုံး ရှိတယ်၊ ကျွန်တော်တို့ အဲဒီမှာ ခရီးတစ်ထောက် ဝင်နားကြတာပေါ့"

"မင်း ကောင်းသလို စီစဉ်ပေါ့ကွာ၊ ဒီနယ်ဘက်တွေကတော့ မင်းက ခရီးကျွမ်းတာဆိုတော့ မင်းကိုပဲ အားကိုးရမှာပဲ"

ဟု ပြောဆိုကာ ခရီးဆက်ကြလေသည်။

သူတို့နှစ်ယောက်စလုံး လမ်းခရီးမှာ အနှောင့်အယှက် တစ်စုံတစ်ရာမှ မတွေ့ရဘဲ ရက်အတန်ကြာသောအခါ လဟယ်သို့ ရောက်သွားသည်။

ထိုသို့ရောက်ပြီးသောအခါ ခရီးတထောက် နားပြီး တန်ပတို့မိသားစုများသတင်းကို စုံစမ်းကြည့်ရသည်။

"သူတို့ တောင်ညိုရွာမှာပဲ နေကြသေးတယ် ထင်တယ်၊ ဒါပေမယ့်. . ."

ထိုလူက ဆက်မပြောတော့ပေ။

"ဒါပေမယ့် ဘာဖြစ်သလဲဗျ"





"ဘာမှတော့ မဖြစ်ပါဘူး၊ ခင်ဗျားတို့ ရောက်သွားတော့ သိရမှာပေါ့"

ဟုသာ ပြောပြသည်။

နောက်ထပ်ဆက်မေးမရတော့ပေ။

ဤသို့ဖြင့် လဟယ်မှ အနောက်မြောက်စူးစူးသို့ ခရီးဆက်ခဲ့ကြရာ နှစ်ရက်ခန့်ကြာသောအခါ ဂုမ္ဘာန်နာဂများ နေထိုင်ရာ တောင်ညိုရွာသို့ လှမ်းမြင်ကြရပေသည်။ တောင်ညိုရွာမှာ တောင်မြင့်တစ်ခုပေါ်မှာ တင်ထားသောကြောင့် အဝေးမှ လှမ်းကြည့်သောအခါ သစ်တောများကြား၌ ဆောက်ထားသောအိမ်များကို ကြိုကြား လှမ်းမြင်ရခြင်းဖြစ်သည်။

"ဟိုးအရှေ့မှာ လှမ်းမြင်ရတာ တောင်ညိုရွာပဲ၊ အဲဒီရွာမှာ ဂုမ္ဘာန်နာဂတွေချည်း နေကြတယ်"

"ဂုမ္ဘာန်နာဂဆိုတော့ ဘီလူးတွေလို ကြမ်းတမ်းတဲ့လူတွေ ဖြစ်မှာပေါ့နော်"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ဂုမ္ဘာန်နာဂဆိုတာ သူတို့မျိုးနွယ်စုတွေရဲ့အမည်ပါ၊ နာဂတွေဆိုရင် အားလုံးက လူရိုင်းတွေလို့ ထင်ကြပေမယ့် သူတို့နဲ့ ရန်သူမဖြစ်ရင် အင်မတန် ကောင်းပြီး ခင်မင်တတ်ကြပါတယ်"

သူတို့နှစ်ယောက် စကားတပြောပြောနှင့် လျှောက်ခဲ့ကြရာ နေဝင်ရီတရောအချိန်သို့ ရောက်လာသောအခါ ရွာတည်ထားသည့် တောင်ခြေသို့ ရောက်ကြလေသည်။

တောင်ခြေမှ ရွာသို့ ရောက်အောင် သစ်တောများအတွင်းမှ ဖြတ်ကာ တောင်တက်လမ်းအတိုင်း လျှောက်ကြရမည်ဖြစ်သည်။

ရှေးအခါက ထိုနေရာရှိ သစ်တောများမှာ ကြီးမားသော သစ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီးများဖြင့် ညို့နေအောင် ရှိသောနေရာများပင်ဖြစ်သည်။

နေဝင်ရီတရောအချိန်ပင်ဖြစ်လင့်ကစား တောလမ်းခရီးမှာ မှောင်စပျိုးနေချေပြီ။

ထိုအချိန်မျိုးမှာ တောထဲ၌ ခရီးသွားလာရသည်မှာ အန္တရာယ်များလှပေသည်။

သူတို့နှစ်ယောက်စလုံးမှာ ဆေးပင်ရှာဖွေရန် ထွက်လာကြသူများမို့ လက်နက်မပါကြပေ။

ဓါးတစ်လက်စီသာ ပါလာကြသည်။

ဦးဇန်ကောင်းလက်ထဲမှာတော့ တောင်ဝှေးသဖွယ် အသုံးပြုလာသော (၅)တောင်ခန့် ရှည်သည့် အဆစ်ပိတ်ဝါးတစ်လုံးပါလာသည်။

သူသည် ထိုဝါးကို အရင်းပိုင်းမှ လှံတစ်လက်ပမာ အသုံးပြု၍ရအောင် ချွန်ထားသေးသည်။

တစ်နေရာ ရောက်သောအခါ သစ်တောအတွင်းမှ တောကောင်ကြီးတစ်ကောင် ထွက်လာပြီး သူတို့ သွားမည့်လမ်းပေါ်မှာ အသင့်အနေအထားဖြင့် စောင့်နေလေသည်။

နီမောင်ရော ဦးဇန်ကောင်းပါ ယခုကဲ့သို့ တောကောင်များနှင့် အကြိမ်ကြိမ် တွေ့ဖူးကြသောကြောင့် ထိတ်လန့်မှုတော့ မရှိကြပေ။

သို့သော် သတိတော့ ထားကြရသည်။

နီမောင်က ကျောမှာ လွယ်ထားသောဓါးရှည်ကို နှုတ်ယူလိုက်သလို ဦးဇန်ကောင်းကလည်း ထက်နေအောင် ချွန်ထားသော ဝါးချွန်ကို အသင့်အနေအထား ပြင်လိုက်လေသည်။

တကယ်တော့ သူ့လက်ထဲမှာ ရှိသောဝါးချွန်မှာ တုတ်သဖွယ် အသုံးပြု၍ရသလို လှံသဖွယ်လည်း အသုံးပြုနိုင်လေသည်။

တောကောင်ကြီးက သွားမည့်လမ်းပေါ်မှာ အသင့်အနေ





အထားဖြင့် ဆောင့်ကြောင့်ထိုင်စောင့်နေသော်လည်း ဦးဇန်ကောင်းက မကြောက်မရွံ့ ရှေ့သို့ တိုးသွားသည်။ သူတို့အတွက် ကံကောင်းနေသည်က သွားစရာ တစ်လမ်းသာ ရှိပြီး ဘေးတစ်ဖက်တစ်ချက်မှာ သစ်ပင်များက ကာထားလေသည်။

သူတို့ ရှေ့တိုးလာသည်ကို မြင်သောအခါ အပေါ်စီးမှ နေရာယူထားသော တောကောင်ကလည်း ခုန်အုပ်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ဦးဇန်ကောင်း အကြံအစည်က တောကောင်ကြီးအပေါ်မှ ခုန်အုပ်လာလျှင် အောက်မှ ဝါးချွန်ဖြင့် ဆီးထောက်ရန် ရည်ရွယ်ချက်ရှိလေသည်။

ထိုအခိုက်မှာပင် တောကောင်နှင့် သူတို့နှစ်ယောက် ရှိနေသောကြားနေရာလောက်မှ နာဂအမျိုးသားကြီးတစ်ယောက် ထွက်လာသည်။

သူ့လက်ထဲမှာလည်း ဓါးတစ်လက် ပါလာပြီး ထိုဓါးကို ပြလိုက်သည်နှင့် တောကောင်ကြီးမှာ ရန်မမူတော့ဘဲ တောတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

နာဂကြီးက သူတို့ရှိရာသို့ ဆင်းလာသည်။

မနီးမဝေးရောက်မှ နီမောင်စိတ်ထဲမှာ ထိုနာဂကြီး၏မျက်နှာကို မြင်ဖူးတွေ့ဖူးသလို ထင်လိုက်မိသည်။

"တန်ပတို့အိမ်ကို သွားကြမယ့် ဧည့်သည်တွေများလား"

သူ လှမ်းမေးသည်။

"ဟုတ်ပါတယ်. . . ဒါထက် ဦးကြီးက ဘယ်သူပါလဲ"

"ကျုပ်က တန်ပရဲ့အဖေပါပဲ"

ထိုအခါမှပင် တန်ပနှင့် ရုပ်ချင်း အတော်အတန် ဆင်သည်ကို သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကို အခုလို ဝင်ပြီးအကူအညီပေးတာ ကျေးဇူးတင်ပါတယ် ဦးကြီး"

"ရပါတယ်. . . ကျေးဇူးတင်စရာမလိုပါဘူး၊ ကိုယ့်နယ်ကိုလာတဲ့ဧည့်သည်တွေကို ဒီလောက်အကူအညီပေးရတာ ဘာမှ အပန်းမကြီးပါဘူး၊ ဒီဒေသမှာတော့ တောကောင်တွေက အိမ်မှာ မွေးထားတဲ့ တိရစ္ဆာန်တွေလိုပဲ သိပ်ပေါတာ၊

ကဲ. . . ကဲ. . . အချိန်ရှိတုန်း သွားလိုက်ကြဦး၊ ကျုပ် တောထဲ ပြန်သွားလိုက်ဦးမယ်"

ဟု ပြောကာ တောထဲ ပြန်ဝင်သွားလေသည်။

ထိုအခါမှ နှစ်ယောက်သား ရှေ့သို့ ခရီးဆက်ခဲ့ကြလေသည်။

"မင်း သူ့ကို သိတယ်မဟုတ်လား"

လမ်းမှာပင် ဦးဇန်ကောင်းက မေးသည်။

"အရင်တစ်ခေါက် တန်ပတို့ဆီ ရောက်တုန်းကတော့ တွေ့ဖူးတယ် ထင်တာပဲ၊ ဘာဖြစ်လို့ မေးတာလဲ"

"သူ့ကြည့်ရတာ တစ်မျိုးဖြစ်နေသလားလို့ပါ"

"ဘယ်လိုတစ်မျိုးလဲ အဘရဲ့"

"မသိချင်ပါနဲ့ကွာ. . . နောက်တော့မှ ပြောပြပါ့မယ်၊ အချိန်ရှိတုန်း သွားလိုက်ကြရအောင်"

ဟု ပြောကာ ခြေလှမ်းသွက်သွက်ဖြင့် သွားလေရာ နီမောင်လည်း နောက်ထပ် ဘာမှဆက်မမေးသာတော့ပေ။

တောတွင်းမှာ အမှောင်ထုက ပိုမိုများပြားလာလေသည်။





## အခန်း(၆)

# ဝိညာဉ်မှန်း မသိကြသေးသည့် ဝိညာဉ်များ

နီမောင်တို့နှစ်ယောက် တောင်ညိုရွာရောက်တော့ ညဦးပိုင်းအချိန် ရောက်နေပြီဖြစ်၍ မှောင်စပျိုးနေချေပြီ။

နီမောင်က တန်ပတို့အိမ်ကို ကောင်းစွာမမှတ်မိသဖြင့် မေးကြည့်တော့ ဘယ်သူမှ မပြောချင်ကြပေ။

နောက်ဆုံး ရွာလူကြီးအိမ် သွားပြီးမေးရသည်။

ရွာလူကြီးက သူတို့နှစ်ယောက်အခြေအနေကို အကဲခတ်ကြည့်ပြီး မပြောချင်သော အမူအယာဖြင့် အခြားစကားကိုလွှဲပြီးမေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဧည့်သည်တွေလား. . . ဘယ်က လာကြတာလဲ"

"ပြည်မဘက်က လာတာပါ"

"တန်ပတို့မိသားစုတွေရဲ့အသိမိတ်ဆွေတွေလား"

"ဟုတ်ပါတယ်. . . သူတို့ ဒီရွာမှာ ရှိကြသေးရဲ့ မဟုတ်လား။ တောထဲမှာတော့ တန်ပအဖေနဲ့ တွေ့ခဲ့ရသေးတယ်"

"ဟင်. . . သူနဲ့ တွေ့ခဲ့တယ်ဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

"သူက မင်းတို့ကို ဘာလုပ်လိုက်သေးလဲ"

"ဘာမှမလုပ်ပါဘူး. . . တောထဲမှာ ကျားနဲ့ တွေ့နေရလို့ တောင် ဝင်ပြီး အကူအညီပေးလိုက်ပါသေးတယ်"

"ဟင်. . ."

ရွာလူကြီးက များစွာအံ့သြသွားဟန်ရှိလေသည်။

"သူတို့ ဒီမှာ နေကြတယ်မဟုတ်လား၊ တဆိတ်လောက် သူတို့ ရှိတဲ့နေရာကို လမ်းညွှန်ပေးပါ"

"ဒီမှာတော့ ရှိကြပါသေးတယ်၊ ဒါပေမယ့် ရွာထဲမှာတော့ မဟုတ်ဘူး၊ တောစပ်မှာ အိမ်ကြီးတစ်လုံး ဆောက်ပြီး သွားနေကြတယ် အခု အဲဒီသွားကြမလို့လား"

"ဟုတ်ပါတယ်"

"ဒီ. . ဒီလိုလုပ်ကြပါလား၊ သူတို့နေတဲ့နေရာက နည်းနည်းဝေး တယ်၊ အချိန်ကလည်း မရှိတော့ဘူးဆိုတော့ ဒီည ဒီမှာပဲ အိပ်ကြ လား၊ မနက်လင်းမှပဲ သွားချင်သွားကြပေါ့"

ဟု ပြောလေသည်။





"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် သူတို့မိသားစုတွေနဲ့လည်း မတွေ့ရတာကြာပြီဆိုတော့ သူတို့ဆီမှာပဲ သွားအိပ်ပါ့မယ်၊ နေရာသာ ပြောပြပေးပါ"

ဟု ပြောလိုက်ရာ ရွာလူကြီးထံမှ သက်ပြင်းချသံတစ်ချက် ပေါ် လာလေသည်။

"တားမရမှတော့ သွားချင်သပဆိုလည်း သွားကြပေါ့"

ဟု တစ်ယောက်တည်း ညည်းညူသလို ရေရွတ်ပြီး တန်ပတို့ နေသောနေရာကို ပြောပြသဖြင့် ရွာလူကြီးကို နှုတ်ဆက်ပြီး ထွက်ခဲ့ကြ သည်။

တန်ပတို့ နေသောနေရာမှာ ရွာထဲမှာ မဟုတ်ပေ။ ရွာအပြင် ဘက် အတော်ဝေးသော တောစပ်မှာ ဖြစ်သည်။ ထိုနေရာမှာ အိမ်တစ် လုံး ဆောက်ပြီး မိသားစုတစ်စုလုံး နေကာ တောင်ယာစိုက်ကြသည်ဟု ပြောပြလိုက်လေသည်။

လမ်းတလျှောက်လုံး မှောင်နေသောကြောင့် လက်နှိပ်ဓါတ်မီး များဖြင့် သွားကြရသည်။

လမ်းရောက်သောအခါ မီးတုတ်ကိုင်ပြီး လျှောက်လာသော ာဂမိန်းမကြီးတစ်ယောက်နှင့် တွေ့ကြရသည်။

"ကျုပ်က တန်ပအမေပါ၊ အိမ်ကို လာတဲ့ဧည့်သည်တွေဆိုရင် တော့ တစ်ခါတည်း လိုက်ခဲ့ကြပါ"

ဟု ပြောပြီး မီးတုတ်ပြကာ ရှေ့မှ လျှောက်သွားသဖြင့် တန်ပတို့ နေသောအိမ်သို့ ချောမောစွာ ရောက်သွားကြလေတော့သည်။

အိမ်အနီးသို့ ရောက်သောအခါ သူတို့ကို ခေါ်သွားသောမိန်းမ ကြီးသာ တစ်နေရာ ဝင်သွားသဖြင့် နှစ်ယောက်သား အိမ်ပေါ်က်ဝင်တက် လာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တစ်ခုလုံး မှောင်မည်းကာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ကြည့်ရသည်မှာ တစ်အိမ်လုံး အလုပ်သွားနေကြပြီး ပြန်မရောက်ကြသေးသည့် ပုံသဏ္ဌာန်မျိုးဖြစ်သည်။

"စောစောက ငါတို့ ခေါ်လာတဲ့အဖွားကြီး ဘယ်ရောက်သွားပြီလဲ"

"နောက်ဘက် ဝင်သွားတာတော့ တွေ့လိုက်တာပဲ"

"အိမ်ထဲမှာ လူရော ရှိကြရဲ့လား"

"ကြည့်ရတာတော့ တစ်ယောက်မှ ရှိကြတဲ့ပုံ မပေါ်ဘူး၊ တံခါးခေါက်ကြည့်လိုက်ဦးမယ်"

ဟု ပြောပြီး နီမောင်က ပိတ်ထားသောတံခါးချပ်ကို လက်ဖြင့် နှစ်ချက်သုံးချက် ပုတ်ကြည့်လိုက်သည်။

တံခါးပုတ်သံက တိတ်ဆိတ်နေသောပတ်ဝန်းကျင်မှာ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာသည်။

ပထမအကြိမ် ခေါက်စဉ်က မည်သို့မှ အခြေအနေ မထူးသဖြင့် နောက်တစ်ကြိမ် ထပ်ခေါက်ကြည့်တော့မှ အတွင်းဘက်မှ လျှောက်လာသော တရှပ်ရှပ်နှင့် ခြေသံကို ကြားရပြီး တံခါးလာဖွင့်ပေးသည်။

အပေါက်ဝမှာ တံခါးလာဖွင့်ပေးသူမှာ အခြားသူမဟုတ်ဘဲ တန်ပ,ပင် ဖြစ်နေသောကြောင့် နီမောင်မှာ ဝမ်းသာသွားလေသည်။

"ဟော့. . . တန်ပ၊ ငါ နီမောင်လေ၊ မမှတ်မိတော့ဘူးလား"

ထိုသို့ပြောသော်လည်း အမူအယာ ပြောင်းလဲသွားခြင်း မရှိဘဲ မျက်နှာသေကြီးနှင့် ကြည့်နေလေသည်။

"ဟော့. . . တန်ပ. . မင်းက ငါ့ကိုတောင် မမှတ်မိတော့လို့ ဒီလောက်ကြည့်နေတာလား"





"အော်. . . နီမောင်"

ထိုအခါမှ မှတ်မိသွားသလို ဖြစ်ကာ တံခါးဖွင့်ပေးသဖြင့် နှစ်ယောက်သား အတွင်းသို့ ဝင်ကြလေသည်။

အိမ်အတွင်းဘက်မှာ မီးအိမ်တစ်လုံး ထွန်းထားသဖြင့် အလင်းရောင် ခပ်မှိန်မှိန် ရှိနေသော်လည်း အခြားသူများကိုတော့ မတွေ့ရပေ။

"မင်းတို့ ဘယ်ကနေဘယ်လို ရောက်လာတာလဲ"

"ငါတို့ ဒီဘက်လာတာ ဆေးပင်ရှာဖို့အတွက်ဆိုပါတော့"

"ဘယ်လိုဆေးပင်မို့ ဒီလောက်အဝေးကြီးကို တကူးတက လာကြတာလဲ"

"အဆက်ကလူစီလို့ ခေါ်တဲ့ မသေဆေးပင် ရှာဖွေဖို့အတွက် လာကြတာ၊ ဒီနယ်ဘက်မှာ ရှိတယ်လို့ သတင်းကြားတယ်၊ မင်းရော တောထဲ သွားလာနေတာ သတင်းမကြားမိဘူးလား"

နီမောင်စကားကြားသောအခါ တန်ပ၏မျက်နှာမှာ တစ်စုံတစ်ခုကို ကြောက်ရွံ့ထိတ်လန့်သွားဟန်ဖြင့် ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

"မဖြစ်ဘူးထင်တယ်. . ဒီဆေးပင်ကို ရှာရင် မင်းတို့ အန္တရာယ်နဲ့ တွေ့ပြီး သေကြလိမ့်မယ်"

"ဘယ်လိုအန္တရာယ်မျိုးတွေ ရှိနေလို့လဲ"

"ငါတော့ မသိဘူး၊ တခြားလူတွေ ပြောသံကြားရတာပါပဲကွာ၊ မင်းတို့ကတော့ အဲဒီနေရာကို မသွားသင့်ဘူး"

"ဒါကတော့ နောက်မှ အခြေအနေ ကြည့်လုပ်ရမှာပေါ့၊ ဒါထက် လမ်းမှာ မင်းအဖေနဲ့အမေပါ တွေ့ခဲ့ရတယ်၊ သူတို့ ပြန်မရောက်ကြသေးဘူး ထင်တယ်၊ အရင်တစ်ခေါက် ရောက်တုန်းက မင်းမှာ ညီမတစ်ယောက်နဲ့ အစ်ကိုတစ်ယောက်လည်း ရှိကြသေးတယ်မဟုတ်လား"

www.burmeseclassic.com



တန်ပက ခေါင်းညိတ်ပြသည်။

"အခု သူတို့ ဒီမှာ မနေကြတော့ဘူးလား"

"ညီမလေးကတော့ အခြားမှာ နေတယ်၊ ကျန်တဲ့လူတွေကတော့ ရှိပါတယ်၊ ဟိုဘက်အခန်းထဲမှာ. . ."

ဟု ပြောကာ ခေါ်သွားသဖြင့် နီမောင်နှင့်ဦးဖန်ကောင်းတို့မှာ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားကြရင်း နောက်မှ လိုက်သွားကြလေသည်။

အခန်းထဲမှာ မီးရောင်မရှိပေ။

အပြင်မှာ ထွန်းထားသောမီးအိမ်မှ မီးရောင်ကြောင့်သာ တစွန်းတစ မြင်နေရခြင်းဖြစ်သည်။

ထိုအခန်းထဲမှာတော့ လူသုံးယောက် ရှိနေကြသည်။

လမ်းမှာ တွေ့ခဲ့သော အဖိုးကြီး အဖွားကြီးအပြင် အသက်သုံးဆယ်ကျော်အရွယ် လူတစ်ယောက်ပါ ရှိနေကြသည်။

"ဒါက မင်းတို့ကို လမ်းမှာ ကျားအန္တရာယ်က ရှင်းပေးခဲ့တဲ့ ငါ့အဖေ"

"ကျွန်တော်တို့ကို အကူအညီပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

နီမောင်က ဝတ္တရားအရ ပြောလိုက်သော်လည်း ကြားဟန်မတူပေ။

"အခုလို ရောက်လာတာ ဝမ်းသာပါတယ်"

ဟုသာ လေသံတိုးတိုးနှင့် ပြန်ပြောသည်။

"ဒါက ငါ့အမေ"

တန်ပက မနီးမဝေးမှာ ရပ်နေသော အမျိုးသမီးကြီးကို လက်ညှိုးထိုးပြကာ ပြောသည်။

"ကျွန်တော်တို့ကို လမ်းပြခေါ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါ





တယ်"

နီမောင်က ပြောသော်လည်း ထိုနာဂအမျိုးသမီးကြီးက ကြားဟန်မတူဘဲ လေသံခပ်တိုးတိုးဖြင့် ပြောသည်။

"ဒီအိမ်မှာတော့ ဘာမှအားနာစရာ မရှိပါဘူး၊ ပျော်သလောက်သာ နေကြပါ"

နောက်တစ်ယောက်က တန်ပ၏အစ်ကိုဖြစ်ဟန်တူသည်။

"ဒါ. . ငါ့ရဲ့အစ်ကို"

နီမောင်က ပြုံးပြသော်လည်း ထိုလူက မြင်ဟန်မတူပေ။

"ကျုပ်သဘောပြောရရင်တော့ မသေဆေးပင် ရှိတဲ့နေရာကို မသွားစေချင်ဘူး၊ သွားရင်တော့ အားလုံးထပ်သေဦးမှာပဲ"

ဟု လေသံတိုးတိုးဖြင့် ပြောနေသည်။

ထို့နောက်မှာတော့ တန်ပတစ်ယောက်မှလွဲပြီး ကျန်သုံးယောက်မှာ အနောက်ဘက် အမှောင်ထဲသို့ ဝင်သွားကြလေသည်။

"မင်းတို့ ဒီအခန်းထဲမှာပဲ နားကြဦး၊ မင်းတို့ စားဖို့ ငါ တစ်ခုခု သွားလုပ်လိုက်ဦးမယ်"

ဟု ပြောကာ တန်ပလည်း ထွက်သွားလေသည်။

ထိုအခါမှ နီမောင်က သိချင်တာ မေးရတော့သည်။

"အဘ. . . သူတို့ကြည့်ရတာ တစ်မျိုးပဲနော်"

"မင်းက ဘယ်လိုထင်နေလို့လဲ"

"ကျွန်တော်တော့ သိပ်မသိဘူး၊ ဒါပေမယ့် တစ်ခုခု ထူးခြားနေတာတော့ အမှန်ပဲ"

"နောက်တော့ အဖြေသိရမှာပေါ့"

ဦးဖန်ကောင်းက မည်သို့မှ မထူးခြားသော အမူအယာဖြင့် ပြောလိုက်သော်လည်း နီမောင်စိတ်ထဲမှာတော့ မတင်မကျ ဖြစ်နေလေ

www.burmeseclassic.com



သည်။

တစ်တန်ကြာသောအခါ တန်ပက ထမင်းစားရန် လာခေါ်သဖြင့် နှစ်ယောက်သား အခန်းအပြင်သို့ ထွက်သွားသောအခါ မှောင်ထပ်လူတစ်ယောက်ကို ထပ်တွေ့ရသည်။

အသက်နှစ်ဆယ်ကျော်အရွယ်သာ ရှိသေးသော နာဂအမျိုးသမီးတစ်ယောက်ပင်ဖြစ်သည်။

သူမသည် တန်ပနှင့် ရုပ်ချင်း ဆင်တူနေသဖြင့် နှမတော်စပ်သူဖြစ်မည်ဟု ထင်လိုက်မိသည်။

သူမက ယူဆောင်လာသော ထမင်းဟင်းများကို ပြင်ဆင်ပေးနေစဉ် တန်ပက ရပ်ကြည့်နေသည်။

ထမင်းပွဲ ပြင်ပြီးတော့မှ ထိုအမျိုးသမီးက ခေါ်သည်။

"အစ်ကိုတို့ ထမင်းစားကြပါ"

ဟု လေသံဝဲဝဲဖြင့် ပြောသည်။

ထိုအခါ နီမောင်နှင့်ဦးဗန်ကောင်းတို့မှာ မောမောပန်းပန်းနှင့် သူမ ပြင်ဆင်ပေးသော ထမင်းဟင်းများကို စားသောက်ကြသည်။

သူတို့ ထမင်းစားနေကြစဉ်မှာ စောစောက မနီးမဝေးမှာ ရပ်နေသော တန်ပကို လှည့်ကြည့်တော့ မတွေ့ရတော့ပေ။

"ဒါထက် အစ်ကိုတို့က ပြည်မဘက်က လာကြတာလားဟင်" အမျိုးသမီးက မေးသည်။

"ဟုတ်ပါတယ်"

"အစ်ကိုတန်ပရဲ့မိတ်ဆွေတွေ မဟုတ်လား၊ အစ်ကို ဒီကို တစ်ခေါက်ရောက်ဖူးတယ် မဟုတ်လား၊ ကျွန်မ မြင်ဖူးသလိုပဲ"

"ဟုတ်ပါတယ်. . . ကျွန်တော်တို့ ဒီကို တစ်ခေါက်လာဖူးပါတယ်၊ တန်ပနဲ့လည်း ခရီးအတူတူ သွားဖူးပါတယ်၊ ဒါထက် ငါ့ညီမက





ဘယ်သူလဲ"

"ကျွန်မက အစ်ကိုတန်ပရဲ့ညီမ စာမရိလို့ ခေါ်ပါတယ်"

"စာမရိတဲ့လား. . . ညီမက ဒီမှာ မနေဘူးလား"

"ဟင့်အင်း. . . ကျွန်မက ဒီမှာမနေပါဘူး၊ လူပျိုအိမ် အပျိုအိမ်မှာပဲ နေပါတယ်၊ အစ်ကိုတို့ ဒီမှာ ညအိပ်ကြမှာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင် မနက်စာ စားဖို့အတွက် စီစဉ်ပြီး ကျွန်မ လာပို့ပေးပါမယ်"

"ကျွန်တော်တို့အတွက်တော့ အထူးဒုက္ခမရှာပါနဲ့ဗျာ"

"ရပါတယ်. . . ဘာမှအပန်းမကြီးပါဘူး၊ အစ်ကိုတို့ ဒီအိမ်မှာ ရက်ကြာကြာနေမယ်ဆိုရင်လည်း ကျွန်မ ဒီအိမ်ကို ပြန်လာပြီး ချက်ပြုတ်ကျွေးပါမယ်"

ဟု ပြောဆိုပြီးနောက် စာမရိဆိုသော အမျိုးသမီးက အမှောင်ထဲမှာပင် တစ်ယောက်တည်း ပြန်သွားလေတော့သည်။

ထိုညက အိမ်ထဲမှာ နီမောင်တို့နှစ်ယောက်တည်းသာ ရှိနေဟန်ဖြင့် တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ညဦးပိုင်း တစ်ချိန်လုံးမှာတော့ သူတို့နှစ်ယောက်စလုံး အိပ်မပျော်ကြဘဲ စကားပြောနေကြလေသည်။

အခန်းအတွင်းမှာ ရှိနေကြသော်လည်း အပြင်ဘက်မှာ ထွန်းထားသောမီးရောင်က အခန်းတွင်းသို့ တစွန်းတစ ရောက်နေလေသည်။

ထိုသို့ စကားပြောနေကြရင်းမှာပင် အခန်းအပြင်ဘက်မှ လျှောက်သွားသောကြောင့် ခြေသံအချို့ကို ကြားရလေသည်။

နီမောင်က စိတ်ထဲမှာ မသင်္ကာသဖြင့် နံရံအပေါက်မှ ချောင်းကြည့်သော်လည်း မည်သူမှ မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ အိမ်အနောက်ဖက် တစ်နေရာမှ စကားပြောနေကြသည့်အသံများကို မသဲမကွဲ ကြားရသည်။

ထိုစကားသံများထဲမှာ တန်ပအသံကို ကောင်းစွာကြားနေရသည်။

"သူတို့က ကျွန်တော်ရဲ့မိတ်ဆွေတွေပဲ ခဏလာတည်းတာ တည်းပါစေလား"

"သူတို့ကို မတည်းစေချင်လို့ ပြောတာမဟုတ်ပါဘူး၊ သူတို့ရှိနေတော့ ငါတို့က တစ်နေရာ သွားနေရတာပေါ့"

ထိုအသံမှာ တန်ပ၏အစ်ကိုဖြစ်သူ၏အသံ ဖြစ်ဟန်တူသည်။

"ဒါလည်း ခဏနေရတာပဲ. . . နေပစေပေါ့၊ သူတို့ကိုတော့ ဘာမှ အနှောင့်အယှက် မပေးကြပါနဲ့၊ သူတို့ကို ဒုက္ခပေးလို့ မဖြစ်ဘူး"

ထို့နောက်မှာတော့ စကားသံများက တဖြည်းဖြည်းနှင့် တိုးသွားပြီး ပျောက်သွားတော့သည်။

နီမောင်က နောက်ထပ်ကြားရဦးမလားဟု နားစွင့်ကြည့်တော့လည်း မကြားရတော့ပေ။

ဦးဗန်ကောင်းကတော့ အိတ်အတွင်းမှ ကွမ်းယာထုပ်ကို ယူပြီး ကွမ်းတစ်ယာ စားနေလေသည်။

"ပရလောကဆိုတာ အင်မတန် ဆန်းကြယ်တယ်၊ အချို့ပရလောကသားတွေဆိုရင် လူတွေနဲ့ နီးစပ်လွန်းအားကြီးလို့ သူတို့ကိုယ်သူတို့ ပရလောကသားဘဝ ရောက်နေမှန်းတောင် သတိမထားမိကြဘူး"

"အဘပြောတာက အခု ကျွန်တော်တို့ တွေ့နေရတဲ့ တန်ပတို့မိသားစုတွေအားလုံး ဝိညာဉ်ဘဝ ရောက်နေကြတယ်လို့ ပြောတာလား"





"ငါတော့ ညဦးပိုင်းက ထမင်းလာပို့ပေးတဲ့ မိန်းကလေးတစ်ယောက်ကလွဲပြီး မင်းရဲ့မိတ်ဆွေတန်ပ အပါအဝင် ကျန်တဲ့လူတွေက ဝိညာဉ်ဘဝ ရောက်နေကြပြီလို့ ထင်တာပဲ၊ ဟုတ်မဟုတ်တော့ မနက်လင်းလို့ ဟိုမိန်းကလေး ရောက်လာမှပဲ အကျိုးအကြောင်း မေးကြည့်မှ သိရတော့မှာပဲ"

ဟု ပြောဆိုကာ ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ အိပ်ယာဝင်ကြလေရာ မောပန်းလာသောကြောင့် မကြာခင်မှာ အိပ်ပျော်သွားကြလေသည်။

နီမောင်မှာ စိတ်မဖြောင့်လှဘဲ အိပ်ပျော်သွားရာ ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ ထူးခြားမှုတစ်ခုကြောင့် ပြန်နိုးလာလေသည်။

အခြားမဟုတ်ပေ. . .။

နားထဲမှာ ကြမ်းပြင်ပေါ်မှ နင်းလာသောခြေသံများကို အရင်ကြားရပြီး ၎င်းတို့ အိပ်နေသောအခန်းတွင်းသို့ ဝင်လာနေသည်ကို သိလိုက်လေသည်။

နီမောင်မှာ ခြေသံများကို ကြားစဉ်မှာပင် အိပ်နေရာမှ နိုးလာသကဲ့သို့ ရှိသော်လည်း မျက်လုံးဖွင့်မရပေ။

အတန်ကြာတော့ သူ့တစ်ကိုယ်လုံး ရေခဲဖြင့် ကပ်လိုက်သလို စိမ့်ကနဲ ဖြစ်သွားတော့ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ထိုအချိန်မှာ အပြင်မှ ထွန်းထားသည့် မီးအလင်းရောင်လည်း မရှိတော့သဖြင့် အခန်းတွင်းမှာ မှောင်နေချေပြီ။

သို့စေကာမူ သူတို့အနီးမှာ ရပ်တန့်နေကြသော လူသုံးယောက်တို့၏ပုံရိပ်သဏ္ဌာန်များကိုမူ အတိုင်းသား မြင်နေရသည်။

ထိုသဏ္ဌာန်များမှာ အခြားမဟုတ်ကြဘဲ တန်ပ၏အမေ၊ အဖေနှင့် အစ်ကိုတို့ပင် ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တစ်စုံတစ်ခု ပြုလုပ်လိုဟန် မရှိဘဲ ငြိမ်သက်စွာဖြင့်ပင် ရပ်ကြည့်နေကြလေသည်။

အတန်ကြာသောအခါ နောက်ထပ်ခြေသံတစ်ခု ထပ်ကြားရပြီး နောက်မှ တန်ပ ဝင်လာသည်။

သူ့အမူအယာမှာ ရေးကြီးသုတ်ပြာနှင့် တစ်စုံတစ်ခုအတွက် စိုးရိမ်နေဟန်ရှိလေသည်။

အနားရောက်လာတော့ ကျန်သုံးယောက်တို့က လက်ကာပြလိုက်သောကြောင့် သူလည်း ငြိမ်သက်သွားလေသည်။

အတန်ကြာတော့ နာဂအဘိုးကြီး၏လက်တစ်ဖက်က ရှေ့သို့ထွက်လာပြီး နီမောင်လက်တစ်ဖက်ကို ကိုင်လိုက်သည်။ လက်တစ်ခုလုံး ရေခဲနှင့် ထိကပ်လိုက်သကဲ့သို့ အေးစိမ့်သွားလေသည်။

ရေခဲတုံးနှင့် ဖိကပ်ထားသကဲ့သို့ အေးစိမ့်နေခြင်းမျိုး မဟုတ်ဘဲ လေထဲမှာ ဘာနှင့်မှ မထိဘဲ အလိုလို စိမ့်နေခြင်းမျိုးသာ ဖြစ်သည်။

အနီးမှာ ရပ်နေသည့် တန်ပမှာ တစ်စုံတစ်ခု ပြုလုပ်လိုက်မှာကို စိုးရိမ်နေသည့်အမူအယာဖြင့် ကြည့်နေလေသည်။ သို့သော်လည်း သူမျှော်လင့်ထားသလို ဘာမှဖြစ်မလာဘဲ အတန်ကြာသောအခါ အားလုံး အခန်းတွင်းမှ ပြန်ထွက်သွားကြလေတော့သည်။

ထိုအခါမှ နီမောင်လည်း နှစ်နှစ်ခြိုက်ခြိုက်နှင့် ပြန်လည်အိပ်ပျော်သွားလေတော့သည်။





# အခန်း(၃)

# စိုးရိမ်ဖြူလိုက်ရမှ အန္တရာယ်

ညက ညဉ့်နက်မှ အိပ်ကြရသဖြင့် အတော်ကလေး နေမြင့်မှ နှစ်ယောက်စလုံး နိုးလာကြသည်။

အိပ်ယာမှ နိုးလာပြီး အပြင်ထွက်၍ ကိုယ်လက်သန့်စင်ကြစဉ် အိမ်သူအိမ်သားများကို တွေ့နိုးဖြင့် လိုက်ရှာကြည့်သော်လည်း မတွေ့ရပေ။

"အိမ်သားတွေလည်း တစ်ယောက်မှ မမြင်ပါလား"

"မိုးလင်းမှတော့ သူ့နေရာသူ ပြန်သွားကြရောပေါ့"

"သူတို့က ဘယ်မှာ နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေရာမှာ ဖြစ်မှာပေါ့၊ ဒါပေမယ့် စိတ်မပူပါနဲ့၊ ညမိုးချုပ်တာနဲ့ သူတို့ ပြန်ရောက်လာကြမှာပါ"

ဟု ဦးဇန်ကောင်းက ပြောပြသည်။

သူတို့နှစ်ယောက် အိမ်ပေါ်သို့ ပြန်ရောက်ပြီး ခဏကြာတော့ စာမရီ ရောက်လာသည်။

သူမသည် နံနက်ပိုင်း အဆာပြေ စားသောက်ရန် မုန့်နှင့် ဖခါးရည်၊ ခေါင်ရည်တို့ကို ယူလာသည်။

ထို့ပြင် ထမင်းဟင်း ချက်ပြုတ်ရန် ဆန်နှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့လည်း ပါလာသည်။

သူမနှင့်အတူ ရွယ်တူမိန်းကလေးတစ်ယောက်တည်း ပါလာသည်။

ထမင်းဟင်း ချက်ပြုတ်ရာမှာ အကူအညီပေးရန်အတွက် အဖော်ခေါ်လာခြင်းဖြစ်ပေသည်။

နှစ်ယောက်စလုံး အသက်နှစ်ဆယ်ကျော်အရွယ် မတိမ်းမယိမ်း ရှိလှပြီး ရုပ်ရည်လည်းလှ၊ ကိုယ်ခန္ဓာ ဖွံ့ဖြိုးကြသူများဖြစ်ကြသည်။

စာမရီက ရင်စေ့အင်္ကျီနှင့် လုံချည်တိုတို ဝတ်ဆင်ထားသော်လည်း အဖော်ပါလာသည့်အမျိုးသမီးက အပေါ်အင်္ကျီ ဝတ်မထားပေ။

ရင်ဘတ်လုံအောင် ပုတီးကုံးများ ဆွဲထားပြီး အပေါ်မှ အဝတ်ပိုင်းတစ်ခုကို စလွယ်သိုင်းပတ်ထားလေသည်။

သူမတို့ဓလေ့အတိုင်း အပေါ်အင်္ကျီ ဝတ်ဆင်လေ့မရှိဘဲ ပုတီးကုံးများသာ ဆွဲထားကြပြီး ယခု ဧည့်သည်များဆီ လာမှ ရင်ညွန့်ပိုင်းလုံခြုံစေရန် အဝတ်ပိုင်းတစ်ခုနှင့် ဆွဲပတ်လာခြင်းပင်ဖြစ်၏။

သို့သော်လည်း အင်္ကျီဝတ်ထားခြင်းမျိုး မဟုတ်သဖြင့် သူမ၏





ဖွံ့ဖြိုးသောအလှများက ပေါ်လွင်လျက်ရှိနေသည်။

ထိုမိန်းကလေးကတော့ ထူးထူးခြားခြား ရှက်ရွံ့ခြင်းနေဟန်မျိုး မရှိဘဲ သူမ လုပ်စရာရှိသောအလုပ်များကိုသာ လုပ်နေလေသည်။

သူမသည် ထမင်းချက်ကာနီးသောအခါ ထင်းများ ယူ၍ ပေါက်ဆိန်ဖြင့် ပေါက်နေရာ ရင်သားများက စည်းချက်ဝါးချက် ညီစွာ လှုပ်ယမ်းနေပုံကို မသိမသာ ကြည့်မိရင်း ကျွန်ုပ်တို့ဇာတ်လိုက်ကြီး နီမောင်မှာ မကြာခဏ သက်ပြင်းချနေမိတော့သည်။

ထိုအခိုက်မှာပင် စာမရီက ဖခါးရေ၊ ခေါင်ရေနှင့် သူမ ယူလာသော အစားအသောက်များကို လာချပေးသည်။

"အစ်ကိုတို့ အဘတို့ စားကြသောက်ကြပေါ့၊ ညက ဒီအိမ်မှာ အိပ်ရတာ အဆင်ပြေကြပါရဲ့လား"

"ပြေပါတယ်"

"ဒီမှာ အဆင်မပြေရင်လည်း ရွာလူကြီးအိမ်မှာ တည်းရင်လည်း ရပါတယ်၊ အစ်ကိုကတော့ ရွာလူကြီး ခွင့်ပြုရင် လူပျိုဆောင်မှာ သွားအိပ်လို့ရပါတယ်"

ဟု ပြောသည်။

သူမယူလာသောမုန့်များမှာ အခြားမဟုတ်ပေ။

နာဂတိုင်းရင်းသားတို့၏ရိုးရာမုန့်များဖြစ်သော မုန့်ဖက်ထုပ်များ၊ ရည်ကျော်၊ နှမ်းထောင်းအုပ်၊ ပျားရည်နှမ်းလုံးတို့ ဖြစ်ကြလေသည်။

မုန့်ဖက်ထုပ်မှာ ဆန်၊ ကောက်ညှင်းဆန်၊ နှံစားပြောင်း၊ ပြောင်းဖူးမှုန့်တို့ဖြင့် ရောစပ်ကာ ပြုလုပ်ထားခြင်းဖြစ်သည်။

မုန့်ဖက်ထုပ် ပြုလုပ်ရာမှာလည်း နာဂမုန့်ဖက်ထုပ်မှာ မြန်မာမုန့်ဖက်ထုပ်များကဲ့သို့ အရွယ်တော်မျိုး မဟုတ်ဘဲ လက်တစ်ဝါးခန့်အပြားနှင့် (၆)လက်မခန့် အရှည်ရှိသည့် မုန့်ဖက်ထုပ်ကြီးများပင်ဖြစ်သည်။

www.burmeseclassic.com



ထိုအထုပ်ကြီးများကို နှီးဖြင့် စည်းနှောင်ကာ ဒိုးကြီးတစ်လုံးဖြင့် ထည့်ပြုတ်ထားခြင်းဖြစ်သည်။

ပြောင်းဖူးမုန့်ဖက်ထုပ်မှာ လိုင်းနှောင်၊ ရောင်ကွမ်း၊ ကုန်းညှတ် ဆော်လော်. . ဆပ္ပကော်၊ ပုံညှိနှင့်ဟိုင်းမီနာဂတို့ အပါအဝင် နာဂတိုင်း လိုလို စားသောက်ကြသည့် အာဟာရတစ်မျိုးဖြစ်သည်။

ပျားရည်ကျော်မုန့်မှာလည်း နာဂတိုင်းရင်းသားတို့ နှစ်သက် သည့် အစားအစာတစ်မျိုးဖြစ်သည်။

ပျားရည်ကို သည်အတိုင်း မစားဘဲ ဆီထုတ်ထားသော နှမ်း ဖတ်လုံးကိုသာ ပျားရည်ဖြင့် နယ်စားကြသည်။

နီမောင်နှင့်ဦးဗန်ကောင်းတို့နှစ်ယောက်မှာ စာမရီ ယူလာ သောမုန့်နှင့် လက်ဖက်ရည်ကြမ်းတို့ကို စားသောက်နေကြစဉ် စာမရီက အနားမှာ ထိုင်ပြီး လိုအပ်သော ဝေယျာဝစ္စများ လုပ်ကိုင်ပေးလေသည်။

သို့သော်လည်း သူမ၏မျက်နှာမှာ ရွှင်ရွှင်ပျပျတော့ မရှိလှပေ။

ဧည့်သည်များရှေ့မှာမို့ ဟန်ဆောင်ထားရဟန်ရှိလေသည်။

"ဒါထက် မေးပါရစေဦး၊ ညက ကျုပ်တို့နှစ်ယောက် ဒီအိမ်ကြီး ကို ရောက်လာကြပြီးတဲ့နောက်မှာ မိန်းကလေးက ဘယ်လိုများ သိလို့ ထမင်းဟင်းတွေ လာပို့ပေးတာလဲဟင်"

ဦးဗန်ကောင်းက လက်ဖက်ရည်ကြမ်း သောက်ရင်း မေးလိုက် သည်။

"အစ်ကိုလာပြောလို့ သိရတာပါ"

"မင်းအစ်ကိုတန်ပကို ပြောမဟုတ်လား"

"သူက ကျွန်မဆီ ရောက်လာပြီး အဘတို့ ရောက်နေတဲ့ အကြောင်း လာပြောလို့ သိရတာပါ၊ သိသိချင်းပဲ အနီးအနားက အိမ် တွေမှာ ထမင်းဟင်းတွေ ရသမျှ တောင်းပြီး လာပို့ပေးတာပါ"





ထိုအခါမှ လူပျိုဆောင် အပျိုဆောင်မှာ နေသော စာမရီ ရောက်လာပြီး အစားအသောက်များ လာပို့ပေးသွားပုံကို သိရလေ တော့သည်။

ထိုစကားကြားသောအခါ ဦးဗန်ကောင်းက စိတ်မကောင်းစွာ ဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

လက်ထဲမှာ ကိုင်ထားသော လက်ဖက်ရည်ကြမ်းခွက်ကိုလည်း အပြီးသတ် မော့သောက်လိုက်လေသည်။

"မိန်းကလေးကို မေးရတာလည်း စိတ်တော့ မကောင်းပါဘူး ဒါပေမယ့် တန်ပတို့ ဘယ်လိုဖြစ်ကြတယ်ဆိုတာကိုတော့ ကျုပ်တို့ကို ပြောပြပေးပါ"

ဟု မေးလိုက်ရာ ပြတင်းပေါက်မှ မြင်နေရသော အပြင်ဘက်မှ ရှုခင်းများကို လှမ်းကြည့်နေပြီးမှ သက်ပြင်းချလိုက်လေသည်။

"အဘတို့လည်း သူတို့အကြောင်းကို သိတန်သလောက် သိကြပြီ မဟုတ်လား"

"သိပါတယ်. . . သူတို့သုံးယောက်စလုံး ဝိညာဉ်ဘဝ ရောက် နေကြပြီမဟုတ်လား"

ထိုသို့ပြောလိုက်သောအခါ စာမရီမျက်နှာပေါ်သို့ မျက်ရည်များ စီးကျလာလေသည်။

"ဟုတ်. . ဟုတ်ပါတယ်၊ အစ်ကိုတန်ပ အပါအဝင် သူတို့သုံး ယောက်စလုံး အဆက်ကလူစီဆေးပင်ကို စောင့်တဲ့ မိစ္ဆာဝိညာဉ်မြွေတွေ လက်ချက်နဲ့ သေသွားခဲ့ရတာပါ"

"အဆက်ကလူစီဆေးပင်ဆိုတာ မြန်မာလို မသေဆေးပင်လို့ ပြောတာမဟုတ်လား"

"ဟုတ်ပါတယ်. . . မသေဆေးပင်ကို ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ. . ဒါဖြင့် မသေဆေးပင်က တကယ်ရှိတာပေါ့နော်"

စာမရီက ခေါင်းညိတ်ပြသည်။

"တကယ်ရှိပါတယ်. . . ဒါပေမယ့် ရဖို့မလွယ်ပါဘူး၊ အဆော် ကလူစီဆေးပင်ကို ယူတဲ့လူတိုင်း ဆေးပင်တွေကို စောင့်ရှောက်တဲ့ မိစ္ဆာဖြူတွေရဲ့လက်ချက်နဲ့ အသက်သေကြရတာချည်းပါပဲ၊ အစ်ကိုတို့လည်း ဒါကြောင့်ပဲ သေကြရတာပါပဲ"

ဟု အစချီကာ အောက်ပါအဖြစ်အပျက်များကို ပြောပြလေသည်။

တန်ပသည် တောင်ညှိရွာမှာ ကိုယ်ပိုင်လယ်ယာစိုက်ခင်းများ ရှိသော်လည်း စိတ်မဝင်စားလှဘဲ တောင်ပေါ် တက်ပြီး အမဲလိုက်သော အလုပ်ကိုသာ စိတ်ဝင်စားလေသည်။

သူ၏အမဲလိုက်သော သက်တမ်းတလျှောက်တွင် ကျား၊ ဝက်ဝံ၊ ကျားသစ် စသော တောကောင်ကြီးများကို တစ်ကိုယ်တော် အစွမ်းနှင့် ရအောင်ဖမ်းပြနိုင်သူဖြစ်လေသည်။

သူ့အိမ်မှာ ဖမ်းဆီးရခဲ့သော တောကောင်များ၏ဦးခေါင်းများ အစွယ်များ၊ ဦးချိုများနှင့် သားရေချပ်ကြီးများကို ဂုဏ်ယူစွာ ချိတ်ဆွဲထားလေသည်။

အထူးသဖြင့် ကျားစွယ်၊ ကျားခေါင်း၊ ကျားသားရေချပ်များကို ချိတ်ဆွဲထားနိုင်ခြင်းမှာ သူတို့အတွက် ဂုဏ်ယူဖွယ်ရာတစ်ခုပင်ဖြစ်သည်။

နာဂတိုင်းရင်းသားတို့ ဂုဏ်ယူတိုက်ခိုက်လေ့ရှိသော တိရစ္ဆာန်မှာ 'ကျား' ပင်ဖြစ်သည်။

ထို့ကြောင့် ပန်များတွင် အောင်နိုင်မှုအထိမ်းအမှတ်အဖြစ် ရှေ့မျက်နှာစာ ခေါင်တိုင်ကြီးများတွင် ကျားဖောက်ထိုးဆင်းသည့်သဏ္ဌာန်





ကို ရုပ်လုံးထွင်းကာ ထည့်လေ့ရှိကြသည်။

အဓိပ္ပါယ်မှာ ကျားကို အောင်နိုင်သော ပန်သားများဟု အဓိပ္ပါယ်ရှိပေသည်။

နာဂတို့၏ကျားဖမ်းနည်းမှာလည်း စိတ်ဝင်စားစရာကောင်းလှပေသည်။

နာဂတိုင်းရင်းသားတစ်ဦးက တောတွင်းတစ်နေရာမှာ ကျားကို တွေ့ပါက ရွာလူကြီးကို ချက်ချင်းအကြောင်းကြားရပေသည်။

ရွာလူကြီးက ပန်တုံးကို ခေါက်ပြီး အချက်ပေးလိုက်သည်နှင့် နာဂယောက်ျား လူငယ်လူရွယ်မှန်သမျှ ဓါး၊ လှံ၊ ဒိုင်း စသည်တို့ကို ယူဆောင်ကာ ရွာလူကြီးအိမ်သို့ သွားရောက်စုဝေးကြရသည်။

ထို့နောက် ကျားတွေ့သောနေရာသို့ ဦးတည်ကာ လေးဘက်လေးတန် လူစုခွဲပြီး ဝန်းရံသွားကြလေသည်။

ညာသံပေးကာ တဖြည်းဖြည်းနှင့် နယ်မြေကျဉ်းသည်ထက် ကျဉ်းအောင် ပြုလုပ်ကြလေသည်။

ဝိုင်းထားသောဧရိယာအတွင်းသို့ ရောက်နေသောကျားသည် ပြေးပေါက်မရှိတော့သည့်အဆုံး နေရာကောင်းတစ်ခုမှ ပုန်းလျှိုးစောင့် ဆိုင်းနေရတော့သည်။

ထိုသို့ဝိုင်းရံကြရာမှာ တောင်ပိုင်းသားတို့က ဒိုင်းချင်း ယှက်သည်အထိ နေရာကျဉ်းလာကြပြီး မြောက်ပိုင်းသားတို့ကမူ လက်တစ်ကမ်း အဝန်းအဝိုင်း ရသည်နှင့် အမြန်ဆုံး ခြံခတ်၍ ခြံစည်းရိုး ကာကြလေသည်။

ခြံစည်းရိုး ကာပြီးသောအခါ လင့်စင်များ ထိုး၍ လင့်စင်ပေါ်မှ တူမီးသေနတ်ဖြင့် အသင့်စောင့်ဆိုင်းနေကြသည်။

ကျားနှင့် ရင်ဆိုင်တွေ့သောအခါ ဒိုင်းများဖြင့် ကာရံယှက်



www.burmeseclassic.com

www.burmeseclassic.com



ခါးလုံ့များဖြင့် ထိုးခုတ်တိုက်ခိုက်ကြလေတော့သည်။

ပထမဆုံး ကျားကို တွေ့ပြီး လှံဖြင့် ပစ်နိုင်သည်ဖြစ်စေ၊ ဓါးဖြင့် ခုတ်နိုင်သည်ဖြစ်စေ၊ ထိုသူမှာ သူရဲကောင်းဖြစ်ပြီး ကျားစွယ်ကို ပိုင်ဆိုင်ခွင့်ရလေသည်။

ဒုတိယ တွေ့ပြီး အကူအညီပေးသောသူက ကျားလက်သည်းကို ပိုင်ဆိုင်ခွင့်ရလေသည်။

ထိုကျားကို ရသောအခါ ရန်သူ၏ကျားသွေးကို ဆေးသောချောင်းအနီးမှာပင် ချက်ပြုတ်စားသောက်ကြပြီး ထိုနေရာမှာပင် ညအိပ်ကြပြီး နောက်တစ်နေ့မှ ရွာသို့ ပြန်ကြလေသည်။

နာဂသူရဲကောင်းများသည် ကျားစွယ်ကို လည်မှာ ဆွဲထားပြီး ကျားလက်သည်းကို နားမှာ ပန်ထားကြလေသည်။

တန်ပသည် တောင်ညိုရွာတွင် ကျားဖမ်းနိုင်သော သူရဲကောင်းစာရင်းဝင် နာဂလူရွယ်တစ်ဦးဖြစ်လေသည်။

တစ်နေ့မှာတော့ ကျားလိုက်ရင်းနှင့် ဝိညာဉ်ဖြူတောင် ရှိရာဘက်သို့ နယ်ကျော်ရောက်ရှိသွားလေသည်။ ဝိညာဉ်ဖြူတောင်မှာ နာမည်သာ ကြားဖူးပြီး တစ်ခါမှ မရောက်ဖူးခဲ့သေးချေ။

ထိုနေရာမှာ ချင်းတွင်းမြစ်ဖျားမှ အနောက်ဘက်သို့ ခွဲတက်သွားသော မြစ်လက်တက်နှစ်ခုကြားတွင် ရှိပြီး အိန္ဒိယနယ်စပ်နှင့်လည်း နီးလေသည်။

ထိုနေရာဘက်တွင် အိန္ဒိယနယ်စပ်ဘက်မှာ ရှိသည့် လူသားစားကြသည့် အိန္ဒိယလူရိုင်းများ ကျက်စားသောနေရာလည်း ဖြစ်သည်။

ဝိညာဉ်ဖြူတောင်မှာ အဝေးမှ ကြည့်လျှင် တောင်တစ်ခုလုံး ထုံးသုတ်ထားသကဲ့သို့ ဖွေးဖွေးဖြူလျက်ရှိပြီး အဘိုးကြီးတစ်ယောက် မတ်တတ်ရပ်နေသော ပုံသဏ္ဌာန်မျိုးနှင့်လည်း တူလေသည်။





ထိုတောင်ကို မြင်သောအခါ တန်ပမှာ များစွာအံ့ဩနေလေသည်။

"ဒီတောင်ဟာ ငါတို့ရဲ့အဘိုးနဲ့အဖေတို့ ပြောနေကြတဲ့ ဝိညာဉ်ဖြူတောင်ဆိုတာ ဖြစ်ရမယ်၊ သူတို့ပြောတဲ့အတိုင်း အဘိုးကြီးတစ်ယောက် ရပ်နေတဲ့ ပုံသဏ္ဌာန်နဲ့ တူပြီး တောင်တစ်တောင်လုံးလည်း ထုံးသုတ်ထားသလို ဖြူဖွေးနေတာပဲ၊

တကယ်လို့သာ ဝိညာဉ်ဖြူတောင် မှန်မယ်ဆိုရင်တော့ အတွင်းလိုဏ်ဂူထဲမှာ အဆက်ကလူစီလို့ ခေါ်တဲ့ မသေဆေးပင်တွေ ရှိမှာအမှန်ပဲ၊

ငါတော့ ဟန်ကျပြီ၊ တောစောင့်နတ် တောင်စောင့်နတ်တွေက-လမ်းပြပေးလိုက်လို့ ဒီနေ့ရာ ရောက်လာတာ ဖြစ်မှာပဲ၊ ဘာပဲဖြစ်ဖြစ် ဒီနေရာရောက်မှတော့ အတွင်းဝင်ကြည့်ရမယ်"

ဟု စိတ်ကူးပြီး တောင်ခြေနှင့် မနီးမဝေးသောနေရာမှာ ထိုညအဖို့ စခန်းချနေလေသည်။

ထိုနေ့ညက နှင်းပါးနေပြီး လရောင်လည်း အတန်အသင့် ရှိနေသောကြောင့် ပတ်ဝန်းကျင်ကို အတန်အသင့် လှမ်းမြင်ရလေသည်။

သူ စခန်းချနေသောနေရာမှ လှမ်းကြည့်လျှင် ဝိညာဉ်ဖြူတောင်ခြေသို့ပင် ဝိုးတဝါး လှမ်းမြင်ရလေသည်။

ညဦးပိုင်းအချိန်လောက်ရောက်သောအခါ ဝိညာဉ်ဖြူတောင်ခြေတဝိုက်တွင် ဖြူဖြူသဏ္ဌာန်များ သွားလာလှုပ်ရှားနေသည်ကို လှမ်းမြင်ရလေသည်။

ထိုသဏ္ဌာန်များမှာ တောင်ခြေ၌ ရှိသော ဂူပေါက်ဝများ အတွင်းသို့ ဝင်သွားလိုက် ပြန်ထွက်လာလိုက် ပြုလုပ်နေကြသည်။ ထိုအရာများကို မြင်တော့ တန်ပမှာ များစွာအံ့ဩသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူတွေ ဝင်လိုက်ထွက်လိုက်နဲ့ပါလား၊ ကေန္တ အတွင်းမှာ နာဂလူရိုင်းတွေများ ရှိနေကြတာလား၊ ငါတစ်ယောက်ထဲ ဝင်ရင်တော့ အန္တရာယ်နဲ့ တွေ့ရင် ဒုက္ခရောက်နိုင်တယ်၊ ဒီတော့ နေရာမှတ်ထားပြီး ရွာပြန်သွားမယ်၊ ပြီးမှ အဖေနဲ့အစ်ကို့ကို ခေါ်လာခဲ့မယ်"

ဟု တွေးတောမိလေသည်။

ထိုသို့စိတ်ကူးပြီးနောက် တောင်ညိုရွာသို့ ပြန်သွားပြီး အဖေနှင့် အစ်ကိုဖြစ်သူအား ထိုအကြောင်း ပြောပြလေသည်။

"ကျွန်တော် ဝိညာဉ်ဖြူတောင်ကို ရှာတွေ့ခဲ့ပြီ၊ အထဲမှာ မသေဆေးပင်တွေ ရှိတယ်ဆိုတာ တကယ်လား"

"ရှိတယ်လို့တော့ သတင်းကြားတယ်၊ ဒါပေမယ့် မသေဆေးပင်တွေကို ဘယ်သူမှ ယူလို့မရဘူး"

"ဘာကြောင့်လဲ"

"အဲဒီဆေးပင်တွေကို ဝိညာဉ်ဖြူတွေက စောင့်ရှောက်နေတယ်၊ ဆေးပင်ကို ဝင်ယူတဲ့လူမှန်သမျှ အားလုံးသတ်ပစ်တယ်လို့ ပြောကြတယ်"

"အန္တရာယ်တွေကတော့ ရှိမှာပေါ့၊ ဒါပေမယ့် ဒီဆေးပင်မျိုး ရမယ်ဆိုရင် တစ်သက်ပြီးရော မဟုတ်လား၊ တစ်သက်လုံး ကျန်းကျန်းမာမာ အသက်ရှည်ရှည် နေရရင် ဘာလိုတော့မှာလဲ"

ဟု တန်ပက, ပြောပြရာ ကျန်နှစ်ယောက်ကလည်း အနည်းငယ် စိတ်ဝင်စားလာကြသည်။

"အဖေတို့အစ်ကိုတို့ ဘာမှစဉ်းစားမနေကြနဲ့၊ အမေ့ကျန်းမာရေးအခြေအနေကလည်း သိပ်ကောင်းတာ မဟုတ်ဘူး၊ ဒီဆေးပင်ရမှပဲ အမေလည်း အသက်ရှည်ရှည် နေနိုင်မယ်"

"သွားယူတာကတော့ ဟုတ်ပါပြီ၊ ဒီဆေးပင် သွားယူလို့ တစ်ခုခု





ဖြစ်လာရင် ရွာထဲမှာ နေရမှာ မဟုတ်ဘူး၊ ရွာကို ထိခိုက်မှာစိုးလို့ ရွာလူကြီးက ရွာအပြင်ကို နှင်ထုတ်လိမ့်မယ်"

"နှင်ထုတ်တော့လည်း ကိုယ့်ယာခင်း ရှိတဲ့နေရာ သွားနေကြမှာပေါ့ဗျာ၊ ဘယ်နေရာမှာ နေရနေရ အသက်ရှည်ဖို့က အဓိက မဟုတ်လား"

ထိုအခါ ကျန်နှစ်ယောက်ကလည်း တန်ပနောက်မှ လိုက်ခဲ့ကြရန် သဘောတူကြလေသည်။

"ဒါထက် မင်းတွေ့ခဲ့တဲ့ ဖြူဖြူတွေဆိုတာ ဘယ်လိုသတ္တဝါမျိုးတွေလဲ"

"ညဘက်ဆိုတော့ သဲသဲကွဲကွဲ မမြင်ခဲ့ရဘူး၊ အိန္ဒိယ နာဂလူရိုင်းတွေများ ဖြစ်မလား မသိဘူး"

"လူရိုင်းတွေဆိုရင် ကိစ္စမရှိပါဘူး၊ သူတို့ မသိအောင် တစ်နေရာက ဝင်မှာပေါ့၊ တစ်ခုတော့ ရှိတယ်၊ တစ္ဆေသရဲတွေဆိုရင်တော့ သူတို့မသိအောင် ဝင်လို့ရမှာ မဟုတ်ဘူး"

ဟု ပြောကာ ခရီးထွက်ရန်အတွက် လက်နက်၊ ရိက္ခာ စသည်တို့ကို ပြင်ဆင်ကြလေသည်။

မိခင်ဖြစ်သူကတော့ ထိုခရီးကို မသွားစေလိုပေ။ သို့သော် သုံးယောက်စလုံးက တက်တက်ကြွကြွနှင့် သွားရန် ပြင်နေကြသောကြောင့် မတားတော့ပေ။

နောက်တစ်ရက်မှာတော့ သုံးယောက်သား ဝိညာဉ်ဖြူတောင်ရှိရာသို့ တစ်ခေါက်ပြန်သွားကြလေသည်။

သူတို့ မသေဆေးပင် ရှာဖွေရန် ခရီးထွက်ကြသည့်အကြောင်းကိုတော့ တစ်ရွာလုံး မည်သူမှ မသိအောင် လျှို့ဝှက်ထားရလေသည်။

အဆက်ကလူစီ ခေါ် မသေဆေးပင်ကို နာဂအဘော်များများ



www.burmeseclassic.com

www.burmeseclassic.com



က 'နတ်ဆေးပင်' ဟု သတ်မှတ်ထားကြသည်။

ထိုဆေးပင်မှာ နတ်များ ပိုင်သောကြောင့် လူအများက ယူလျှင် နတ်များက မနှစ်သက်ကြပေ။

ထိုဆေးပင် နှုတ်ယူသူကိုလည်း အသက်သေအောင် ပြုလုပ်ကြသည်ဟု အယူရှိကြပြီး ထိုဆေးပင်ကို ရှာဖွေသည် ဆိုလျှင်ပင် မကြိုက်ကြပေ။

အကယ်၍ ကိုယ့်သဘောနှင့်ကိုယ် ထွက်ရှာပြီး အန္တရာယ်တစ်ခုခုနှင့် ကြုံလာပါက ထိုလူကို ရွာထဲမှာ နေခွင့်မပေးတော့ပေ။

အဘယ်ကြောင့်ဆိုသော်. . .

ထိုလူနှင့် ပါလာသော အန္တရာယ်များက တစ်ရွာလုံးကို နှောင့်ယှက်မည်စိုးသောကြောင့်ဖြစ်သည်။

သူတို့သည် လမ်းမှတ်မိနေသောကြောင့် နှစ်ညအိပ်မျှသာ ရပြီး ဝိညာဉ်ဖြူတောင်နှင့် မနီးမဝေးနေရာသို့ ရောက်သွားကြလေတော့သည်။

သို့သော်လည်း တောင်ရှိရာသို့ ချက်ချင်းမသွားသေးဘဲ အခြေအနေ စောင့်ကြည့်ရန်အတွက် မနီးမဝေးနေရာမှာ စခန်းချနေကြလေသည်။

ညအချိန်ရောက်လာသောအခါ နှင်းများ ကျလာသောကြောင့် ဝိုးတဝါးသာ လှမ်းမြင်ရတော့သည်။

ညဥ့်နက်ပိုင်းအချိန် ရောက်သည်အထိတော့ ဘာမှ အခြေအနေ မထူးဘဲ ရှိနေရာမှ သန်းခေါင်ယံအချိန်ရောက်သောအခါ ဂူအတွင်းမှ ဖြူဖြူသဏ္ဌာန်များ ထွက်လာပြီး မီးခိုးငွေ့များပမာ ဝေ့ဝဲပျောက်ကွယ်သွားလေသည်။

အတန်ကြာသောအခါ ဘီလူးတမျှ ကြီးလှသော ဖြူဖြူသဏ္ဌာန်





ကြီး ထွက်လာသည်။

၎င်းမှာ နှင်းလူတစ်ကောင်ပမာ ခန္ဓာကိုယ် ထွားကျိုင်းလှပြီး တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူလျက်ရှိလေသည်။ ပုံပန်းသဏ္ဌာန်မှာလည်း နှင်းလူနှင့်သော်လည်းကောင်း၊ ဘီလူးတစ်ကောင်နှင့်သော်လည်းကောင်း များစွာတူလှပြီး ကြောက်စရာလည်း ကောင်းလှပေသည်။

"ဘာကောင်ကြီးလဲ"

"မသိဘူး. . . တစ္ဆေသရဲ ဖြစ်မှာပေါ့"

"ဒီအတိုင်းဆိုရင် ဂူထဲမှာ နာဂရိုင်းတွေ မရှိတော့တာ သေချာပြီ၊ ဝိညာဉ်တွေကိုတော့ ကြောက်စရာမလိုဘူး၊ သူတို့က ငါတို့ကို ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး၊ မနက်လင်းတာနဲ့ ဂူထဲ ဝင်ကြမယ်"

ထိုသို့တိုင်ပင်ပြီး အခြေအနေ စောင့်ကြည့်နေကြစဉ် မိုးလင်းကာနီးအချိန်တွင် ဖြူဖြူသဏ္ဌာန်များ ဂူထဲ ပြန်ဝင်သွားကြသည်ကို မြင်ရပြန်သည်။

နောက်တစ်နေ့ မိုးလင်းသောအခါ သုံးယောက်သား ဂူပေါက်ဝအနီးသို့ သွားကာ အခြေအနေကို ကြည့်ကြသောအခါ ဂူအတွင်းမှာတော့ လူရိပ်လူခြည် မမြင်ရပေ။

သို့သော် ဂူအတွင်းပိုင်းမှာတော့ လူသံလိုလို အသံများကိုတော့ မသဲမကွဲ ကြားနေကြရသည်။

"လူသံတွေတော့ ကြားရတယ်"

"လူရိုင်းတွေများ ဖြစ်နေမလား"

"ဘာပဲဖြစ်ဖြစ် ဝင်ကြည့်တာ ပိုမကောင်းဘူးလား"

ထို့နောက်မှာတော့ ပါလာသော တူမီးသေနတ်၊ ဓါး၊ လှံ၊ လေး များတို့ကို အဆင့်သင့် ကိုင်ပြီး ဂူပေါက်ဝမှာ စတင်ဝင်ကြလေသည်။

သူတို့သုံးယောက် ဂူအတွင်းသို့ ဝင်သွားကြသောအချိန်မှာတင်

www.burmeseclassic.com



ဂူအတွင်းပိုင်းမှ စောစောက ကြားနေရသောအသံများမှာ မီးကို ရေဖြင့် ဖြန်းလိုက်သကဲ့သို့ တိတ်ဆိတ်သွားလေတော့သည်။

သို့သော်လည်း သူတို့အနီးအနားမှ ဖြတ်သွားသော အရိပ်လိုလို သဏ္ဌာန်များ ရှိနေသည်ကိုတော့ သတိပြုမိကြသည်။

ဘာမှတော့ မမြင်ရပေ။

အနားမှ တစ်စုံတစ်ယောက် ဖြတ်သွားသည်ကိုသာ သိရသော်လည်း ဘာမှတော့ မရှိပေ။

တန်ပစိတ်ထဲမှာတော့ အကောင်အထည်မမြင်ရသောဝိညာဉ်များပင် ဖြစ်မည်ဟု ထင်လိုက်မိသည်။

အတွင်းပိုင်းရောက်သောအခါ ဂူက အတော်ကျယ်ဝန်းသည်။ အမိုးမှ ကျောက်စွယ်ကျောက်ချွန်များက အောက်သို့ တွဲကျနေကြသည်။

ထိုကျောက်စွယ် ကျောက်ချွန်များ ထုံးကျောက်များ ဖြစ်ပြီး နှစ်ပရိစ္ဆေဒ ကြာမြင့်ပြီဖြစ်သောကြောင့် ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်နေကြလေသည်။

ဆင်ပုံသဏ္ဌာန်၊ ကျားပုံသဏ္ဌာန်၊ လူဝံ၊ မျောက်ဝံ၊ ဂဠုန်၊ ငှက်၊ နဂါး၊ မြွေ၊ လိပ်၊ မျောက် အစရှိသော ပုံသဏ္ဌာန်များ ပေါ်နေလေသည်။

ဂူအမိုးအပေါ်မှ ရေများက စိမ့်နေကြသောကြောင့် နှစ်ပရိစ္ဆေဒ ကြာသောအခါ ထုံးကျောက်သားများမှာ ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်နေကြခြင်းဖြစ်သည်။

ထူးဆန်းသောအချက်မှာ ဂူအတွင်းဘက် ရောက်လာသောအခါ အလင်းရောင်များ ရှိနေလေသည်။

ထိုအလင်းရောင်များမှာ ဂူနံရံများမှ လင်းနေခြင်းဖြစ်လေသည်။





ထို့ထက် အတွင်းပိုင်း ရောက်သောအခါ တသွင်သွင် စီးနေသော စမ်းချောင်းငယ်တစ်ခုကို တွေ့ရပြီး ရေမှာ မြသားအသွင် ကြည်လဲ့နေလေသည်။

သို့သော်လည်း ထိုချောင်းရေနှင့်အတူ သွေးများ ရောပါလာသကဲ့သို့ အနီရောင်အရည်အချို့လည်း ရောနှောပါလာလေသည်။

တန်ပတို့ကတော့ ထိုအရာကို သတိမပြုမိကြဘဲ ထိုချောင်းရိုးအတိုင်း ချောင်းအတွင်းဘက်သို့ ဆက်တက်ခဲ့ကြလေသည်။

ထိုအတွင်းပိုင်းမှာ သိပ်မကျယ်တော့ဘဲ လူတစ်ကိုယ်သွားရုံလောက်သာ ရှိတော့သည်။

စမ်းချောင်းမှာလည်း ကျောက်တုံးများကြားမှ စီးဆင်းလျှက်ရှိနေသည်။

တစ်နေရာရောက်သောအခါ ရေအိုင်ကဲ့သို့ ဖြစ်နေသောနေရာသို့ ရောက်သွားကြသည်။

ရေအိုင်မှာ အတော်ကလေး ကျယ်ပြီး နံဘေးပတ်လည်မှာ သောင်ပြင်ကဲ့သို့ ဖြစ်နေပြီး ထိုသောင်ခုံများပေါ်မှာ ပေါက်နေသည့် သစ်ပင်ကလေးများကို တွေ့ကြရသည်။

သစ်ပင်ကလေးများမှာ ဒန်းပင်နှင့် အရွယ်အစားရော ပုံသဏ္ဌာန်ပါ တူပြီး တစ်ပင်လုံး ပတ္တမြားကဲ့သို့ နီရဲနေလေသည်။

စမ်းချောင်းမှာလည်း ထိုနေရာမှာပင် ဆုံးသွားလေသည်။

ရေထွက်နေသောနေရာမှာ အခြားမဟုတ်ဘဲ ကြီးမားလှသော ကျောက်တုံးကြီးနှစ်တုံးအောက်မှဖြစ်သည်။

ကျောက်တုံးကြီးနှစ်တုံးမှာ ထက်ခြမ်းကွဲနေသကဲ့သို့ ဖြစ်နေပြီး အလယ်ကြားနေရာမှ ပျစ်ချွဲချွဲ အနီရောင်အရည်များ စိမ့်ထွက်နေသည်။

www.burmeseclassic.com



ထိုအရည်များက ရေအိုင်အတွင်းသို့ တစ်စက်ချင်း ကျနေလေသည်။

ထိုသို့ကျသွားသည့်အခါ ရေထဲသို့ သွေးစက်ကျသွားသည့်အတိုင်း နီရဲသွားလေသည်။

အနီရောင်ဖြစ်သွားသော ရေများက စမ်းချောင်းအတိုင်း အောက်သို့ စီးဆင်းသွားကြလေသည်။

ကျောက်တုံးကြီးနှစ်ကြားမှ စိမ့်ထွက်နေသည့်အရည်များမှာ အခြားမဟုတ်ဘဲ ကျောက်သွေးများ ဖြစ်သလို သောင်ပြင်ပေါ်မှာ ပေါက်နေသော အနီရောင် အပင်ငယ်ကလေးမှာလည်း အခြားမဟုတ်ပေ။

အဆက်ကလူဆီဟု ခေါ်သည့် မသေဆေးပင်ဟု တင်စားခေါ်ကြသော အသက်ရှည်ဆေးပင်များပင် ဖြစ်ပေတော့သည်။

"ဒါ. . ငါတို့ ရှာနေတဲ့ မသေဆေးပင်တွေ ဖြစ်မယ်ကွ"

"ဟုတ်မယ်ထင်တယ်"

"ဘယ်လိုလုပ်ကြမလဲ"

"ရသမျှ နှုတ်ယူသွားကြရမယ်"

ဟု ပြောပြီး အပင်များ ပေါက်နေသော သဲသောင်ပေါ်သို့ သွားကြလေသည်။

ထိုအခိုက်မှာပင် မမျှော်လင့်သောအန္တရာယ်က ဝင်ရောက်လာလေတော့သည်။

အခြားမဟုတ်ပေ. . .။

သူတို့နောက်ဘက်မှ ခြေသံပြင်းပြင်းနှင့် နင်းလျှောက်လာသောခြေသံကို ကြားရသဖြင့် သုံးယောက်သား လှည့်ကြည့်လိုက်သော်လည်း ဘာမှမတွေ့ရပေ။





သို့သော်လည်း သူတို့ရှိရာသို့ တစ်စုံတစ်ယောက် လာနေသည်ကိုတော့ ခြေသံကြားရုံဖြင့် သိနိုင်ကြပေသည်။

"ဘာကောင်လဲ"

"မမြင်ရဘူး. . ခြေသံတော့ ကြားနေရတယ်"

တန်ပက ခြေသံကြားရာဘက်သို့ တူမီးသေနတ်ဖြင့် ချိန်ထားရင်း ပြောလိုက်သည်။

ထိုအခိုက်မှာပင် သူတို့နှင့် မနီးမဝေးနေရာရှိ သဲပြင်ပေါ်မှာ ကြီးမားသောခြေရာကြီး ထင်လာသည်ကို အတိုင်းသား မြင်ရလေသည်။

"ဟို. . ဟိုမှာ. . ."

ခြေရာကြီးများမှာ လူခြေရာပင်ဖြစ်သော်လည်း သာမန်လူ ခြေရာထက် နှစ်ဆခန့် ကြီးနေတော့သည်။

ခြေရာကိုသာ တွေ့ရသော်လည်း အကောင်အထည်ကိုတော့ မတွေ့ရသေးပေ။

သို့စေကာမူ သူတို့ရှိရာသို့ ဦးတည်လာနေသည်ကိုတော့ ခြေရာများက သက်သေပြနေလေသည်။

တန်ပခမှာလည်း တူမီးသေနတ်ကို မောင်းတင်ပြီး ပစ်ခတ်ရန် အသင့်လုပ်ထားသော်လည်း ဘာကိုပစ်ရမှန်း မသိချေ။

ကျန်နှစ်ယောက်ကလည်း ဓါး၊ လှံများ တပြင်ပြင် ဖြစ်နေကြသည်။

ထိုအခိုက်မှာပင် မနီးမဝေးမှာ ဖြူဖြူသဏ္ဍာန်ကြီး တရေးရေးနှင့် ပေါ်လာလေတော့သည်။

အရပ်အမောင်းရော၊ အလုံးအထည်ပါ လူတစ်ယောက်ထက် နှစ်ဆခန့် ကြီးထွားမြင့်မားပြီး တစ်ကိုယ်လုံး ဘုလုံးကြီးများ ထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် လူနှင့် ပုံသဏ္ဍာန်တူသူတစ်ယောက်ပင်ဖြစ်သည်။

ရုတ်တရက်ကြည့်လျှင်တော့ လူနှင့် မတူဘဲ သတ္တဝါကြီးတစ်ကောင်၊ သို့မဟုတ် ဘီလူးကြီးတစ်ကောင်ပင်ဖြစ်တော့သည်။

ထိုသတ္တဝါကြီးကို မြင်သည်နှင့် တန်ပက တူမီးသေနတ်ဖြင့် နှစ်ချက်ဆင့်ပစ်သည်။

"ဒိန်း. . . ဒိန်း"

သေနတ်ကျည်ဆန် ထိမှန်သော်လည်း ထိုသတ္တဝါကြီးက မဖြုံလှပေ။

သေနတ်ကျည်ဆန် ထိမှန်သွားသောနေရာမှ အရောင်တလက်လက် ဝင်းနေသော အဖြူရောင်အရည်များသာ ထွက်လာသည်။

ထိုသတ္တဝါကြီးက ဒဏ်ရာကို ငုံ့ကြည့်ပြီး ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် သွားဖြဲပြသည်။

တန်ပက နောက်တစ်ကြိမ် ထပ်ပစ်ရန် သေနတ်ဖြင့် ချိန်သည်။

"မပစ်နဲ့တော့ တန်ပ၊ မင်းပစ်နေလည်း သူ ဘာမှဖြစ်မှာမဟုတ်ဘူး၊ အနားမရောက်လာခင် ထွက်ပြေးကြစို့"

ဟု ပြောပြီး သုံးယောက်သား ထွက်ပြေးရန် ကြိုးစားကြရလေသည်။

သို့သော်လည်း ဂူမှာ သိပ်မကျယ်လှသောကြောင့် ထိုအထဲမှ မထွက်နိုင်ခင်မှာ အဘိုးကြီးကို ဖမ်းမိသွားသည်။ ခါးလည်မှ ဖမ်းဆွဲ၍ ဂူနံရံနှင့် ရိုက်ချလိုက်သည်ကိုသာ တွေ့ရပြီး မကယ်နိုင်ကြတော့ပေ။

ညီအစ်ကိုနှစ်ယောက် ဂူပေါက်ဝမှ ထွက်ပြေးလာကြစဉ် ဝူအတွင်းမှ ဘယ်နေရာက ထွက်လာမှန်း မသိသော ဖြူဖြူသဏ္ဍာန်အချို့ ထွက်လိုက်လာသည်ကိုလည်း လှမ်းမြင်ရသေးသည်။





ထိုသဏ္ဍာန်များမှာ ဂူအပြင်ဘက် အလင်းရောင်အောက်ရောက်သည်နှင့် မှုန်ဝါးပျောက်ကွယ်သွားကြတော့သည်။

တန်ပတို့ညီအစ်ကိုနှစ်ယောက်မှာလည်း ခြေဦးတည့်ရာ ပြေးကြသော်လည်း မလွတ်ကြတော့ပေ။

နောက်မှ လိုက်လာသောခြေသံများ၊ တောတိုးလာသံများသာကြားရပြီး အကောင်အထည် မမြင်ရသောရန်သူများ လက်ချက်ကြောင့် ရွာသို့ မရောက်ခင်မှာပင် တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားကြတော့သည်။

"အဖေရော အစ်ကိုတို့နှစ်ယောက်ပါ သေသွားပြီးတဲ့နောက်မှာ အမေလည်း စိတ်ထောင်းကိုယ်ကြေ ဖြစ်ပြီးတော့ သေဆုံးသွားပါတယ်၊ မကြာခင်မှာပဲ သူတို့လေးယောက်စလုံး အိမ်ကို ပြန်ရောက်လာကြတယ်"

"ဘယ်လိုရောက်လာတာလဲ မိန်းကလေးရဲ့"

"ဝိညာဉ်တွေဘဝနဲ့ ပြန်ရောက်လာကြတာပါ၊ နောက်တော့ ရွာလူကြီးက ဒီအကြောင်းတွေ သိသွားတာနဲ့ ရွာထဲမှာ မနေတော့ဘဲ ဒီနေရာမှာ လာနေတာပါ"

"ဒီလိုဆိုရင် သူတို့က မိန်းကလေးနဲ့ အဆက်အသွယ် ရှိနေကြတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်. . . သူတို့လေးယောက်စလုံး ကျွန်မနဲ့ မိသားစုတွေလိုပဲ နေကြပါတယ်"

ဟု စာမရီက ဖြစ်ကြောင်းကုန်စင် ပြောပြလေသည်။

ထိုသို့ စကားပြောနေကြစဉ် ထမင်းဟင်း ချက်ပြုတ်နေသော မိန်းကလေးက ထမင်းပွဲ ပြင်ပြီးကြောင်း လာခေါ်သဖြင့် ထမင်းဝိုင်းရှိရာသို့ သွားကြရာ စကားပြတ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဟင်းချက်ပြုတ်ပေးသော နာဂမိန်းကလေး၏အမည်မှာ နွယ်ကြာမှုံဖြစ်ပြီး သူမသည် နီမောင်အပေါ်မှာ စိတ်ဝင်စားသောအမူအယာ ရှိလေသည်။

ထမင်းစားပြီးတော့ သူမက မေးသည်။

"အစ်ကိုက လူပျိုမဟုတ်လား"

"ဟုတ်ပါတယ်"

"လူပျိုဆိုရင် လူပျိုဆောင်မှာ လာအိပ်လို့ရတယ်၊ ကျွန်မတို့စာမရီတို့လည်း ရှိတယ်. . . လာခဲ့ပါလား"

ဟု ဖိတ်ခေါ်သည်။

နီမောင်က ပြုံးပြုံး ခေါင်းခါပြလိုက်သော် မျက်နှာပေါ်မှာ မကျေနပ်မှု အရိပ်အယောင်ကလေးများ ပေါ်သွားလေသည်။

သို့သော် မသိဟန်ဘဲ နေလိုက်သည်။

ရင်ထဲမှာတော့ အနည်းငယ် လှုပ်ရှားနေလေသည်။





# အခန်း(၈)

## ဂမုန်းနက်ပင်ကျွန်း တိုက်ပွဲ

နေ့လယ်ဘက်အချိန်တွင် ဦးဗန်ကောင်းနှင့်နီမောင်တို့မှာ ခရီးဆက်ရန်အတွက် တိုင်ပင်ဆွေးနွေးကြလေသည်။

သူတို့ရှာဖွေနေသော မသေဆေးပင် ရှိရာသို့ သဲလွန်စ ရပြီဖြစ်သော်လည်း မည်သို့မည်ပုံ ရောက်အောင်သွားရမှန်းတော့ မသိကြသေးပေ။

ထိုနေရာကို ရောက်ဖူးသော တန်ပတို့ကလည်း မရှိကြတော့ပေ။ အန္တရာယ်များသော ခရီးလမ်းမျိုးကို အတွေ့အကြုံရှိသူတစ်

www.burmeseclassic.com



ယောက် မပါဘဲနှင့် စမ်းတဝါးဝါး သွားရမည်မှာ မလွယ်လှပေ။

သို့သော်လည်း ထိုနေရာ ရောက်အောင် လာခဲ့ပြီးမှတော့ မသေဆေးပင် ရှိသောနေရာအထိတော့ ဆက်သွားရပေလိမ့်မည်။

နောက်တစ်နေ့ မနက်လင်းသည်နှင့် ခရီးဆက်ကြရန် ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်နေကြစဉ် ညနေစောင်းအချိန်တွင် သူတို့ရှိရာသို့ စာမရီ ရောက်လာလေသည်။

"အစ်ကိုတို့ ခရီးဆက်ကြတော့မလို့လား"

"မနက်လင်းမှ သွားမှာ၊ စာမရီ ရောက်လာတာနဲ့ အတော်ပဲ၊ ဝိညာဉ်ဖြူတောင်ကို ခရီးလမ်း သိတဲ့လူများ ဒီရွာမှာ မရှိကြဘူးလား"

"ဟင့်အင်း. . . ဘယ်သူမှ ရောက်ဖူးကြတယ်လို့ မကြားမိပါဘူး၊ တကယ်လို့ ရောက်ဖူးရင်တောင်မှ ခေါ်ရင် လိုက်ဝံ့ကြမှာ မဟုတ်ဘူး"

"ဘာကြောင့်လဲဟင်"

"အဲဒီတောင်ကို သွားတဲ့လူတိုင်း သေနေကြတာဆိုတော့ ဘယ်လိုက်ဝံ့ပါ့မလဲ"

"အစ်ကိုတို့က အခုမှ ဒီနယ်ရောက်ကြတာဆိုတော့ လမ်းပြမပါဘဲနဲ့ သွားရမှာ ခက်နေလို့ပါ"

ထိုစကားကြားသောအခါ စာမရီက အတန်ကြာအောင် စဉ်းစားနေပြီးမှ ပြောသည်။

"ဒီလိုဆိုရင် လမ်းသိတဲ့လူက အစ်ကိုတန်ပ,ပဲ ရှိတယ်၊ သူ့ဝိညာဉ်ကို ခေါ်မေးပါလား"

"အဲ့ဒီလို ခေါ်ရင် ရပါ့မလား"

"ကျွန်မ ခေါ်ရင်တော့ သူလာမှာပါ၊ ကျွန်မတို့မောင်နှမက အမြဲတွေ့နေကြတာပဲ"





စာမရီစကားကြားသောအခါ နီမောင်မှာ အတန်အသင့် စိတ်သက်သာရာ ရသွားလေသည်။

"ဒီလိုဆိုရင်လည်း အစ်ကိုတို့ကို အကူအညီပေးပါနော်"

"အစ်ကိုတို့ လိုချင်တဲ့အကူအညီကို ကျွန်မပေးပါ့မယ်၊ ဒါပေမယ့် ကျွန်မကိုလည်း အစ်ကိုက တစ်လှည့်ပြန်ပြီး အကူအညီပေးရမယ်"

"ပြောပါ. . . ဘယ်လိုအကူအညီမျိုး ပေးရမှာလဲ"

"အဖေတို့အမေတို့ မရှိတော့တဲ့နောက်ပိုင်းမှာ ကျွန်မ အပျိုဆောင်မှာ သွားနေရတယ်၊ ကျွန်မတို့ ဂူမှာန်နာဂတွေက လူပျိုအပျိုဖြစ်လာရင် လူပျိုဆောင် အပျိုဆောင်မှာ သွားနေကြရတယ်"

နီမောင်မှာ ထိုဓလေ့ကို ကြားဖူးထားသော်လည်း သေသေချာချာတော့ မသိပေ။

"ကျွန်မတို့ ရွာဓလေ့ထုံးစံအရ အပျိုလူပျိုတွေ စုနေဖို့ အပျိုဆောင် လူပျိုဆောင်ဆိုပြီး ဆောက်ပေးထားတယ်၊ အပျိုလူပျိုဖြစ်လာရင် အဲဒီမှာ သွားနေရတယ်"

"အတူတူ နေကြရတာလားဟင်"

"ဟုတ်တယ်. . . ယောကျ်ားရောမိန်းမပါ အတူတူ နေကြရတယ်၊ အိပ်တော့လည်း အတူတူပဲ၊ အခန်းလေးတွေထဲမှာ လူပျိုတစ်ယောက်နဲ့ အပျိုတစ်ယောက် အတူတူ အိပ်ရတယ်"

"မချစ်တဲ့လူနဲ့လည်း အတူတူ အိပ်ရတာပဲလား"

"ချစ်သူရှိရင် ချစ်သူနဲ့ အတူအိပ်ပြီး ချစ်သူမဟုတ်သေးရင်လည်း အခန်းဖော်နဲ့ အတူတူ အိပ်ကြရတယ်၊ ကျွန်မမှာ ချစ်သူမရှိသေးပါဘူး၊ ကျွန်မနဲ့ အခန်းထဲမှာ အတူနေတဲ့သူကိုလည်း မချစ်ပါဘူး၊ သူက ကျွန်မကို ချစ်နေတော့ ကျွန်မအချစ်ကို ရဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားနေတယ်"

www.burmeseclassic.com



"ကိုယ်မကြိုက်ရင် တခြားသွားနေလို့ မရဘူးလား"

"အဲဒီလို သွားရင် ဝင်အိပ်စရာအခန်းလည်း ရှိတော့မှာ မဟုတ်ဘူး၊ အဲဒီတော့ သဘောမကျလည်း အောင့်အီးသည်းခံပြီး နေနေရတယ်၊ ကျွန်မတို့ ဓလေ့ထုံးစံအရ ကျွန်မမှာ ချစ်သူရှိပြီဆိုရင်တော့ သူ့အနေနဲ့ ဆက်ပြီးကြိုးစားခွင့် မရှိတော့ဘူး၊ ကျွန်မက ချစ်သူတို့ အဆောင်ခေါ်သွားရင် သူက နေရာဖယ်ပေးရတော့မယ်"

နီမောင်က အံ့သြစရာကောင်းသော ဓလေ့များအကြောင်းကို စိတ်ဝင်စားစွာ နားထောင်နေသည်။

"တကယ်လို့ သူက ချစ်သူအသစ် တွေ့လို့ ခေါ်လာရင်လည်း ကျွန်မက တခြားနေရာ ဖယ်ပေးရမယ်လေ၊

အခုတော့ သူက ကျွန်မမှာ ချစ်သူမရှိမှန်း သိနေတော့ အတင်း တွယ်ကပ်နေတော့တာပဲ၊ ညဘက် သူနဲ့ အတူနေရတော့ စိတ်ချလက်ချ မအိပ်ဝံ့ပါဘူး"

"ဒီတော့ ကျွန်တော်က ဘယ်လိုအကူအညီပေးရမှာလဲ"

"ဒီတစ်ညတော့ ကျွန်မချစ်သူအနေနဲ့ အပျိုဆောင်ကို လိုက်ခဲ့ပြီး ကျွန်မနဲ့ အတူနေပေးပါ"

"ဖြစ်. . ဖြစ်ပါ့မလား"

"သူ ယုံကြည်သွားပြီး တခြားနေရာရွှေ့သွားရင် တော်ပါပြီ"

"ဒီလိုဆိုရင်လည်း အကူအညီပေးပါ့မယ်"

"အစ်ကိုက အကူအညီပေးမယ်ဆိုတော့ ကျွန်မကလည်း အစ်ကိုတန်ပရဲ့ဝိညာဉ်ကို ခေါ်ပေးပါ့မယ်၊ အစ်ကိုတို့ ဒီအိမ်ကသာ စောင့်နေကြပါ"

ဟု ပြောပြီး စာမရီက အမှောင်ရိပ်သမ်းနေပြီဖြစ်သော အပြင်ဘက်သို့ ပြန်ထွက်သွားလေသည်။





ညဦးပိုင်းအချိန်လောက်တွင် သူမ ပြန်လာလေသည်။

သူမနောက်မှာတော့ ဖြူဖြူသဏ္ဍာန်တစ်ကောင် ပါလာလေသည်။

နီမောင်တို့ ရောက်ကာစက တွေ့ရသော တန်ပ၏ပုံရိပ်ပင် ဖြစ်ပေသည်။

တန်ပက သူတို့နှင့် မနီးမဝေးနေရာမှာပင် ရပ်တန့်လိုက်သည်။

"ငါတို့ ဒီအိမ်မှာ ရောက်နေတာနဲ့ မင်းတို့ တစ်နေရာမှာ သွားနေရတာ ငါစိတ်မကောင်းပါဘူးကွာ"

ဟု နီမောင်က ပြောလိုက်သည်။

"ရပါတယ်ကွာ. . . ကိုယ့်ဆီ လာတဲ့ဧည့်သည်တွေပဲ၊ ငါ့ကို ခေါ်တာ ဘာအတွက်လဲ"

"ငါတို့ ဝိညာဉ်ဖြူတောင်ကို သွားမလို့ မင်းလမ်းပြပေးနိုင်မလား"

"ငါတော့ လိုက်ခဲ့လို့မရတော့ဘူး၊ ဒါပေမယ့် အဲ့ဒီနေရာရောက်အောင် သွားနိုင်တဲ့လမ်းကိုတော့ ပြောပြပေးနိုင်ပါတယ်၊ ဒါပေမယ့် မင်းတို့ကိုတော့ မသွားစေချင်ဘူး၊ သွားရင် ငါတို့လိုပဲ သေကြမှာပဲ"

"အဲဒီနေရာမှာ ဘယ်လိုအန္တရာယ်မျိုးတွေ ရှိနေတာလဲ၊ ငါ့ကို ပြောပြပါ"

"အဲဒီလိုဏ်ဂူထဲမှာ ပြဒါးတွေ စားမိလို့ ဝိညာဉ်တစ်ပိုင်း လူတစ်ပိုင်းဘဝ ရောက်နေတဲ့ ကြောက်စရာကောင်းတဲ့ လူ့ဘီလူးကြီးတွေ ရှိတယ်၊ သူတို့တစ်ကိုယ်လုံး အဖုအပိမ့်တွေနဲ့ သိပ်ပြီးကြောက်ဖို့ကောင်းတယ်၊ နောက်ပြီး သူတို့ကိုယ်မှာ ပြဒါးတွေ ပျံ့နေတော့ အလင်းရောင် ရှိရင် မမြင်နိုင်ဘူး၊ ညမှောင်သွားရင်တော့ ဖြူဖြူသဏ္ဍာန်တွေကို မြင်ရတယ်"

www.burmeseclassic.com



"သူတို့ ဘာကြောင့် အဲဒီမှာ နေတာလဲ"

"မသေဆေးပင် ရှိတဲ့နေရာက သူတို့နေရာပဲ၊ အဲဒီဆေးပင်တွေ စားပြီး နှစ်ပေါင်းများစွာ အသက်ရှင်နေကြတာပဲ"

"သူတို့ကို ဘယ်လိုနိုင်အောင် လုပ်ရမလဲ"

"တစ်ကိုယ်လုံး ပြဒါးတွေ ကပ်နေတော့ သေနတ်နဲ့ ပစ်လို့လည်း မရဘူး၊ ဓါးနဲ့ခုတ်၊ တုတ်နဲ့ ရိုက်လို့လည်း မသေဘူး၊ သူတို့ ကြောက်တာ မီးအပူရှိန်ပဲ၊

ပြဒါးကပ်နေတဲ့ကိုယ်တွေဟာ မီးအပူနဲ့ တွေ့ရင် မခံနိုင်ဘူး မင်းတို့ ဉာဏ်ရှိရင်တော့ လိုချင်တဲ့ဆေးပင် ရနိုင်ပါတယ်"

ဟု ပြောပြလေရာ နီမောင်ရော ဦးဗန်ကောင်းပါ များစွာဝမ်းသာသွားကြလေသည်။

"အခုလို လာပြောပေးတာ ကျေးဇူးတင်ပါတယ် တန်ပရယ်"

"မင်းလိုချင်တဲ့အကူအညီကို ပေးပြီးပြီဆိုတော့ ငါ့အတွက်လည်း ကူညီပေးပါ"

"ဘာများလဲ ပြောပါ"

"မိဘတွေရော အစ်ကိုနှစ်ယောက်စလုံးပါ တပြိုင်နက်တည်း သေသွားကြတော့ ငါ့ညီမလေးမှာ တစ်ယောက်တည်း ကျန်နေခဲ့တယ် အားကိုးရာ မရှိတဲ့ ငါ့ညီမလေးကို မင်းတစ်သက်လုံး စောင့်ရှောက်ပေးပါ"

စာမရီက ခေါင်းကို ငုံ့ကာ ငိုနေလေသည်။

"မင်းပြောတဲ့အကူအညီကို ငါပေးပါ့မယ်၊ ဒါပေမယ့် ကာယကံရှင်ရဲ့သဘောကိုလည်း မေးရဦးမှာဆိုတော့ သူနဲ့ တိုင်ပင်ပြီး ငါကူညီပေးလိုက်ပါ့မယ်"

ဟု ကတိပေးလိုက်သောအခါ တန်ပ၏ဝိညာဉ်မှာလည်း စိတ်





ကျေနပ်သွားဟန်ဖြင့် အမှောင်ရိပ်ထဲသို့ တရွေ့ရွေ့နှင့် ပြန်လည်ထွက်ခွာသွားလေတော့သည်။

နီမောင်က စာမရီကို ကြည့်လိုက်သောအခါ စာမရီကလည်း မရဲတရဲနှင့် ကြည့်လေသည်။

"ဘာမှအားမငယ်ပါနဲ့ စာမရီ၊ တန်ပကို ကတိပေးလိုက်တဲ့အတိုင်း မင်းကို စောင့်ရှောက်ပေးမှာပါ"

စာမရီက ဝမ်းနည်းစွာ ငိုကြွေးရင်း ခေါင်းညိတ်ပြလေသည်။

ထို့နောက် စာမရီနှင့်အတူ အပျိုဆောင်သို့ လိုက်သွားလေတော့သည်။

ညဦးပိုင်းအချိန်တွင် ထိုနေရာသို့ ရောက်သွားကြလေသည်။ အဆောင်မှာ ရှိနေကြသော အပျိုလူပျိုများက သူတို့နှစ်ယောက်ကို အကဲခတ်သလို ကြည့်နေကြသည်။

အချို့မိန်းကလေးများကလည်း နီမောင်လို ယောကျ်ားပီသသူတစ်ယောက်နှင့် အတူတွဲလာသည်ကို မြင်သောအခါ သဘောကျနေကြပြီး အချို့ကလည်း တီးတိုးပြောနေကြသည်။

"ဟဲ့. . . စာမရီ ခေါ်လာတာ ဘယ်သူလဲဟဲ့"

"သူ့ချစ်သူမို့ ခေါ်လာတာ နေမှာပေါ့"

"ဒီအနီးအနားတဝိုက်မှာက လူတော့ ဟုတ်မယ် မထင်ဘူး ရုပ်ကတော့ ဗမာရုပ်မျိုးပဲ"

"အို. . . ဘာပဲဖြစ်ဖြစ် ငါတို့လို တောထဲတောင်ထဲမှာ နေတဲ့ မိန်းကလေးတစ်ယောက်က မြေပြန့်က ဗမာတစ်ယောက်နဲ့ ချစ်သူဖြစ်တော့ ကံကောင်းတာပေါ့"

ဟု တီးတိုးပြောနေကြသည်။

သူတို့နှစ်ယောက် အခန်းပေါက်ဝ ရောက်လာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ နီမောင်နှင့် သက်တူရွယ်တူအရွယ်ခန့်ရှိသော နာဂလူရွယ် တစ်ယောက်ကို တွေ့ရလေသည်။

ထိုလူရွယ်က နီမောင်ကို စူးစူးစိုက်စိုက် ကြည့်ပြီး အကဲခတ်နေ လေသည်။

"သူက ဘယ်သူလဲ"

"ဒါက ငါ့ရဲ့ချစ်သူပဲ၊ နင်က ငါ့မှာ ချစ်သူမရှိဘူးလို့ ထင်နေတာ မဟုတ်လား၊ ငါတို့ချင်းက ချစ်သူတွေ ဖြစ်နေကြတာ ကြာလှပြီ"

"သူက ဗမာတစ်ယောက် မဟုတ်လား"

"ဟုတ်တယ်"

"ငါတို့ ဂုမ္ဘာန်နာဂ မျိုးနွယ်စု မဟုတ်ရင် နင် သူ့ကို ယူလို့မှ မရတာ၊ တကယ်လို့ ယူမယ်ဆိုရင်လည်း နင် ဒီရွာမှာ ဆက်နေလို့ ရမှာမဟုတ်ဘူး"

"ဒါက ငါ့အကြောင်းပါ၊ အခု ငါ့ချစ်သူ ပါလာပြီဆိုတော့ နင် ဖယ်ပေးပါ"

စာမရီက ထိုသို့ပြောသောအခါ ထိုလူရွယ်က သိပ်ပြီးနေရာ ဖယ်ပေးချင်ဟန် မရှိပေ။

ဖြစ်နိုင်လျှင် နီမောင်နှင့် အသေအကျေ တိုက်ခိုက်ချင်နေဟန် ရှိပေသည်။

သို့သော် ထိုနေရာမျိုးတွင် တိုက်ခိုက်ပါက သူ့အတွက် နာမည် ပျက်စရာ ဖြစ်မည်စိုးသောကြောင့် ကြိတ်မှိတ်သည်းခံနေရပုံ ရသည်။

(အပျိုဆောင် လူပျိုဆောင်များမှာ လာရောက်နေထိုင်ကြသူ များမှာ မည်သည့်အကြောင်းနှင့်မှ ပြဿနာ မဖြစ်ကြရပေ၊ အကယ်၍ ရည်းစားလုပွဲ ချစ်သူလုပွဲများ ဖြစ်ပေါ်ပါက ဖြစ်သည့်သူများမှာ နာမည် ပျက်ပြီး အခြားသူများက မတွဲချင်ကြတော့ပေ)





ထိုလူရွယ်က အခြားနေရာသို့ ရွှေ့ပေးရန် ၎င်း၏ပစ္စည်းများကို သူနေစဉ် အခန်းပေါက်ဝသို့ နောက်ထပ်တစ်ယောက် ရောက်လာ သည်။

နွယ်ကြာမှုံဆိုသော နာဂအမျိုးသမီးပင်ဖြစ်ပေသည်။

သူမကလည်း သူခေါ်တုန်းက မလိုက်ဘဲ ယခု စာမရီနှင့် အတူ ပါလာသော နီမောင်ကို မကျေမနပ် ဖြစ်နေဟန် ရှိလေသည်။

"ဇော်ပလော်. . . နင့်မှာ အိပ်စရာနေရာ မရှိရင် ငါနဲ့ အတူ လာနေလှည့်"

ဟု ပြောကာ ခေါ်သွားလေတော့သည်။

ထိုအခါမှပင် နှစ်ယောက်သား အခန်းထဲသို့ ဝင်ခွင့်ရလေ တော့သည်။

အခန်းကျဉ်းလေးထဲမှာ ဝါးကွပ်ပျစ်နှစ်လုံး ချပေးထားလေ သည်။

လူပျိုတစ်ယောက်နှင့် အပျိုတစ်ယောက်တို့ အိပ်ရန်အတွက် စီစဉ်ပေးထားခြင်းဖြစ်လေသည်။

နီမောင်က တစ်နေရာ အိပ်ပြီး စာမရီက သူမ အိပ်နေကျ ကွပ်ပျစ်မှာပင် အိပ်လေသည်။

"သူတို့ကြည့်ရတာ အစ်ကိုတို့အပေါ်မှာ သိပ်ပြီးကျေနပ်ကြ ဟန် မတူဘူး"

"မကျေနပ်ရင် ရွာလူကြီး သွားတိုင်ရုံပဲ ရှိပါတယ်၊ တခြားနည်းနဲ့ တော့ ရန်ရှာမယ် မထင်ပါဘူး"

"ကိုယ်တို့နှစ်ယောက်ကို ချစ်သူတွေ မဟုတ်မှန်း သိသွားကြရင် ဘယ်လိုလုပ်မလဲဟင်"

"သိသွားလည်း အရေးမကြီးပါဘူး၊ ချစ်သူမဟုတ်တဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း အတူတူ နေကြတာပဲ"

"စာမရီတို့ ဂူမှာန်နာဂတွေရဲ့မလေ့က တစ်မျိုးပဲနော်"

"ဒါကတော့ ရှေးအစဉ်အဆက် လူကြီးတွေရဲ့မလေ့ထုံးစံတွေ ဆိုတော့ ဘယ်လိုမှ ငြင်းပယ်ခွင့် မရှိကြဘူးပေါ့ အစ်ကိုရယ်"

"ဒီလိုဖြစ်လာကြပြီး သားသမီးရတော့မှ မယူဖြစ်ရင် မိန်းက လေးတွေဘက်က နစ်နာမှာပေါ့နော်"

"ဒီလိုလည်း ဘယ်သူမှ မတွေးကြပါဘူး၊ တကယ်လို့ သားသမီး ရှိလာပြီးမှ မယူဖြစ်ကြရင်လည်း ကိုယ့်ဘာသာ တစ်နေရာမှာ သွားမွေး ကြတာပါပဲ၊ ဘယ်သူကမှ ပြဿနာ မရှာကြပါဘူး၊

တကယ်လို့ ယောကျ်ားမရှိဘဲ သားသမီး ရှိလာတဲ့ ဂူမှာန်နာဂ အမျိုးသမီးတစ်ယောက်ဟာ မိဘအိမ်မှာလည်း မနေဘူး၊ လူပျိုအပျို ဆောင်မှာလည်း နေခွင့်မရတော့ဘဲ တခြားတစ်နေရာမှာပဲ သီးသန့်နေ ရတော့တယ်၊ မွေးလာတဲ့သားသမီးကိုလည်း ကိုယ့်ဘာသာ မွေးပြီး ကြီးပြင်းအောင် ကျွေးမွေးစောင့်ရှောက်ကြရတယ်"

"ဒီဓလေ့ထုံးစံက ဂူမှာန်နာဂ မိန်းမပျိုတွေဘက်က အတော်က လေး နစ်နာတာပေါ့နော်"

"ဘာတတ်နိုင်ပါ့မလဲ အစ်ကိုရယ်၊ တစ်သက်လုံး ရှိလာခဲ့တဲ့ ဓလေ့ထုံးစံဆိုတော့လည်း ဘယ်သူမှ မလွန်ဆန်နိုင်ကြတော့ဘူးပေါ့"

ဂူမှာန်နာဂမျိုးနွယ်တို့မှာ လူပျိုအပျိုဘဝမှာသာ လူပျိုဆောင် အပျိုဆောင်မှာ နေခွင့်ရှိပြီး အိမ်ထောင်ကျပြီးသွားသောအခါမှာ ဆက် နေခွင့် မရှိကြတော့ပေ။

မုဆိုးဖို၊ မုဆိုးမဘဝ ရောက်သွားလျှင်လည်း တစ်နှစ်အတွင်း လာခွင့်မရှိကြပေ။

တစ်နှစ်ပြည့်သွားသောအခါမှသာ လာရောက်နေထိုင်အိပ်





စက်ခွင့် ရကြလေသည်။

တစ်ခုလပ်ယောကျ်ား၊ မိန်းမတို့မှာတော့ ယနေ့ ကွာရှင်းပြီး သည်နှင့် ထိုနေ့မှာပင် လာရောက်အိပ်စက်ခွင့်ရကြလေသည်။

မုဆိုးဖို၊ မုဆိုးမတို့မှာ လူပျိုဆောင်၊ အပျိုဆောင်သို့ တစ်နှစ် အတွင်း လာရောက်ခွင့် မရှိသလို လူပျိုအပျိုများနှင့် အတူတူ ရောနှော နေထိုင်ခွင့် မရှိကြပေ။

အချို့နာဂတိုင်းရင်းသားများမှာတော့ အပျိုဆောင် လူပျို ဆောင်များ ဆောက်ကာ အတူတကွ တွဲလျက် နေထိုင်ကြသောဓလေ့ မျိုး မရှိကြပေ။

ထိုဓလေ့မှာ ဂူမှာန်နာဂ ဓလေ့သာဖြစ်ပေလိမ့်မည်။

"စာမရီကို ချစ်နေတဲ့လူက တစ်နေ့မှာ ရန်ရှာမှာစိုးရတယ်"

"ကျွန်မ ဒီမှာ ဆက်နေရင်တော့ တစ်နေ့မဟုတ်တစ်နေ့ သူ့ လက်ထဲ ရောက်မှာပါပဲ၊ ဒါပေမယ့် ကျွန်မက ဒီမှာ ဆက်မနေတော့ဘူး လို့ ဆုံးဖြတ်ထားတယ်၊ အစ်ကိုတို့ ခရီးထွက်ရင် အစ်ကိုတို့နဲ့ပဲ အတူတူ လိုက်ခဲ့တော့မယ်"

ထိုစကားလေး ကြားသောအခါ နီမောင်စိတ်ထဲမှာ ကျေနပ် သွားလေသည်။

"ဇော်ပလော်က ကျွန်မကို မကျေနပ်သလို နွယ်ကြာမှုကလည်း အစ်ကို့ကို သိပ်ပြီးကျေနပ်ပုံရဘူး"

"စောစောက အမျိုးသမီးကို ပြောတာလား၊ ဘာကြောင့် မကျေနပ်တာလဲ"

"သူက မနေ့က အိမ်ကို လိုက်လာပြီး ထမင်းဟင်း ချက်ပေး ကတည်းက အစ်ကို့ကို သဘောကျနေပုံရတယ်၊ ထမင်းဟင်း ချက်နေ ရင်းနဲ့ အစ်ကို့အကြောင်းတွေချည်းပဲ ပြောနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က သူ့ကို သဘောမကျပါဘူး"

"ဒါပေမယ့် သူလိုချင်တာ မရရင် ရန်ရှာမှာစိုးရတယ်"

"ဘယ်လိုရန်ရှာမှာလဲ"

"သူ့အမေက စုန်းပညာတတ်တယ်၊ သူ့ခါးမှာ ပတ်ထားတဲ့ ခါးပတ်ကြိုးက တိုက်မြွေပြောင်းလို့ရတယ်၊ သူ မကြိုက်ဘဲနဲ့ လာထိတဲ့လူဆိုရင် အဲဒီမြွေနဲ့ တိုက်သတ်တယ်လို့ ပြောသံကြားတယ်"

ထိုစကားကြားသောအခါ နီမောင်စိတ်ထဲမှာ ယောနယ်ဘက်မှာ ရှိစဉ်က ဦးဗန်ကောင်း ပြောပြခဲ့သော တိုက်မြွေ၊ တိုက်ကျွဲ၊ တိုက်နွားများအကြောင်းကို ပြန်လည်သတိရမိလေသည်။

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ အစ်ကိုနဲ့ အတူလာတဲ့ အဘဦးဗန်ကောင်းက ဆေးဆရာကြီးတစ်ယောက်ပါ၊ သူက ပယောဂနဲ့ သက်ဆိုင်တဲ့ အတိုက်အခိုက်တွေကို ကောင်းကောင်းနိုင်ပါတယ်၊ အစ်ကို့ဆီမှာလည်း ပယောဂနဲ့ တွေ့ရင် နိုင်တဲ့ ဂမုန်းနက်ဆေး၊ ပင့်ကူနတ်ဆေးတွေ အဆင်သင့် ဆောင်ထားတာ ရှိပါတယ်၊ ဒီနယ်တွေ ရောက်လာကတည်းက အရေးကြုံရင် သုံးဖို့ အဘဦးဗန်ကောင်းက ပေးထားတာပါ"

ဟု ပြောပြတော့မှ စာမရီလည်း ဘာမှဆက်မပြောတော့ပေ။

နီမောင်မှာ ညဦးပိုင်းတစ်ချိန်လုံး အတွေးကောင်းနေသောကြောင့် တော်တော်နှင့် အိပ်မပျော်ပေ။

စာမရီလည်း အိပ်ပျော်ဟန် မရှိဘဲ တလူးလူး တလိမ့်လိမ့်နှင့် ရှိနေသံများကို ကြားနေရသည်။

ညဉ့်နက်ပိုင်းရောက်တော့မှ နီမောင်မှာ မှေးကနဲ အိပ်ပျော်သွားရာ တစ်စုံတစ်ခုကြောင့် ပြန်နိုးလာလေတော့သည်။

အခြားမဟုတ်ပေ. . .။





စာမရီက သူ့ကုတင်ပေါ် ရောက်နေပြီး သူ့ကို အတင်းလှုပ်နှိုးနေလေသည်။

"အစ်ကို. . အစ်ကို. . ထပါဦး"

"ဟင်. . . ဘာဖြစ်တာလဲ စာမရီ"

"အခန်းထဲကို မြွေဝင်လာသလား မသိဘူး၊ မြွေတွန်သံ ကြားနေရတယ်"

ဟု ပြောသဖြင့် နေရာမှ ကပျာကယာ ထလိုက်လေသည်။ အမှောင်ရိပ်များ အခန်းထဲမှာ ဖုံးလွှမ်းနေလေပြီ။ အဆောင်တစ်ခုလုံးမှာလည်း အသံများက တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။ နီမောင်က နားစွင့်ကြည့်လိုက်သည်။

အပြင်ဘက် သစ်တောများအတွင်းမှ မြွေတစ်ကောင်၏တွန်သံကို မသဲမကွဲ ကြားရသည်။

မြွေတွန်သံက သူတို့ ရှိနေသောအခန်းနှင့် မဝေးလှပေ။

"ရှီ. . . ရှီ. . . ရှီ"

"မြွေတွန်သံ မဟုတ်လား အစ်ကို"

"ဟုတ်တယ်. . ဒါပေမယ့် ဒီလောက်မကြောက်ပါနဲ့၊ တကယ်လို့ မြွေလာတယ်ဆိုရင်တောင် နိုင်တဲ့ဆေး ပါလာပါတယ်"

ဟု ပြောလိုက်တော့မှ စာမရီအသံ ငြိမ်ကျသွားသည်။

အတန်ကြာတော့ မြွေတွန်သံက တဖြည်းဖြည်းနှင့် နီးလာပြီး တဲပေါ်သို့ တက်လာဟန် ရှိလေသည်။

အမှောင်ထုများ ရှိနေသောကြောင့် ဘာမှ သဲသဲကွဲကွဲ မရှိလှသော်လည်း မြွေက သူတို့ရှိနေသောအခန်းရှိရာသို့ တဖြည်းဖြည်းနှင့် လာနေသည့်ဟန်မျိုးဖြစ်သည်။

နီမောင်က အသံကြားရာသို့ ကြည့်နေရာ တဲပေါက်ဝမှ မည်း



www.burmeseclassic.com

မည်းသဏ္ဌာန်တစ်ခု တဲပေါ်သို့ တက်လာသည်ကို လှမ်းမြင်ရသည်။

မျက်လုံးနှစ်လုံးမှာ ဟင်္သာပြဒါးကဲ့သို့ ရဲရဲနီနေလေသည်။ ကြည့်နေရင်းမှာပင် ထိုသဏ္ဌာန်က သူတို့နှစ်ယောက် ရှိသောအခန်းတွင်းသို့ တရွေ့ရွေ့နှင့် ဝင်လာလေသည်။

"အစ်ကို. . ဟို. . ဟိုမှာ. . မြွေဝင်လာနေပြီ"

စာမရီက အသံတိုးတိုးဖြင့် ပြောလေသည်။

နီမောင် လှမ်းကြည့်လိုက်တော့ မြွေမှာ အနက်ရောင် မြွေဟောက်တစ်ကောင်ဖြစ်ပြီး လက်မောင်းလုံးခန့်အရွယ်ခန့် ရှိလေသည်။

ထိုမြွေဝင်လာသည်ကို မြင်သောအခါ နီမောင်က အိတ်ထဲမှာ အသင့်ပါလာသော ဂမုန်းပင့်ကူနက်ကို ထုတ်ယူလိုက်သည်။

ထိုဂမုန်းဥမှာ တစ်ခုလုံး အနက်ရောင်ဖြစ်ပြီး ပုံသဏ္ဌာန်မှာ ပင့်ကူနက်တစ်ကောင်နှင့် တူလှပေသည်။

နံဘေးသို့ ဖြာထွက်နေသော အမွေးအမှင်များက ခြေတံလက်တံများနှင့် တူကာ ဦးခေါင်းပိုင်းတွင် မျက်လုံးနှင့် အစွယ်များ ပါလေသည်။

နီမောင်က ထိုဂမုန်းနက်ဥကလေးကို ထုတ်ပြီး သက်ဆိုင်ရာ ဂါထာတစ်ပုဒ်ကို စုတ်ပြီး ကြမ်းပြင်ပေါ်သို့ ချပေးလိုက်လေသည်။

ထိုဂမုန်းဥမှာ ဂုံညှင်းဒိုးအရွယ်ခန့်ရှိပြီး တကယ့်သက်ရှိ ပင့်ကူတစ်ကောင်နှင့် များစွာတူလှပေသည်။

ကြမ်းပြင်ပေါ် ချပြီး ခဏကြာသောအခါ ပင့်ကူနက်·ဂမုန်းဥမှာ တဖြည်းဖြည်းနှင့် အသက်ဝင်လာသကဲ့သို့ လှုပ်ရှားလာလေတော့သည်။

ပင့်ကူနက် ဂမုန်းဥ လှုပ်လာသည်ကို မြင်သောအခါ နှာမှုတ်သံ တရှူးရှူးဖြင့် တဲပေါ် တက်လာသောမြွေမှာ ခေါင်းထောင်ကြည့်ပြီး အနည်းငယ် တန့်သွားလေတော့သည်။





ထိုအချိန်မှာပင် ဂမုန်းနက်ဥက တကယ့်သက်ရှိပင့်ကူတစ်ကောင်ကဲ့သို့ လှုပ်လှုပ်ရှားရှားဖြစ်လာရာ မြွေမှာ ရှေ့ဆက်တိုးမလာတော့ပေ။

မြွေက တန့်သွားသောအခါ ပင့်ကူနက်က ရှေ့သို့ တရွေ့ရွေ့ တိုးသွားလေသည်။

ထိုအခြေအနေကို မြင်သောအခါ မြွေက နောက်ကြောင်းပြန်လှည့်ပြေးရန် ပါးပျဉ်းကို ချက်ချင်းသိမ်းပြီး ဦးခေါင်းပြန်လှည့်လေသည်။

ထိုသို့လှည့်သည်နှင့် ပင့်ကူနက်က လျင်မြန်သောအဟုန်ဖြင့် ပြေးသွားပြီးနောက် မြွေ၏ဦးခေါင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

ပင့်ကူနက်ဦးခေါင်းပေါ် ရောက်သွားသည်နှင့် မြွေမှာ ဝပ်ချသွားလေတော့သည်။

တစ်ခဏချင်းမှာပင် ပင့်ကူနက်က မြွေ၏ဦးခေါင်းတည့်တည့်ကို အဆိပ်ရှိသောအစွယ်ချွန်များဖြင့် စိုက်ချလိုက်လေတော့သည်။

ထိုသို့ထိုးချလိုက်ပြီးသည့်နောက်မှာတော့ မြွေဟောက်နက်၏ပုံသဏ္ဌာန်မှာလည်း တဖြည်းဖြည်းနှင့် ပြောင်းသွားလေတော့သည်။

ကြည့်နေရင်းမှာပင် မြွေဘဝမှ ခါးပတ်ကြိုးတစ်ချောင်း ဖြစ်သွားလေတော့သည်။

ထိုအခါမှပင် နီမောင်က အနီးသို့ လျှောက်သွားပြီးနောက် ပင့်ကူနက် ဂမုန်းဥကလေးကို ပြန်ကောက်ယူလိုက်လေတော့သည်။

www.burmeseclassic.com





## အခန်း(၉)

## ဝိညာဉ်ဖြူတောင်ထိပ်မှ ထူးဆန်းသောသတ္တဝါများ

နောက်တစ်နေ့နံနက်မှာတော့ နီမောင်တို့သုံးယောက်မှာ တောင်ညှိုရွာမှ စတင်ထွက်ခွာကြလေသည်။

စာမရှိပါ ပါလာသောကြောင့် ခရီးသွားရသည်မှာ အတန်ငယ်အားရှိလာသည်။

၎င်းတို့ ဦးတည်သွားသောခရီးမှာ အနိ့ပေါ်မှ အနောက်မြောက်ယွန်းယွန်း ချင်းတွင်းမြစ်ကြောင်းနှစ်ခု ခွဲထွက်သွားသောနေရာဖြစ်ပေသည်။

ထိုနေရာသို့ ရောက်အောင်သွားနိုင်ရန် တန်ပြေဝိညာဉ်တ



www.burmeseclassic.com

www.burmeseclassic.com



လမ်းညွှန်ပေးလိုက်သောကြောင့် ထိုခရီးစဉ်အတိုင်း သွားခဲ့ကြခြင်း ဖြစ်ပေသည်။

တကယ်တော့ ဝိညာဉ်ဖြူတောင်ဟု အမည်ပေးထားကြသော တောင်ရှိရာမှာ အိန္ဒိယနယ်စပ်နှင့် နီးပြီး ချင်းတွင်းမြစ်လက်တက်ဖျားတွင် ရှိကြပေသည်။

တောင်ညိုရွာမှ နှစ်ညအိပ်ခရီးသာသာခန့် သွားပါက ရောက်နိုင်သောနေရာပင်ဖြစ်ပေသည်။

နီမောင်တို့မှာ လမ်းခရီး၌ သတိထား၍ သွားနေကြသောကြောင့် နှစ်ညအိပ်နှင့် မရောက်ဘဲ သုံးညအိပ် ကျော်မှ ရောက်ကြလေသည်။

ထိုတောင်ကို အဝေးမှ လှမ်းမြင်နိုင်သည့်နေရာ ရောက်သောအခါ ထိုနေရာမှာပင် စခန်းချကြသည်။

ထိုနေရာမှာ စခန်းချပြီး အခြေအနေ စောင့်ကြည့်ရန်အတွက်သော်လည်းကောင်း၊

လိုအပ်သောပစ္စည်းများ စုဆောင်းပြင်ဆင်ရန်အတွက်သော်လည်းကောင်းဖြစ်ပေသည်။

ဦးဇန်ကောင်း ပြင်ဆင်သောပစ္စည်းများမှာ အခြားမဟုတ်ပေ။

မီးတောက်လွယ်သော ကညင်ဆီခဲများနှင့် ထင်းရှူးအဆီသားများပင်ဖြစ်တော့သည်။

"အဘ. . . ဒါတွေက ဘာလုပ်ဖို့လဲ"

"ဂူထဲ ရောက်သွားရင် ငါတို့အတွက် တခြားလက်နက်တွေထက် မီးများများရအောင် လုပ်နိုင်လေလေ အကာအကွယ် ရလေလေပဲကွ၊ ဒါကြောင့် မီးတောက်လွယ်တဲ့ပစ္စည်းတွေကို စုဆောင်းနေရတာပေါ့"





"ဘယ်လိုအသုံးချမှာလဲ အဘ"

"တန်ပရဲ့ဝိညာဉ်က မင်းကို ပြောလိုက်တယ် မဟုတ်လား၊ လိုဏ်ဂူထဲမှာ ရှိနေတဲ့ရန်သူတွေက ဝိညာဉ်တွေလိုပဲ ကိုယ်ပျောက်နေတယ်ဆိုတာလေ၊

အဲဒါ ပြဒါးတွေကြောင့်ပဲ၊ ပြဒါးကြောက်တာ မီးတစ်ခုပဲ ရှိတယ်"

ဟု ပြောပြတော့မှ သဘောပေါက်သွားပြီး သူရှာခိုင်းသော ပစ္စည်းများကို ရနိုင်သမျှ စုဆောင်းရှာဖွေပေးကြရလေသည်။

စာမရီမှာလည်း မိန်းကလေးတစ်ယောက် ဖြစ်သော်လည်း တောတောင်ကျွမ်းကျင်သူဖြစ်သောကြောင့် နီမောင်တို့အတွက် များစွာ အထောက်အကူရလေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ မီးရောင်မမြင်ရစေရန် မီးဖိုခြင်း မပြုကြဘဲ လေလုံသော ဂူတစ်ခုအတွင်းမှာ ဝင်ရောက်နားကြသည်။

ထိုဂူပေါက်ဝမှ လှမ်းကြည့်ပါက ဝိညာဉ်ဖြူတောင် ရှိရာသို့ ဝိုးတဝါး လှမ်းမြင်ရလေသည်။

နေ့အချိန် အလင်းရောင်ရှိနေစဉ်က သာမန်မျှသာ လှမ်းမြင်ရသော်လည်း နေ့အလင်းရောင် ပျောက်သွားပြီး အမှောင်ရိပ်များ ဖုံးလွှမ်းလာသောအခါ ထိုတောင်တစ်ခုလုံး ပိုးစုန်းကြူး အလင်းရောင်များ လက်နေသကဲ့သို့ လင်းလက်နေသည်ကို တွေ့ကြရသည်။

ထိုကဲ့သို့ အမှောင်ဖုံးသွားသောအချိန်ရောက်မှ ဂူပေါက်ဝ ဝန်းကျင်၌ သွားလာလှုပ်ရှားနေသော သဏ္ဍာန်များကို လှမ်းမြင်ကြရပေသည်။

"အဘ. . . ဒီလူတွေက တစ်မျိုးပါလား၊ သူတို့ကိုယ်က အလင်းရောင်တွေ ထွက်နေပါလား"

www.burmeseclassic.com



"ဟုတ်တယ်. . . ပြဒါးဓါတ်တွေ ဝင်နေတဲ့ ဆေးပင်တွေ၊ အစားအသောက်တွေကို စားရင်းနဲ့ အခုလို ဘဝပြောင်းသွားကြတာ ဖြစ်မှာပေါ့၊ သူတို့ကိုယ်က အလင်းရောင်တွေ ထွက်နေတာ တခြားမဟုတ်ဘူး၊ ပိုးစုန်းကြူးတွေလိုပဲ မီးစုန်းဓါတ်တွေ ဝင်နေကြတာပဲ"

"ဒီဂူထဲမှာ အဲသည်လိုလူတွေ အများကြီး ရှိနေကြပုံ ရတယ်၊ ဘယ်လိုလုပ်ကြမလဲ"

"သူတို့ မမြင်အောင် လျှို့ဝှက်အပေါက်ရှာပြီး ဝင်မှ ရမယ်၊ ဂူပေါက်ဝက ဝင်ရင်တော့ သူတို့နဲ့ တွေ့ပြီး တန်ပတို့သားအဖ သုံးယောက်လိုပဲ သေကြမှာပဲ"

ဟု ပြောဆိုပြီး အခြေအနေကို ထိုင်ကြည့်ကြလေသည်။ တစ်ညလုံးလုံးပင် ကိုယ်မှ အလင်းရောင်များ ထွက်နေသော လူရိုင်းများမှာ ဂူထဲမှာ ဝင်လာလိုက် ထွက်သွားလိုက် ရှိနေကြသည်။

၎င်းတို့ နေသော ဝိညာဉ်ဖြူတောင်ကြီးမှာလည်း မီးစုန်းဓါတ်များကြောင့် ပိုးစုန်းကြူးများ ဝိုင်းအုံကပ်နေသကဲ့သို့ အလင်းရောင်များ ထွက်နေလေသည်။

တစ်ညလုံး ဝင်လိုက်ထွက်လိုက် ရှိနေကြသောသူများမှာ အရှေ့ဘက်မှ အလင်းရောင်များ ပေါ်ထွက်လာသောအခါမှပင် ဂူအတွင်းသို့ ဝင်ကာ ပျောက်ကွယ်သွားလေတော့သည်။

"ငါတို့ ဂူနဲ့ နီးနိုင်သမျှ နီးတဲ့နေရာ ရောက်အောင်သွားပြီး အခြေအနေ ကြည့်ကြရမယ်"

ဟု ပြောပြီး သုံးယောက်သား လျှို့ဝှက်သောနေရာများမှ ဝိညာဉ်ဖြူတောင်နှင့် နီးနိုင်သမျှ နီးသောနေရာသို့ ရောက်အောင်သွားကြလေသည်။

သူတို့သည် ဂူပေါက်ဝဘက်မှ မသွားဘဲ အနောက်ဘက်နေရာ





မှ သွားကာ လျှို့ဝှက်သောနေရာမှ စောင့်ဆိုင်းကြည့်ရှုကြလေသည်။

အခြေအနေ ထူးထူးခြားခြား မတွေ့ရသောကြောင့် နီမောင်တာ ထိုနေရာတဝိုက်သို့ လိုက်လံကြည့်ရှုလေရာ တောင်အနောက်ဘက် တောင်ခြေနေရာတစ်ဝိုက်မှာ ပြန့်ကျဲနေသော လူအရိုးစုများကို တွေ့ရလေသည်။

လူအရိုးစုများ ပြန့်ကျဲနေသောနေရာမှာ သူတို့ ရောက်နေသောနေရာနှင့် မဝေးလှပေ။

ထိုနေရာတဝိုက်မှာ လူအရိုးစုများ ရှိနေသည်မှလွဲပြီး အခြားဘာမှမတွေ့ရသောကြောင့် ၎င်းတို့ စခန်းချနေသောနေရာသို့ ပြန်လာခဲ့သည်။

ထိုအကြောင်းကို ပြောပြသောအခါ ဦးဇန်ကောင်းက. . .

"ဒီနေရာဟာ လူရိုင်းတွေရဲ့သင်္ချိုင်း. . . ဒါမှမဟုတ် အန္တရာယ်ရှိတဲ့နေရာတစ်ခုခု ဖြစ်မှာပေါ့"

ဟု မှတ်ချက်ချလေသည်။

ထိုသို့စကားပြောနေကြစဉ် တောင်ထိပ်ပေါ်မှ စူးစူးဝါးဝါး အော်သံနှင့် ဆူညံနေသောအသံများကို ကြားကြရသည်။

နီမောင်က သစ်ပင်ကွယ်မှ ထွက်ကြည့်သော်လည်း ဘာမှ မမြင်ရပေ။

ဆူညံနေသောအသံများမှာ အပေါ်ပိုင်းရှိ ကျောက်တုံးများ ကျောက်စွန်းများနောက်ဘက်မှ ကြားနေရခြင်းဖြစ်လေသည်။

ခဏကြာသောအခါ အပေါ်ဘက်မှ အရာဝတ္ထုတစ်ခု အောက်သို့ ပြုတ်ကျလာပြီး သူတို့ရှိနေသောဘက်သို့ လိမ့်ကျလာလေတော့သည်။

အုန်းသီးနှင့် ပုံသဏ္ဌာန်တူသော ထိုသဏ္ဌာန်မှာ အရှိန်ပြင်းစွာ

www.burmeseclassic.com



ဖြင့် လိမ့်လာပြီးနောက် နီမောင် ရှိသောနေရာနှင့် မနီးမဝေးရှိ ချုံတစ်ခု အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

အတန်ကြာအောင် ကြည့်နေသော်လည်း အခြေအနေ မထူး တော့မှ ထိုနေရာသို့ သွား၍ငုံ့ကြည့်လိုက်သည်။ စောစောက ကျလာ သောအရာ လိမ့်ဝင်သွားသော နေရာတဝိုက်မှာ သွေးများ စွန်းပေနေ သည်။

"ဟင် . . ."

နီမောင်က သစ်ရွက်များပေါ်မှာ စွန်းနေသောသွေးစက်များကို လက်ဖြင့် တို့ကြည့်လိုက်သည်။

အခြားမဟုတ်ပေ . . .။

လူတစ်ယောက်၊ ဒါမှမဟုတ် တိရစ္ဆာန်တစ်ကောင်မှ ထွက်လာ သော လတ်လတ်ဆတ်ဆတ် သွေးစက်များပင်ဖြစ်သည်။

အပေါ်သို့ မော့ကြည့်တော့လည်း ကျောက်တုံးကျောက်စွန်း များမှလွဲပြီး ဘာမှမမြင်ရပေ။

ခဏကြာတော့မှ အပေါ်ပိုင်းမှ အရိုးများ တစ်ခုပြီးတစ်ခု ပြုတ် ကျလာလေတော့သည်။

လက်ဖျံရိုး၊ လက်မောင်းရိုး၊ ပေါင်တံရိုး၊ ခြေသလုံးရိုးများ ကျလာပြီးသည့်နောက်မှာတော့ ခန္ဓာကိုယ်အရိုးစုကြီးသာ ဖြစ်လေ သည်။

ထိုအရိုးစုကြီးတစ်ခုလုံးမှာ အသားအရည် ဘာမှမကျန်တော့ ဘဲ အမဲရိုးများကို အသားလှီးဖြတ်ယူထားသကဲ့သို့ ရှိနေသည်။

မြင်ရသည့်မြင်ကွင်းမှာ စိတ်မသတီစရာ ကောင်းလှသည်။

"ဒါ လူတစ်ယောက်ရဲ့အရိုးတွေပဲ၊ ပုတ်ပွပြီး အရိုးကျနေတာ မျိုး မဟုတ်ဘူး၊ လူတစ်ယောက်ကို အရှင်လတ်လတ် ဆွဲတင်လာပြီး





ကိုက်ဖြတ်စားသောက်ပစ်လိုက်ပြီး အရိုးကျလာတာ ဖြစ်ရမယ်"

ဦးဗန်ကောင်းက အခြေအနေကို ကြည့်ကာ ပြောသည်။

"ဘယ်လိုသတ္တဝါမျိုး ဖြစ်မလဲ အဘ"

"မမြင်ရသေးတော့ ငါလည်း မသိဘူး၊ ဒါပေမယ့် လူတစ် ယောက်လုံးကို ဒီလောက်မတ်စောက်တဲ့တောင်ထိပ်ကို ဆွဲတင်သွားနိုင် ပုံထောက်ရင်တော့ သာမန်သတ္တဝါမျိုး မဟုတ်တာ သေချာတယ်၊ ငါတို့ အရမ်းလုပ်လို့ မရသေးဘူး၊ ရှေ့ဘက်မှာ ကိုယ်ပျောက်နေတဲ့ လူရိုင်း တွေ ရှိတယ်၊ ဒီနောက်ဘက်မှာ လူတစ်ယောက်လုံးကို အရိုးတခြား အသားတခြား ဖြစ်အောင် စားပစ်နိုင်တဲ့ အသားစားသတ္တဝါတွေ ရှိတယ်၊ ဒီတော့ ဒီတစ်ည အခြေအနေ စောင့်ကြည့်ကြမယ်"

ဟု ပြောဆိုတိုင်ပင်ကာ တောင်ခြေတစ်နေရာမှာ ရှိသော လုံခြုံ သည့်နေရာမှာ ပုန်းအောင်း၍ အခြေအနေကို စောင့်ကြည့်ကြလေ သည်။

သို့သော်လည်း နေ့ခင်းဘက် တစ်ချိန်လုံးမှာတော့ ဘာမှ မမြင် ရသဖြင့် ပါလာသော အစားအသောက်များကို ဝမ်းပြည့်အောင် စား သောက်ပြီး တရေးတမော မှေးကြလေသည်။

အချိန်မည်မျှကြာသွားသည် မသိပေ။

နားထဲမှာ တောတိုးလာသောခြေသံများကို ကြားရသဖြင့် သုံး ယောက်သား ပြန်နိုးလာကြပြီး လက်နက်များကို အဆင်သင့် ကိုင်ကာ အသံကြားရာဘက်သို့ လှမ်းကြည့်ကြလေသည်။

သူတို့ စခန်းချနေသောနေရာမှာ ကျောက်တုံးနှင့် သစ်ချုံများ ကွယ်နေသောကြောင့် တော်ရုံနှင့်တော့ လှမ်းမမြင်ကြရပေ။

အတန်ကြာသောအခါ မနီးမဝေးနေရာဆီမှ သစ်ပင်များ လှုပ် ရှားလာသည်ကိုသာ လှမ်းမြင်ရပြီး လူတော့ မမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပျောက်နေသော လူရိုင်းများ ထိုနေရာသို့ ရောက်လာကြခြင်းဖြစ်သည်။

သူတို့သည် နီမောင်တို့ ရှိနေရာဘက်သို့ ဦးတည်လာနေကြခြင်းဖြစ်သည်။

သည်တစ်ကြိမ်တော့ အန္တရာယ်များနှင့် ရင်ဆိုင်တိုးကြပြီဟု တွေးပြီး လက်နက်များကို အဆင်သင့် ပြင်လိုက်ကြသည်။

အရေးကြုံလာသောအခါ သူတို့ပြုလုပ်ယူလာသော မီးတုတ်၊ မီးတိုင်များကို အသုံးပြုရန်လည်း အဆင်သင့် ပြင်ထားကြသည်။

တောတိုးလာသောသဏ္ဌာန်များမှာ အလင်းရောင်နှင့် ပျောက်နေသည်ဆိုသော်လည်း မနီးမဝေး ရောက်လာသောအခါ မီးခိုးငွေ့များကဲ့သို့ ဝိုးတဝါး မြင်လာရသည်။

မါးလုံများ ကိုင်ထားသော လူရိုင်းသုံးယောက်ပင် ဖြစ်ကြသည်။

၎င်းတို့သည် နီမောင်တို့ ရှိရာဘက်သို့ တောတိုးလာနေရင်းမှ မလှမ်းမကမ်းနေရာရှိ စောစောက ဦးခေါင်းပြတ်ကြီး ပြုတ်ကျလာသောနေရာသို့ ရောက်လာကြသည်။

ထိုနေရာရောက်သောအခါ တစ်ယောက်က ချုံစပ်နားမှာကျနေသော ဦးခေါင်းပြတ်ကြီးကို တွေ့သွားပြီး ကောက်ယူကြည့်လိုက်သည်။

ပြီးနောက် အချင်းချင်း ပြောဆိုနေကြသည်။

သူတို့သည် ဦးခေါင်းပြတ်နှင့် အရိုးများ ကျလာသောတောင်ပေါ်သို့ လက်ညှိုးထိုးကာ ကြောက်ရွံ့ထိတ်လန့်နေကြဟန် ရှိလေသည်။

ထို့နောက်မှာတော့ တောင်ဘက်သို့ လှည့်ပြီး ၎င်းတို့ဘာသာဖြင့် အရိုအသေများ ပေးကာ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်သွားကြလေတော့သည်။





ထိုအခါမှပင် နီမောင်တို့သုံးယောက်မှာလည်း သက်ပြင်းကိုယ်စီချနိုင်ကြလေတော့သည်။

“စောစောက အရိုးခေါင်း ကျလာတဲ့ တောင်ပေါ်မှာ သူတို့ကြောက်တဲ့သတ္တဝါတစ်ကောင် ရှိတဲ့ပုံ ပေါ်တယ်”

“တက်ကြည့်ရင် မကောင်းဘူးလား အဘ”

“ဒီအချိန် တက်ကြည့်ရင် မင်းကို လူရိုင်းတွေက လှမ်းမြင်သွားနိုင်တာပေါ့။ ကြည့်ချင်သပဆိုရင်လည်း ညကျမှပဲ တက်ကြည့်ပေတော့”

ဟု ပြောသဖြင့် နီမောင်လည်း ဘာမှထပ်မပြောတော့ပေ။

ထိုနေ့က ညနေစောင်းအချိန် ရောက်သည်အထိ နောက်ထပ် မည်သည့်အန္တရာယ်မှ မတွေ့ရသောကြောင့် ကောင်းမွန်စွာ နားကြရသည်။

မှောင်ရီသမ်းစအချိန်ရောက်သောအခါ တောင်ထိပ်ပေါ်မှ ဆူဆူညံညံအသံများကို စတင်ကြားလာရသည်။

ထိုအသံများမှာ သတ္တဝါများ အော်ဟစ်နေသောအသံများ ဖြစ်နေမည်ကို ခန့်မှန်းမိသော်လည်း မည်သည့်သတ္တဝါများ အော်ဟစ်နေသောအသံများ ဖြစ်မည်ကို ခန့်မှန်းသိသော်လည်း မည်သည့်သတ္တဝါများမှန်းတော့ မသိကြပေ။

သတ္တဝါများ အော်သံများနှင့်အတူ လိုဏ်ခေါင်းသံလိုလိုပါ ကြားကြရသည်။

အနည်းငယ် မှောင်သွားသောအခါမှ တောင်ထိပ်ပေါ်မှ သတ္တဝါကြီးများ ပျံထွက်လာလေတော့သည်။

“ဟာ. . . ဘာကောင်ကြီးတွေလဲ”

“ဒါ. . ဒါ. . တခြားမဟုတ်ဘူး၊ ဟိမဝန္တာမှာ ရှိတဲ့ လိုဏ်ဂူကြီးတွေ၊ တရုတ်ပြည်ဘက်တွေမှာ ရှိတဲ့ လိုဏ်ဂူကြီးတွေမှာသာ တွေ့နိုင်တဲ့ အသားစား လင်းနို့ကြီးတွေပဲ”

www.burmeseclassic.com



"အကောင်တွေက ကြီးလှချည်လား"

"ဒီလင်းနို့ကြီးတွေဟာ လူတစ်ယောက် မပြောနဲ့ တိရစ္ဆာန်တစ်ကောင်ကိုတောင် အသာကလေး ချီယူသွားနိုင်တယ်၊ ဒါကြောင့် အိန္ဒိယဘက်မှာတော့ သူတို့ကို ဂဠုန်လင်းနို့လို့ ခေါ်ကြတယ်"

"ဘာကြောင့် ဂဠုန်လင်းနို့လို့ ခေါ်ကြတာလဲ"

"ဂဠုန်တွေက ရေထဲမှာ ငုပ်နေတဲ့ နဂါးတွေကို ဖမ်းယူတော့မယ်ဆိုရင် အတောင်ပံနဲ့ ရေပြင်ကို ခွဲပြီးမှ နဂါးကို ဖမ်းသလိုပဲ အသားစား လင်းနို့တွေကလည်း ရေထဲမှာ ရှိတဲ့ငါးတွေကို ဖမ်းယူကာနီးမှာ သူတို့အတောင်ပံတွေနဲ့ ရေပြင်ကို ခွဲပြီး ငါးကို ဖမ်းယူကြတာကြောင့် ဂဠုန်လင်းနို့လို့ ခေါ်ကြတာပဲ"

ဟု ပြောပြသည်။

အမှောင်ရိပ်သမ်းနေသော ကောင်းကင်ပြင်မှာ လင်းနို့ကြီးများ ပျံသန်းထွက်သွားပုံမှာ လေယာဉ်ပျံများ သို့မဟုတ် စွန်ကြီးများနှင့် သဏ္ဍာန်တူလှပေသည်။

ဘေးတစ်ဖက်တစ်ချက်သို့ ထွက်နေသော အတောင်ပံကြီးများမှာ ရွက်လှေတစ်စီးမှာ တပ်ဆင်ထားသော ရွက်များနှင့် ပုံသဏ္ဍာန်တူလှသည်။

ကိုယ်လုံးအရွယ်အစားမှာလည်း သိန်းငှက်ကြီးများထက်ပင် ပိုမိုကြီးမားလေသည်။

ထိုလင်းနို့ကြီးများမှာ တောင်ထိပ်တစ်နေရာမှ တစ်ကောင်ပြီး တစ်ကောင် ကောင်းကင်သို့ ပျံတက်သွားကြလေရာ ညဦးနက်ပိုင်းအချိန်ရောက်သောအခါ မတွေ့ရတော့ပေ။ ထိုအချိန် ရောက်သောအခါ နီမောင်က တောင်ထိပ်ပေါ်သို့ တက်ကြည့်ရန် ပြင်ဆင်လေသည်။

"လင်းနို့ဆိုတာ သေးတဲ့အကောင်ရော ကြီးတဲ့အကောင်ပါ





နေ့အချိန်ဆိုရင် အလင်းရောင် ကြောက်ကြလေတော့ သူတို့ နေတဲ့နေရာမှာ လိုဏ်ဂူရှိမှာ အမှန်ပဲ"

"မင်း သတိထားပြီးတော့ လုပ်နော်"

"စိတ်ချပါ အဘ"

"အစ်ကို သတိထားနော်၊ တော်ကြာ လင်းနို့ကြီးတွေနဲ့ ရင်ဆိုင်တိုးနေမှဖြင့် အခက်ပဲ"

ဟု စာမရီက စိုးရိမ်ပူပန်စွာ ပြောသဖြင့် နီမောင်က စိတ်မပူစေရန် ခေါင်းညိတ်ပြလိုက်ရသည်။

ထို့နောက်. . .

ကြိုး၊ ပေါက်ဆိန်၊ ဓါး၊ လက်နှိပ်မီးတို့ကို ယူဆောင်ပြီး တောင်ပေါ်သို့ စတက်လေသည်။

တောင်မှာ ထုံးကျောက်အမျိုးအစားဖြစ်သောကြောင့် မာကျောမှုတော့ မရှိလှပေ။

မတ်စောက်လှသည်ဆိုသော်လည်း ခြေနင်းစရာနှင့် လက်ဖြင့်ဆွဲတက်စရာနေရာများ ရှိသဖြင့် အလွယ်တကူပင် တက်သွားနိုင်သည်။

အချို့နေရာများမှာတော့ ပေါက်ဆိန်သွားဖြင့် ပေါက်ကာတက်ရလေသည်။

အချို့နေရာများတွင် တောင်ခါးပန်းသဖွယ်ဖြစ်နေပြီး ထိုနေရာများမှာ ကျနေသော အရိုးစုများ တွေ့ရသည်။ လူအရိုးနှင့် တိရစ္ဆာန်အရိုးများ ဖြစ်မည်ဟု ခန့်မှန်းမိလေသည်။

နီမောင်မှာ ထိုနေရာရောက်သည်နှင့် အပုတ်နံ့နှင့် သွေးညှီနံ့များ မခံနိုင်သောကြောင့် နှာခေါင်းနှင့်ပါးစပ်ကို အဝတ်စဖြင့် ပိတ်စည်းထားရသည်။

ထိုနေရာမှတဆင့် တက်သွားသောအခါ တောင်ထိပ်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်နိုင်ရန် တစ်ဆင့်အလိုသို့ ရောက်ရှိသွားခဲ့လေသည်။

နီမောင်သည် အမောဖြေရင်း အခြေအနေကို နားစွင့်ကြည့်သောအခါ ထွေထွေထူးထူးတော့ ဘာသံမှ မကြားရပေ။

ထိုနေရာမှ တောင်အောက်သို့ ငုံ့ကြည့်ပါက အတန်အသင့် မြင်နိုင်သော်လည်း ညအချိန်မှသာ ထွက်လာသော လူရိုင်းများမှာ တောင်အနောက်ဘက်ခြမ်းသို့ လာရောက်ကြခြင်း မရှိကြပေ။

လင်းနို့ကြီးများရန်ကို ကြောက်ရွံ့သဖြင့် မလာဝံ့ကြခြင်းလည်း ဖြစ်ပေလိမ့်မည်။

ထိုအခိုက်မှာပင် ကောင်းကင်တစ်နေရာမှ စူးစူးဝါးဝါး အော်သံ တစ်ချက်ကြားလိုက်ရသည်။

လူတစ်ယောက် ကြောက်လန့်တကြားနှင့် ငယ်သံပါအောင် အော်ဟစ်လိုက်သောအသံမျိုးပင်ဖြစ်သည်။ နီမောင်မှာ ကျောက်စွန်း တစ်ခု အနောက်ဘက်သို့ ဝပ်နေရင်းမှ အသံကြားရာဘက်သို့ လှမ်းကြည့်လိုက်သည်။

ပတ်ဝန်းကျင်မှာ အမှောင်ထုများ ဖုံးနေသောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရပေ။

အတန်ကြာတော့ စူးစူးဝါးဝါး အော်ဟစ်နေသံကြီးက တဖြည်းဖြည်းနှင့် နီးလာပြီး ကြီးမားသော လင်းနို့တစ်ကောင် တောင်ထိပ်ဘက်သို့ ပျံဝင်လာသည်ကို လှမ်းမြင်ရသည်။

လင်းနို့သည် မီးစုန်းဓါတ်များဖြင့် အရောင်ထွက်နေသော လူရိုင်းတစ်ယောက် သုတ်ချီလာလေသည်။

လင်းနို့ခြေထောက်ကြားမှာ ကိုးရိုးကားရား ပါလာသော လူရိုင်း၏စူးစူးဝါးဝါးအော်သံများမှာ ပတ်ဝန်းကျင်တစ်ဝိုက် ဆူညံနေတော့သည်။





နီမောင်မှာ ကျောက်စွန်းအကွယ်မှာ ကပ်နေပြီး အခြေအနေကို ကြည့်နေရလေသည်။

ခဏကြာတော့ လင်းနို့ကြီးက နီမောင် ရှိနေသောနေရာမှ အပေါ်သို့ ပျံတက်သွားသည်။

တောင်ပံခတ်မှုကြောင့် တစ်ကိုယ်လုံး အေးစိမ့်သွားရုံမက ပူနွေးနေသည့်သွေးစက်များပါ ကိုယ်ပေါ်သို့ ကျသွားသေးသည်။

ထို့နောက် လင်းနို့ကြီးက တောင်ထိပ်ပေါ်သို့ ပျံတက်သွားသည်။ လူတစ်ယောက်၏အော်သံများက နားမခံသာအောင် ကြားနေရပြီး အတန်ကြာသောအခါမှ အသံတိတ်သွားလေတော့သည်။

တောင်ထိပ်ပေါ်မှ အခြေအနေကို မမြင်ရသော်လည်း ထိုလူ၏ကံကြမ္မာမှာ ကောင်းနိုင်စရာတော့ ရှိမည်မဟုတ်ပေ။

အတန်ကြာတော့ တောင်ထိပ်ပေါ်မှ အတောင်ခတ်သံများ ကြားရပြီး လင်းနို့ပြန်ထွက်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

ထိုအခါမှ အပေါ်သို့ ဆက်တက်လာရာ တောင်ထိပ်ပေါ်သို့ ရောက်လေတော့သည်။

ထိုနေရာရောက်သောအခါမှ များစွာအံ့သြရလေတော့သည်။ တောင်ထိပ်ရင်ပြင်တစ်ခုလုံး လူအရိုးများ၊ တိရစ္ဆာန်အရိုးများ၊ လင်းနို့ချေးများ၊ သွေးကွက်များ၊ အသားအပိုင်းအစများအပြင် စောစောက ချီယူလာပြီး ကိုက်ဖြတ်စားသောက်ထားခဲ့သော လူရိုင်းအလောင်းကိုပါ တွေ့ရသည်။

ထိုလူရိုင်းမှာ လင်းနို့ကြီးများ၏ ချွန်ထက်သည့် သွားအစွယ်များဖြင့် ကိုက်ဖြတ်စားသောက်ခြင်း ခံထားရသောကြောင့် အသားများမှာ အကွင်းလိုက် အကွင်းလိုက် ပြတ်ထွက်နေပြီး အချို့နေရာများမှာ အရိုးများပင် ပေါ်နေလေသည်။

www.burmeseclassic.com



ထိုလူမှာ မီးစုန်းခါတ်များကြောင့် ဝိုးတဝါးသာ မြင်နေရသော်လည်း သူ့ကိုယ်မှ ပန်းထွက်နေသည့်သွေးများကိုတော့ အထင်းသား မြင်နေရသည်။

ထိုလူရိုင်းမှာ မရှုမလှ အခြေအနေမျိုးဖြင့် အသက်ရှင်နိုင်စရာလည်း ရှိဟန်မတူတော့ပေ။

ဂှင်းထဲမှ ညည်းသံသဲ့သဲ့သာ ကြားနေရတော့သည်။

နီမောင်က ပတ်ဝန်းကျင်အခြေအနေကို ကြည့်သောအခါ မလှမ်းမကမ်းနေရာတွင် ဂူပေါက်ကြီးတစ်ခုကို လှမ်းမြင်ရသောကြောင့် သတိထားပြီး ထိုနေရာသို့ သွားကြည့်လေသည်။

ဂူပေါက်ကြီးမှာ အတော်ကျယ်ဝန်းပြီး အတွင်း၌ လင်းနို့ကြီးများ ခိုအောင်းနေကြဟန်ရှိကြလေသည်။

နီမောင်က ဂူပေါက်ဝအတွင်းသို့ အရဲစွန့်ပြီး ဝင်ကြည့်သောအခါ ဂူကြမ်းပြင်ပေါ်မှာ လင်းနို့ချေးများ အထပ်ထပ် ရှိနေပြီး လင်းနို့ကြီးများကတော့ တစ်ကောင်မှ မရှိတော့ပေ။

ထိုဂူပေါက်မှ အတွင်းသို့ ဝင်ကြည့်သောအခါ အောက်ဘက်သို့ ဆင်းသွားသော လိုဏ်ခေါင်းပေါက်ကြီးတစ်ခုကို တွေ့ရသဖြင့် အသေအချာ ကြည့်ရှုမှတ်သားပြီး အပြင်သို့ ပြန်ထွက်ခဲ့လေတော့သည်။





## အခန်း(၁၀)

# မသေသေးနှင့် သေဘေးအန္တရာယ်

ညနေပိုင်းအချိန်ရောက်သည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ အမှောင်ထုများ ဖုံးလွှမ်းလာလေတော့သည်။

ထိုသို့ အမှောင်ထုများ ရောက်လာသည်နှင့် တောင်ထိပ်ပေါ်မှ လင်းနို့ကြီးများ ကောင်းကင်သို့ ပျံတက်လာကြသည်။

ထိုလင်းနို့ကြီးများ အတောင်ပံခတ်သံများမှာပင် ပတ်ဝန်းကျင်မှ အတိုင်းသား ကြားနေကြရသည်။

နီမောင်တို့သုံးယောက်မှာ လင်းနို့ကြီးများ အပြင်သို့ ပျံထွက်သွားသည်နှင့် တောင်ထိပ်သို့ တက်ရန် ပြင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တစ်နေ့လုံး တောင်ထိပ်ပေါ် တက်လျှင် ယူဆောင်သွားကြမည့် လက်နက်များကို ပြင်ဆင်ကြသည်။ နီမောင်က အားကောင်းသော လေးညှို့တစ်ခုနှင့် မြားတံများ ပြုလုပ်လေသည်။

မြားတံများ ပြီးသောအခါ မြားတံထိပ်၌ ထိသေအဆိပ်ရည်များ သုတ်လိမ်းထားလိုက်သည်။

အကယ်၍ တောင်ထိပ်ပေါ်မှာ လင်းနို့ကြီးနှင့် ရင်ဆိုင်တိုးပါက ထိုကဲ့သို့ အဝေးပစ်လက်နက်မျိုး ပါမှ ဖြစ်ပေသည်။

ပထမတော့ နီမောင်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်သာ တောင်ပေါ် တက်ကြပြီး စာမရီကို တောင်ခြေ၌ ထားခဲ့ရန် စီစဉ်သော်လည်း စာမရီက မနေဘဲ သူပါ အပေါ်လိုက်ရန် ပြောသဖြင့် သူမကိုပါ တပါတည်း ခေါ်ခဲ့ရလေသည်။

ညဦးပိုင်းအချိန်ရောက်လာသည်နှင့် ပတ်ဝန်းကျင်မှာ အမှောင်ထုများ ဖုံးလာသော်လည်း အလင်းရောင်အချို့ကြောင့် ပတ်ဝန်းကျင်ကို အတန်အသင့် လှမ်းမြင်နိုင်ကြသည်။

ထိုအချိန်မှာပင် တောင်ထိပ်ပေါ်မှာ ခိုအောင်းနေကြသော လင်းနို့ကြီးများမှာ တစ်ကောင်ပြီးတစ်ကောင် အဝေးသို့ ပျံထွက်သွားကြရာ ညဦးပိုင်းအချိန်လွန်သောအခါ တစ်ကောင်မှ မမြင်ရတော့ပေ။

"အချိန်ရှိတုန်း တောင်ပေါ် တက်ကြစို့"

ဟု ပြောပြီး နီမောင်က ရှေ့ဦးစွာ အပေါ်တစ်ဆင့်သို့ တက်သွားပြီး ကြိုးတစ်စကို အောက်ကို လျှောချပေးလိုက်သည်။

ထိုကြိုးစကို ကိုင်ပြီး ဦးဇန်ကောင်းနှင့်စာမရီတို့ တစ်ယောက်ပြီးတစ်ယောက် တက်လာကြသည်။

ထိုနေရာတစ်ဝိုက်တွင် ပြန့်ကျဲနေသော အရိုးစုများကို မြင်သောအခါ ကျန်နှစ်ယောက်မှာ များစွာအံ့သြနေကြလေသည်။





အကယ်၍ အသားစား လင်းနို့ကြီးများနှင့် ရင်ဆိုင်တိုးမိပါက အခြေအနေ မကောင်းနိုင်မှန်း ရိပ်မိကြလေသည်။ ထိုနေရာမှာ တစ်ထောက်နားပြီးမှ အပေါ်တစ်ဆင့်သို့ ဆက်တက်ကြသည်။

တောင်ထိပ်ရင်ပြင်ပေါ်သို့ ရောက်သောအခါမှာလည်း နေရာအနှံ့မှာ လူအရိုးစုများနှင့် အခြားအရိုးစုများကို တွေ့ရသောအခါ စာမရီမှာ ကြောက်ရွံ့နေသည်။

သို့ကြောင့် နီမောင်က နှစ်သိမ့်အားပေးမှု ပြုရလေသည်။

"ဘာမှမကြောက်နဲ့ စာမရီ၊ အန္တရာယ်နဲ့ တွေ့ရင် ရှေ့ကနေ အစ်ကို ကာကွယ်ပေးပါ့မယ်"

စာမရီက နီမောင်လက်တစ်ဖက်ကို အားကိုးတကြီးနှင့် ဆုပ်ကိုင်ထားလေသည်။

"အဘ. . . ဟိုဘက်မှာ လင်းနို့ကြီးတွေ ခိုအောင်းတဲ့ လိုဏ်ဂူကြီး ရှိတယ်၊ အဲဒီလိုဏ်ဂူကြီးရဲ့အတွင်းဘက်မှာ အောက်ကို ဆင်းနိုင်မယ့် လိုဏ်ခေါင်းပေါက်ကြီးတစ်ခုလည်း တွေ့ခဲ့တယ်၊ အဲဒီက ဆင်းသွားရင် အောက်ခြေကို ရောက်နိုင်မယ်ထင်တယ်"

"ဒါကတော့ လက်တွေ့ဆင်းကြည့်မှပဲ အခြေအနေ သိရမှာပဲ၊ လာ. . . အချိန်ရှိတုန်း သွားကြရအောင်"

သုံးယောက်သား လင်းနို့ကြီးများ ခိုအောင်းသည့် ဂူကြီးရှိရာသို့ လာကြပြီး အတွင်းသို့ ဝင်ကြလေသည်။

ဂူကြမ်းပြင်ပေါ်မှာ လင်းနို့ချေးများ အထပ်ထပ် ဒုတက်နေသော်လည်း လင်းနို့များတော့ မတွေ့ရပေ။

ထိုနေရာမှာလည်း လင်းနို့ချေးများနှင့် ရောနှောကာ အရိုးစုများ ရှိနေကြသည်။

သုံးယောက်သား လက်နှိပ်မီးရောင်ကို အသုံးပြုပြီး အတွင်းသို့

www.burmeseclassic.com



ဝင်သွားကြလေသည်။

အတွင်းပိုင်းရောက်သောအခါ လင်းနို့ချေးများ သိပ်မရှိတော့ပေ။

အတန်ငယ် သွားမိသောအခါ လိုဏ်ဂူက ဆုံးသွားပြီး အောက်ဘက်သို့ ဆင်းသောအပေါက်ကြီးကို တွေ့ရသည်။

အပေါက်ဝမှာ အတော်ကျယ်ဝန်းသော်လည်း ဒီအတိုင်း အောက်သို့ ဆင်းနိုင်ရန်တော့ မလွယ်လှပေ။

ဦးဇန်ကောင်းက အောက်သို့ ငုံ့ကြည့်ပြီး ပြောသည်။

"ဒီအပေါက်က အောက်ဖက်ကို တောက်လျှောက် ပေါက်နေတာဖြစ်ရမယ်၊ အောက်ဖက်က တက်လာတဲ့လေက ဒီအပေါ် ထိ တက်လာတယ်"

ဟု ပြောသဖြင့် နီမောင်က အောက်သို့ လက်နှိပ်ဓါတ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

သဲသဲကွဲကွဲ မမြင်ရသော်လည်း အောက်ခြေမှာ တစ်စုံတစ်ခု ရှိနေသည်ကိုတော့ ဝိုးတဝါး လှမ်းမြင်ရသည်။

"ဘယ်လိုလုပ်မလဲ. . . ဆင်းကြည့်ရမလား"

"ဆင်းကြည့်မှပဲ အဖြေသိရတော့မှာပေါ့"

"ကျွန်တော် အရင်ဆင်းမယ်၊ အဘတို့က ဒီအပေါ်မှာပဲ စောင့်နေကြ၊ တကယ်လို့ အောက်မှာ အခြေအနေကောင်းရင် ကျွန်တော် မီးရောင်နဲ့ အချက်ပြလိုက်မယ်"

ဟု ပြောပြီး နီမောင်က ကြိုးတစ်စကို အောက်သို့ လျှောချလိုက်ပြီးနောက် ထိုကြိုးမှ ကိုင်ကာ အောက်သို့ ဆင်းသွားလေသည်။

အောက်ဖက်သို့ ရောက်သွားလေလေ အောက်ဖက်မှ လှိုက်တက်လာသောလေများနှင့် ထိတွေ့ရလေလေဖြစ်သည်။





နောက်ဆုံးတော့ အောက်ခြေသို့ ရောက်သွားလေတော့သည်။

ထိုနေရာမှာ ဂူတစ်ဂူ၏အခန်းကျယ်ကြီးတစ်ခုပင် ဖြစ်နေသည်။

နီမောင်က အခြေအနေကို နားစွင့်ကြည့်သောအခါ တိတ်ဆိတ်ငြိမ်သက်နေသဖြင့် ပတ်ဝန်းကျင်သို့ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

ဦးစွာ တသွင်သွင် စီးဆင်းနေသော စမ်းချောင်းတစ်ခုကို အရင်မြင်ရသည်။

ထိုစမ်းချောင်းမှာ အောက်ဖက်သို့ စီးဆင်းနေပြီး ရေစီးကြောင်း စတင်သောနေရာ၌ ရေအိုင်တစ်ခု ရှိနေလေသည်။

ထိုရေစီးကြောင်း စတင်သောနေရာမှာ ကျောက်တုံးကြီးနှစ်တုံး ရှိနေပြီး ထိုကျောက်တုံးကြီးပတ်ဝန်းကျင်မှာ ဒန်းပင်နှင့် ပုံသဏ္ဌာန်တူသော ဆေးပင်များကို လှမ်းမြင်ရသဖြင့် များစွာဝမ်းသာသွားလေသည်။

သို့ကြောင့် အပေါ်မှာ ကျန်ခဲ့သော ဦးဇန်ကောင်းနှင့် စာမရီတို့ အောက်သို့ ဆင်းလာရန် မီးရောင်ဖြင့် အချက်ပြပေးလိုက်သည်။

ခဏကြာသောအခါ ဦးဇန်ကောင်းနှင့် စာမရီတို့ အောက်သို့ ရောက်လာကြသည်။

"ဘယ်လိုလဲ နီမောင်"

နီမောင်က လက်နှိပ်မီးရောင်ဖြင့် ဆေးပင်များ ရှိသောနေရာကို ထိုးပြလိုက်သည်။

ဦးဇန်ကောင်းမှာ ဆေးပင်များ မြင်သောအခါ မျက်လုံးပြူးသွားသည်။

နောက် အံ့ဩသွားသောအမူအယာဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

www.burmeseclassic.com



"ဟန်. . ဟန်ကျပြီကွ၊ အဆက်ကလူစီလို့ ခေါ်တဲ့ အသက်ရှည်ဆေးပင်တွေ တကယ်ရှိနေတာပဲ၊ ငါတို့တော့ စွန့်စားရကျိုးနပ်ပြီကွ"

ဟု အံကြိတ်ထားရင်း ပြောလိုက်လေသည်။

"ဆေးပင်တွေ တွေ့ရပြီဆိုတော့ ဆင်းနှုတ်ယူလိုက်ရမလား အဘ"

"သိပ်လည်း မလောပါနဲ့ကွ၊ အခြေအနေလည်း အကဲခတ်ကြည့်ပါဦး၊ တော်ကြာ ကိုယ်ပျောက်နေတဲ့လူရိုင်းတွေနဲ့ တိုးလို့ ခက်နေပါဦးမယ်"

ထိုနေရာတဝိုက်မှာ ရှိသော ကျောက်ဂူနံရံများမှာ မီးစုန်းခါတ်များ ရှိနေသောကြောင့် ပိုးစုန်းကြူး အလင်းရောင်များကဲ့သို့ မှုန်ဝါးစွာ လင်းလက်နေသည်။

ယခုအခြေအနေအထိတော့ ဂူထဲမှာ အခြေအနေက ငြိမ်သက်နေလေသည်။

အချိန်ကလည်း သန်းခေါင်ယံအချိန် နီးနေပြီဖြစ်သောကြောင့် အချိန်ဆွဲနေ၍မရတော့ပေ။

အရုဏ်တက်ချိန်ရောက်သည်နှင့် အသားစား လင်းနို့ကြီးများ ဂူအတွင်း ပြန်ရောက်လာသည်နှင့် ပြန်ထွက်ဖို့ လွယ်တော့မည် မဟုတ်ပေ။

သို့ကြောင့်. . .

လက်နှိပ်မီးရောင်ကို ခပ်အုပ်အုပ် အသုံးပြုပြီးနောက် ၎အောက်ဖက်သို့ ဆင်းကြလေသည်။

ဆေးပင်များ ရှိသောနေရာမှာ ချောင်းရေများ စိမ့်ထွက်နေသော ရေအိုင်နှင့်တူသော နေရာပတ်ဝန်းကျင်တစ်ဝိုက် ဖြစ်ပေသည်။

ဦးဇပ်ကောင်းက ထိုနေရာ ရောက်သောအခါ ကျောက်တုံး





ကြီးနှစ်တုံးကြားမှ စီးကျနေသော ချွဲပျစ်ပျစ်နှင့် အနီရောင်အရည်များကို အသေအချာ ကြည့်ပြီး လေသံခပ်တိုးတိုးဖြင့် ပြောလိုက်သည်။

"ဒါ. . အခြားမဟုတ်ဘူး၊ ရောဂါမှန်သမျှကို ပျောက်ကင်းစေနိုင်ပြီး အသက်ရှည်ခြင်းကို အထောက်အပံ့ ဖြစ်စေနိုင်တဲ့ ကျောက်သွေးတွေပဲ၊ တစ်ခွက်စီယောက် ခပ်သောက်လိုက်ကြ"

ဟု ပြောသဖြင့် နီမောင်တို့မှာ ပါလာသောခွက်များဖြင့် ကျောက်သွေးများကို ခပ်သောက်လိုက်ကြသည်။

ပါးစပ်ထဲ ရောက်သွားသည်နှင့် ချိုအေးသွားပြီး လည်ချောင်းနှင့် ဝမ်းဗိုက်တစ်ခုလုံးမှာ အေးစိမ့်သွားလေတော့သည်။

ထို့နောက်မှာတော့ ကျောက်တုံးများအပေါ်မှာ တင်နေသော ကျောက်သွေးအခဲများကို လိုက်လံခွာယူပြီး အိတ်ထဲသို့ ထည့်ကြလေသည်။

ထိုအခြေအနေအထိတော့ မည်သည့်အနှောင့်အယှက်မှ မတွေ့ကြရသေးပေ။

ကျောက်သွေးများ ခွာယူပြီး ဆေးပင်များ ရှိရာသို့ ဆင်းသွားတော့မှ အခြေအနေက ထူးခြားလာလေတော့သည်။

အခြားမဟုတ်ပေ. . .။

သူတို့ အနီးသို့ ရောက်သွားသောအခါ ဆေးပင်များက လေမတိုက်ဘဲနှင့် လှုပ်ယမ်းလာလေသည်။

လူတစ်ယောက် လှုပ်ရှားလာသကဲ့သို့ ဟိုဘက်ဒီဘက် ယိမ်းထိုးလာခြင်းဖြစ်သည်။

ထိုသို့ လှုပ်ရှားလာခြင်းမကဘဲ ဂူအတွင်းမှာ ပဲ့တင်သံများ ပေါ်ထွက်လာလေတော့သည်။

"ငါတို့ကို ယူဖို့. . . ရန်သူတွေ ရောက်နေပြီ. . .

www.burmeseclassic.com



ငါတို့ကို ယူဖို့. . . ရန်သူတွေ ရောက်နေပြီဟေ့. . .”

ဘယ်နေရာက ဘယ်သူက အော်လိုက်မှန်း မသိသော အော်သံများက ဂူတစ်ခုလုံး အချက်ပေး ခေါင်းလောင်းသံများပမာ အသံမြည်လာလေတော့သည်။

ထိုအသံများကြောင့် နီမောင်တို့သုံးယောက်စလုံး ထိတ်လန့်အံ့သြသွားကြလေသည်။

ထိုအော်သံများကြောင့် အပြင်ဘက်မှ ဆူဆူညံညံ အော်ဟစ်သံများ ပေါ်ထွက်လာလေတော့သည်။

ဆေးပင်များ ရှိသောနေရာမှ အော်ဟစ်သံများမှာလည်း အချက်ပေး ခေါင်းလောင်းသံများပမာ အဆက်မပြတ် ပေါ်ထွက်နေလေသည်။

“အဘ. . . ဆေးပင်တွေရဲ့အော်သံကြောင့် အပြင်ဘက်က လူရိုင်းတွေ ဝင်လာတော့မယ် ထင်တယ်”

“ဒီလိုဖြင့် ဆေးပင်တွေ ရသမျှ နှုတ်ယူပြီး ဒီနေရာက အမြန်ပြန်ထွက်ကြမှ ဖြစ်မယ်”

ဟု ပြောပြီး သုံးယောက်သား ဆေးပင်များကို ရသမျှ နှုတ်ယူကြပြီးနောက် ထိုနေရာမှ အမြန်ပြန်ထွက်ကြလေသည်။

သူတို့ ထွက်ပြေး၍ မကြာမီမှာပင် စောစောက သူတို့ ရပ်နေသောနေရာသို့ လှံများ ထိုးစိုက်ကျလာသည်။

အကယ်၍ အချိန်နောက်ကျပါက ထိုလှံချက်များ ထိပြီး အသက်ပျောက်သွားနိုင်သည်။

သူတို့သုံးယောက် အပေါ်သို့ ရောက်သောအခါ ဆေးပင်များရှိရာသို့ လူရိုင်းများ ရောက်လာကြသည်။

၎င်းတို့၏ကိုယ်လုံးများမှာ အလင်းရောင်များ ထွက်နေသော





ကြောင့် ကောင်းစွာလှမ်းမြင်ရသည်။

“အဘတို့နှစ်ယောက် အရင်တက်နှင့်ကြ၊ ကျွန်တော် သူတို့ လိုက်မလာနိုင်အောင် ဒီနေရာက တားထားမယ်”

ဟု ပြောနေစဉ် လူရိုင်းအချို့က အပေါ်သို့ ပြေးတက်လာနေကြပြီ။

ဦးဗန်ကောင်းနှင့် စာမရီတို့နှစ်ယောက်ကလည်း အပေါ်သို့ ပြန်တက်ရန် ကြိုးစားနေကြလေပြီ။

နီမောင်က အိတ်ထဲမှာ အသင့်ပါလာသော ကညင်ဆီလုံးများ မီးရှို့လိုက်ရာ မီးတောက်များ ရသည်နှင့် ပြေးတက်လာသောလူရိုင်းများ ရှိရာသို့ လှမ်းပစ်လိုက်သည်။

ဒေါသတကြီး ပြေးတက်လာသော လူရိုင်းများမှာ မီးတောက်များကို မြင်သောအခါ ကြောက်လန့်တကြားနှင့် နောက်တွန့်သွားကြသည်။

သူတို့သည် ရှေ့ဆက်မတိုးလာဘဲ လှံများ၊ ဓါးများဖြင့် အဝေးမှ လှမ်းပစ်ရာ ကျောက်တုံးကျောက်ဆောင်များကို လာရောက်ထိမှန်ကြလေသည်။

နီမောင်က အနည်းငယ် အားရှိသွားပြီး လက်ထဲမှာ ပါသော အကြီးဆုံးမီးတုတ်ကို မီးရှို့လိုက်သည်။

တဖျစ်ဖျစ်နှင့် မီးလောင်သံများနှင့်အတူ မီးတောက်ကြီးများ တောက်လောင်လာလေတော့သည်။

နီမောင်ပစ်ထားသော ကညင်ဆီမီးလုံးများကို ကွင်းရှောင်ပြီး အချို့လူရိုင်းများက တစ်နေရာမှ တက်လာရန် ကြိုးစားနေကြသည်။

ဦးဗန်ကောင်းနှင့်စာမရီတို့မှာ အပေါ်ဆင့် ရှိရာသို့ ရောက်သွားကြဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က ကြိုးစရှိသောနေရာမှာ မီးတိုင်နှစ်တိုင်သုံးတိုင် ဝန်းရုံစိုက်ထားလိုက်ပြီး ကြိုးစအဖျားပိုင်းကိုပါ မီးရှို့လိုက်သည်။

ထိုသို့မီးရှို့ပြီးမှ မီးလွတ်ရာသို့ ခုန်တက်လိုက်သည်။

မီးအပူရှိန်များက ခြေထောက်ကို ဟပ်မိသွားသော်လည်း အပေါ်သို့ ရောက်သွားသည်။

ထိုနေရာရောက်သည်နှင့် အပေါ်သို့ အမြန်တက်ရသည်။ မတက်၍လည်း မဖြစ်တော့ပေ။

ကြိုးဝမှာ စွဲနေသောမီးတောက်များက တဖြည်းဖြည်းနှင့် အပေါ်သို့ တက်လာသည်။

အောက်ဖက်မှာ ကျန်နေသော လူရိုင်းများကလည်း စမ်းချောင်းမှ ရေများကို ယူလာပြီး နီမောင်စိုက်ထားခဲ့သော မီးတောက်များကို ငြိမ်းသတ်ရန် ကြိုးစားနေကြသည်။

ရေဖြင့် ပက်လိုက်သောကြောင့် မီးတောက်များ ငြိမ်းသွားသောအခါ ကြိုးစကို ဆွဲပြီး အပေါ်သို့ တက်လိုက်လာရန် ကြိုးစားကြသည်။

နီမောင်က ဒုတိယအဆင့် ရောက်အောင် တက်သွားပြီး ထိုနေရာရောက်သွားသည်နှင့် ကြိုးစကို တစ်ပိုင်းဖြတ်ချလိုက်လေတော့သည်။

ထို့ကြောင့် အပေါ်သို့ တက်လိုက်လာရန် အားထုတ်နေကြသောလူရိုင်းများမှာ အောက်သို့ ပြုတ်ကျသွားလေတော့သည်။

နီမောင်က အပေါ်ဆက်တက်သွားရာ အပေါ်ရောက်ခါနီးမှ အော်ဟစ်သံများ ကြားရသည်။

စာမရီ၏စူးစူးဝါးဝါး အော်လိုက်သံပင်ဖြစ်သည်။

သို့ကြောင့် အပေါ်ရောက်အောင် အလျင်အမြန် တက်သွားလေသည်။





လင်းနို့ကြီးများ နေသောဂူ ရှိရာသို့ ရောက်သွားသောအခါ မြင်ကွင်းက မကောင်းလှပေ။

လင်းနို့ကြီးများ ပြန်ရောက်မလာသေးသော်လည်း ဂူပေါက်ဝမှ ဝင်လာသော အန္တရာယ်ကောင်ကြီးက ရှိနေလေပြီ။

ထိုသတ္တဝါကြီးမှာ လူထက်နှစ်ဆခန့်ကြီးပြီး တစ်ကိုယ်လုံး အမွေးအပိမ့်များဖြင့် ကြောက်မက်ဖွယ်ရာကောင်းသော သတ္တဝါကြီးပင်ဖြစ်ပေသည်။

ထိုသတ္တဝါကြီး ခန္ဓာကိုယ်မှ မီးစုန်းခါတ်များကြောင့် အလင်းရောင်များ တဝင်းဝင်းနှင့် ထွက်နေလေသည်။

ထိုသတ္တဝါကြီးက ဒေါသတကြီးဖြင့် ဂူအတွင်း ဝင်လာရန် ကြိုးစားနေသည်။

ဦးဗန်ကောင်းကလည်း မီးတုတ်ကြီးကို ကိုင်ကာ ဝှေ့ယမ်းရင်း ဟန့်တားထားရာ မီးရောင်ကြောင့် ရှေ့သို့ တိုးမလာဝံ့ပေ။ နီမောင် ရောက်သွားတော့ ဦးဗန်ကောင်းက မေးသည်။

"နီမောင်. . . မင်းဆီမှာ မီးတုတ်ကျန်သေးလား"

"မရှိတော့ဘူး. . . အောက်မှာ အကုန်သုံးခဲ့ပြီ"

"ငါ့ဆီမှာလည်း ဒီတစ်ခုပဲ ကျန်တော့တယ်၊ တကယ်လို့ မီးတောက် ကုန်သွားရင်တော့ သူ ရှေ့တိုးပြီး ဝင်လာမှာပဲ"

"ဘယ်လိုလုပ်မလဲ အဘ"

"အခြေအနေ ကြည့်လုပ်ရမှာပဲ၊ မကြာခင် အရုဏ်တက်တော့မယ်၊ အလင်းရောင် ရလာတာနဲ့ အစာရှာသွားနေတဲ့ လင်းနို့ကြီးတွေ ဝှရှိရာကို ပြန်လာကြမှာပဲ၊ ဒီအချိန်မှာ ငါတို့အတွက် အခွင့်ကောင်း တစ်ခုခုတော့ ရနိုင်တယ်"

ထိုသို့ပြောနေကြစဉ်မှာပင် ဦးဗန်ကောင်းလက်ထဲမှာ ကိုင်ထား

www.burmeseclassic.com



သောမီးတိုင်က မီးအရှိန်ကျလာလေပြီ။

မိနစ်အနည်းငယ်အတွင်းမှာ မီးတောက်အရှိန် ငြိမ်းကျသွားနိုင်လေသည်။

ထိုအခိုက်မှာပင် အရှေ့ဘက်မှ အရုဏ်ဦးအလင်းရောင်များ ပေါ်ထွက်စ ပြုလာချေပြီ။

အဝေးမှ ဆူဆူညံညံအသံများ ကြားလာရသည်။

အတန်ကြာသောအခါ တစ်ညလုံး အဝေးသို့ ထွက်ကာ အစာရှာနေကြသည့် လင်းနို့ကြီးများ ဂူရှိရာသို့ ပြန်လာကြလေသည်။

ဂူပေါက်ဝမှ ပိတ်စောင့်နေသည့် လူ့ဘီလူးကြီးမှာ လင်းနို့များ အော်သံကြားသည်နှင့် အလန့်တကြား ဖြစ်သွားဟန်ဖြင့် အပြင်သို့ ပြန်ထွက်ရန် ကြိုးစားလေသည်။

သို့သော် မရတော့ပေ။

ဂူပေါက်ဝသို့ ပြန်ရောက်လာသော လင်းနို့ကြီးများက တစ်ကိုယ်လုံး အလင်းရောင်များ ထွက်နေသော လူ့ဘီလူးကြီးကို မြင်သောအခါ စားနေကျအစာကို မြင်ရသကဲ့သို့ တရကြမ်း ဝင်ရောက်တိုက်ခိုက်လေတော့သည်။

လူ့ဘီလူးကြီးကလည်း ဒေါသတကြီးဖြင့် ပြန်လည်တိုက်ခိုက်ရာ ဂူပေါက်ဝမှာ ရှုပ်ထွေးနေတော့သည်။

လင်းနို့ကောင်ကြီးများမှာ လူ့ဘီလူးကြီးလက်ချက်ကြောင့် အတောင်ပံ ကျိုးပြီး မြေပေါ် ပြုတ်ကျသည့်အကောင်က ပြုတ်ကျ၊ အသက်သေသွားပြီး ကျသည့်အကောင်ကကျ၊ အချို့လည်း မသေမရှင်နှင့် လွင့်ကျသည့်အကောင်များ ရှိသလို. . .

လူ့ဘီလူးကြီး တစ်ကိုယ်လုံးမှာလည်း လင်းနို့ကြီးများ ဝိုင်းဝန်းကိုက်ဖဲ့ခြင်းကြောင့် အသားများ အကွင်းလိုက် အကွင်းလိုက် ပြုတ်ထွက်





ကုန်ရာ သွေးများ နီရဲနေတော့သည်။

"အဘ. . . ဘယ်လိုလုပ်မလဲ၊ အခုအချိန်မှာ အပြင်ထွက်လို့ ဖြစ်ပါ့မလား"


"ဒီအချိန်မှာ အပြင်ထွက်သွားရင် လင်းနို့တွေရဲ့အစာ ဖြစ်သွားမှာပေါ့၊ အခုအချိန်မှာ ဂူထဲ ပြန်ဝင်ပုန်းနေပြီး ညဘက် လင်းနို့ကြီးတွေ အစာရှာ ထွက်သွားတော့မှပဲ အေးအေးဆေးဆေး ပြန်ထွက်ကြတာပေါ့"

ထိုသို့ပြောနေသည့်အချိန်မှာပင် တစ်စတစ်စနှင့် များပြားလာသော လင်းနို့ကြီးများ ဝိုင်းအုံတိုက်ခိုက်မှုကြောင့် လူ့ဘီလူးကြီးမှာ ဘယ်လိုမှ မတတ်နိုင်တော့ဘဲ လဲကျသွားသည်ကို လှမ်းမြင်ရသည်နှင့် ဂူအတွင်းသို့ တစ်ကျော့ပြန်ဝင်ကာ ကျောက်တုံးကျောက်ဆောင်များကြားမှာ ဝင်ရောက်ပုန်းအောင်းနေကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

# အသည်းနှလုံးကြားမှ သင်္ကြားပေးသော ချစ်ခြင်းမေတ္တာ

BURMESE CLASSIC

နံနက်လင်းသောအခါ ဂူပေါက်ဝတစ်ခုလုံးမှာ လင်းနို့ကြီးများဖြင့် မည်းနေလေတော့သည်။

လင်းနို့ကြီးများမှာ အပေါ်နံရံကို အတောင်မှာ ပါသော လက်သည်းချိတ်များဖြင့် ချိတ်ဆွဲကာ ဇောက်ထိုးလုပ်နေကြလေသည်။

ဦးခေါင်းများမှာ အုန်းသီးလုံးခန့်ကြီးပြီး မကောင်းဆိုးဝါး မျက်နှာမျိုးဖြင့် ကြောက်စရာကောင်းလှသည်။

၎င်းတို့သည် နံနက်ပိုင်းတစ်ချိန်လုံး တစ်ကောင်နှင့်တစ်ကောင် ရန်ပြုနေကြရင်း အော်ဟစ်ဆူညံနေကြသည်။

အချို့လည်း ပါးစပ်ထဲမှာ ကိုက်ချီလာသောအစာများကို ထို



www.burmeseclassic.com

www.burmeseclassic.com



နေရာရောက်တော့မှ တဖြည်းဖြည်း စားသောက်နေကြသည်။

ထိုဂူအတွင်းမှာ လင်းနို့ကြီးများ မြောက်များစွာ ရှိကြလေသည်။

နေ့လယ်ဘက် အလင်းရောင် ရသောအခါ တဖြည်းဖြည်းနှင့် ဆူညံသံများ တိတ်ဆိတ်သွားလေသည်။

နေ့အချိန်ရောက်သောအခါ အလင်းရောင် ကြောက်ကြသည့် မိစ္ဆာကောင်ကြီးများ အနားယူ အိပ်ကြလေပြီ။

လင်းနို့သတ္တဝါများမှာ ညအချိန်ရောက်မှ အစာရှာထွက်လေ့ရှိကြရာ ထိုအချိန်ရောက်မှ ဂူအတွင်းမှ အပြင်ထွက်လေ့ ရှိကြသော နာဂလူရိုင်းများမှာ ၎င်းတို့အစာအတွက် ပစ်မှတ်များ ဖြစ်လာကြလေသည်။

လူရိုင်းများကလည်း ထိုလင်းနို့ကြီးများကို မကောင်းဆိုးဝါးများသဖွယ် ကြောက်ရွံ့ကြဟန်ရှိပေသည်။

နေ့အလင်းရောင် ကြောက်သော လူရိုင်းများက ညအချိန်ရောက်မှ အပြင်ထွက်ကြလေ့ရှိရာ အမှောင်ကြိုက်သော လင်းနို့ကြီးများ၏သုတ်ဆွဲစားသောက်ခြင်းကို ခံကြရခြင်းဖြစ်ပေသည်။

နေ့လယ်ဘက် လင်းနို့ကြီးများ ငြိမ်သက်သွားသောအခါ သုံးယောက်သား ကျောက်တုံးများကို မှီပြီး တရေးတမော အိပ်ကြရသည်။

ပြန်နိုးလာသောအချိန်မှာ နေဝင်ချိန် ရောက်နေချေပြီ။ ဂူအတွင်းမှာ ကျောက်သွေးများ သောက်ခဲ့ရသောကြောင့် အစားအသောက် မစားရပါဘဲနှင့် အားပြည့်နေကြလေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ လင်းနို့ကြီးများ တစ်ကောင်ပြီးတစ်ကောင် အပြင်သို့ ပျံထွက်သွားကြလေသည်။ ညဦးပိုင်းအချိန်ရောက်တော့ ဂူအတွင်းမှာ တစ်ကောင်မှ မကျန်တော့ပေ။





အပြင်ဘက်မှာတော့ ပျံဝဲနေသော အတောင်ခတ်သံနှင့် အော်သံများ ကြားနေရသေးသည်။

"ကျွန်တော်တို့ ထွက်ကြမလား အဘ"

"အခြေအနေကို ကြည့်ပြီး အခုအချိန် ထွက်တာကောင်းမယ်၊ သိပ်နောက်ကျသွားရင် လူရိုင်းတွေ တက်ချင်တက်လာနိုင်တော့ စိတ်မချရဘူး"

"ဒါဖြင့်လည်း သွားကြမယ်လေ"

"မင်းမှာ လေးနဲ့မြားနဲ့ ရှိသေးတယ်မဟုတ်လား"

"ရှိသေးတယ်"

"လင်းနို့တွေနဲ့ တွေ့ရင် မီးတုတ်ထက် အဆိပ်လူးမြား သုံးမှ ပိုစိတ်ချရတယ်"

နီမောင်က အဆိပ်လူးမြားသုံးချောင်း ကျန်သေးကြောင်း ပြောကာ လေးနှင့်မြားကို အဆင်သင့် ကိုင်ထားလိုက်ပြီး ဂူအပြင်သို့ စတင်ထွက်ကြလေသည်။

ထိုသို့ထွက်ရာမှာလည်း ဂူအတွင်းမှာ လင်းနို့ကြီးများ ကျန်မကျန်ကို သတိနဲ့ ကြည့်ပြီးမှ တဖြည်းဖြည်း ထွက်ကြရလေသည်။

ကြမ်းပြင်ပေါ်မှာတော့ လင်းနို့ချေးပုံများနှင့် အသားစများ၊ အရိုးများ၊ သွေးကွက်များက ရောထွေးလျက်ရှိလေသည်။

ထိုနေရာမှ ဂူအပြင်သို့ ရောက်တော့ မနက်ပိုင်းက လင်းနို့ကြီးများ ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် သေဆုံးသွားသော လူရိုင်းကြီး၏ အလောင်းကို တွေ့ကြရသည်။

သို့သော် အသားမရှိတော့ဘဲ အရိုးစုသာ ကျန်ခဲ့လေတော့သည်။

လင်းနို့ကြီးများကို လူရိုင်းများ ကြောက်ရွံ့ကြခြင်းမှာ ထိုအချက်

www.burmeseclassic.com



ကြောင့် ဖြစ်ပေလိမ့်မည်။

ဂူအပြင်ဘက် ရောက်သည်အထိတော့ အန္တရာယ် တစ်စုံတစ်ရာ မတွေ့ရသေးပေ။

တောင်အောက်သို့ ပြန်ဆင်းခါနီးတော့မှ အန္တရာယ်တစ်ကောင်က ရောက်လာပြီး သူတို့ကို သုတ်ယူရန် ကြိုးစားလေတော့သည်။ အခြားမဟုတ်ပေ. . .။

ထိုနေရာတဝိုက်မှာပင် ရှိနေသေးသော လင်းနို့ကြီးတစ်ကောင်က လာရောက်ပြီး သူတို့ကို သုတ်ယူရန် ကြိုးစားလေတော့သည်။

ဦးဇန်ကောင်းက သူ့ဆီ ဝဲဆင်းလာသော လင်းနို့ကြီးကို ဓါးဖြင့် ခုတ်ပြီး နံဘေးသို့ လိမ့်ရှောင်ပေးလိုက်သောကြောင့် လွတ်သွားသည်။

လင်းနို့ကြီးက ကောင်းကင်သို့ ပျံတက်သွားပြီးနောက် တစ်ကျော့ပြန်ဆင်းလာသောအခါ စာမရီကို သုတ်ဆွဲလေတော့သည်။

စာမရီက ကြောက်လန့်တကြားနှင့် အော်ဟစ်ကာ ရှောင်တိမ်းပြေးသော်လည်း မလွတ်ဘဲ လင်းနို့ကြီးက ကုတ်ဆွဲသွားလေတော့သည်။

"အား. . . အစ်ကိုရေ. . . ကျွန်မကို ကယ်ပါဦး"

နီမောင်က အခြေအနေကို ကြည့်ပြီး တုံ့ဆိုင်းမနေတော့ဘဲ လက်ထဲမှာ အသင့်ပါလာသော အဆိပ်လူးမြားဖြင့် ပစ်လေသည်။ အတောင်ပံကို ဖောက်ဝင်သွားပြီး လင်းနို့၏ကိုယ်ကို မြားတံက စိုက်ဝင်သွားလေသည်။

"ဖောက်. ."

"ဒုတ်. . ."

မြားချက်ထိသွားသည်နှင့် လင်းနို့ကြီးက စာမရီကို လွှတ်ချလိုက်ရာ တောင်စွန်းအစပ်နားမှာ ပြုတ်ကျသွားလေတော့သည်။ အကယ်၍





သာ အနည်းငယ် နောက်ကျသွားပါက တောင်အောက်သို့ ပြုတ်ကျသွားမည်မှာ အသေအချာပင်ဖြစ်၏။

စာမရီကို လွှတ်ချလိုက်ပြီးနောက် ထိသေအဆိပ်ကြောင့် လင်းနို့ကြီးမှာလည်း တောင်အောက်သို့ ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားလေတော့သည်။

စာမရီမှာလည်း သတိမေ့သွားလေတော့သည်။

"နီမောင်ရေ. . . သူ့ကို ပွေ့ချီပြီးသာ ခေါ်ခဲ့ပေတော့၊ တောင်ခြေကို မြန်မြန်ပြန်ရောက်မှ ဖြစ်မယ်၊ နောက်ထပ်အန္တရာယ်တွေ ရောက်လာရင် ခက်မယ်"

ဦးဇန်ကောင်းက ပြောသဖြင့် သတိမေ့နေသော စာမရီကို ပွေ့ယူပြီး တောင်ပေါ်မှ ပြန်ဆင်းရန် ပြင်ကြလေသည်။

တက်လာစဉ်က အသုံးပြုခဲ့သော ကြိုးများကိုပင် အသုံးပြုပြီး ခက်ခက်ခဲခဲ ပြန်ဆင်းကြရလေသည်။

နောက်ဆုံး တောင်ခြေမှာ ရှိသော တောအုပ်အတွင်းသို့ ပြန်ရောက်သွားကြသည်။ ထိုနေရာရောက်မှပင် အတန်အသင့် စိတ်သက်သာရာ ရသွားကြလေတော့သည်။

တောထဲရောက်တော့မှ စာမရီလည်း ကျောက်သွေးကို ရေနှင့် ဖျော်ပြီးတိုက်တော့မှ သတိပြန်ရလာတော့သည်။

ထို့နောက်မှာတော့ ဝိညာဉ်ဖြူတောင်နှင့် ဝေးနိုင်သမျှ ဝေးဝေး ရောက်အောင် ခရီးဆက်ခဲ့ကြသည်။

ထိုခရီးမှာ သူတို့အတွက် အန္တရာယ်များသော်လည်း အောင်မြင်သော ခရီးစဉ်တစ်ခုဖြစ်ခဲ့လေသည်။

ဦးဇန်ကောင်းမှာ ၎င်းအလိုရှိသော အဆက်အလုစ် ခေါ် အသက်ရှည်ဆေးပင်များအပြင် ကျောက်သွေးများပါ ရလာသော

www.burmeseclassic.com



ကြောင့် များစွာကျေနပ်နေဟန် ရှိနေလေသည်။

နီမောင်အတွက်ကတော့ စာမရီ ပါလာသောကြောင့် ကျေနပ်စရာဖြစ်နေလေသည်။

"တောင်ညိုရွာ ပြန်ရောက်ရင် ကျွန်မကို ထားခဲ့မှာလားဟင်"

"စာမရီက နေခဲ့ချင်လို့လား၊ ကိုယ့်သဘော ပြောရရင်တော့ မထားခဲ့ချင်ဘူး၊ တန်ပရဲ့ဝိညာဉ်ကို ကတိပေးပြီးသားလည်း ဖြစ်နေတော့. . ."

နီမောင် စကားမဆက်ဘဲ စာမရီကို အကဲခတ်သလို တစ်ချက်ကြည့်သည်။

"အစ်ကိုတန်ပကို ကတိပေးထားမိလို့ ကျွန်မကို ခေါ်သွားချင်တာလား"

"မဟုတ်ပါဘူး. . . စိတ်ထဲကကို ခေါ်သွားချင်နေတာပါ"

"ကျွန်မက ဘယ်လိုသဘောမျိုးနဲ့ လိုက်ခဲ့ရမှာလဲ"

"ကိုယ့်ချစ်သူအနေနဲ့ ခေါ်သွားမှာပါ၊ ကိုယ်က တန်ပ ပြောလို့ ခေါ်သွားတာ မဟုတ်ပါဘူး၊ စိတ်ထဲက စာမရီအပေါ်မှာ တကယ်ချစ်နေမိလို့ ဒီစကားပြောတာပါ၊ ကိုယ်ပြောတာကိုရော စာမရီအနေနဲ့ လက်ခံမယ် မဟုတ်လားဟင်"

"ကျွန်မက နာဂအမျိုးသမီးတစ်ယောက် ဖြစ်ပေမယ့် ချစ်ခြင်းမေတ္တာကိုတော့ တန်ဖိုးထားတတ်ပါတယ်၊ ကျွန်မ အစ်ကို့ရဲ့မေတ္တာကို တန်ဖိုးထားပါတယ်၊ ကျွန်မကို ဒီဘဝထဲက ကယ်တင်ပေးတဲ့အတွက် အစ်ကို့ကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး စာမရီရယ်၊ မေတ္တာတရားကို တန်ဖိုးထားတတ်တဲ့ ချစ်သူတွေရဲ့ကြားမှာ ကျေးဇူးတရား မလိုပါဘူး၊ သစ္စာတရားပဲ လိုပါတယ်၊ ကိုယ် စာမရီရဲ့အပေါ်မှာ တစ်သက်လုံး





သစ္စာရှိရှိနဲ့ လက်တွဲသွားပါ့မယ်လို့ ကတိပေးပါတယ်"

"ဒီစကားကြားရတာ ကျွန်မရင်ထဲမှာ ပြောမပြနိုင်လောက်အောင် ဝမ်းသာပါတယ် အစ်ကိုရယ်"

ဟု ပြောကာ နီမောင်လက်မောင်းတစ်ဖက်ကို အားကိုးတကြီးဖြင့် ဖက်တွယ်ထားလိုက်လေသည်။

နီမောင်ကလည်း သူမ၏ပခုံးကို ဖက်ပြီး ရင်ခွင်ထဲသို့ သွင်းကာ ခပ်တင်းတင်းလေး ထွေးပွေ့ကာ နှစ်သိမ့်မှု ပေးလိုက် လေသည်။

တကယ်တော့ ချစ်သူနှစ်ဦးအတွက် စစ်မှန်သော ချစ်ခြင်းမေတ္တာသာလျှင် အရေးကြီးဆုံး၊ အလိုအပ်ဆုံး၊ တန်ဖိုးထားရမည့်အရာအဖြစ်ဆုံး ဆိုသည်ကိုတော့ အသည်းနှလုံးက တဖြည်းဖြည်းနှင့် သင်ကြားသွားပေလိမ့်မည်။ ထိုသင်ကြားမှုကို လိုက်နာဖို့အတွက်ကတော့ ချစ်သူတို့တာဝန်သာ ဖြစ်ပေတော့သည်။

ထိုတာဝန်ကို ထမ်းဆောင်ရန် အဆင်သင့် ဖြစ်နေပြီ ဖြစ်သော နီမောင်နှင့် စာမရီတို့နှစ်ယောက်အတွက်ကတော့ သာယာဖြောင့်ဖြူးသော ချစ်ခရီးလမ်းက ဆီးကြိုနေပြီ ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(လင်းနို့မိစ္ဆာဂူ)အမည်ရှိဂမ္ဘီရဆန်းကြယ်ဝတ္ထုမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ဇာတ်သိမ်း။ ။ (၂၀၁၀)ခုနှစ်၊ ဇူလိုင်လ(၂၄)ရက်၊ စနေနေ့၊ ည(၉)နာရီ။